ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇန်နဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

ချမ်းသာခြင်းအကြောင်းတရား

ကောင်းမှုကို တစ်ကြိမ်တစ်ခါပြုပြီးသော်လည်း ထပ်ကာထပ်ကာပြုလုပ်ရာ၏။ ပြုနိုင်အောင်လည်း အားထုတ်ရာ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုဟူသည် ချမ်းသာခြင်း၏ အကြောင်းတရားဖြစ်သောကြောင့်တည်း။ ကောင်းမှုကို အခါမလပ် ပြုလုပ်နိုင်အောင် ကြိုးစားအပ်၏။

ပါဠိ(ဓမ္မပဒ-၁၁၈)

၁၃၈၀ ပြည့်နှစ် ဝါခေါင်လဆန်း ၉ ရက်၊ တနင်္လာနေ့။ Monday 20 August 2018 ၉၃၈၄

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်
အလုပ်သဘောချစ်ကြည်ရေးခရီးစဉ်အဖြစ် စင်ကာပူနိုင်ငံသို့ရောက်ရှိ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား စင်ကာပူနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာန ဝါရင့်ဒုတိယဝန်ကြီး Dr. Mohamad Maliki Bin Osman က ကြိုဆိုနှုတ်ဆက်စဉ်။

နေပြည်တော် ဩဂုတ် ၁၉

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် စင်ကာပူ သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်လုံး၏ ဖိတ်ကြားချက်အရ စင်ကာပူနိုင်ငံသို့ အလုပ်သဘောချစ်ကြည်ရေးခရီးသွားရောက်ရန် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ဇနီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံရုံး ယာယီတာဝန်ခံနှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

တာဝန်ရှိသူများလိုက်ပါ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့

လူငယ်ဘက်စုံဖွံ့ဖြိုးမှုမှ နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးမှုသို့

စာမျက်နှာ » ၇

ကလေးမြို့ သီတဂူအာရောဂျဒါနဆေးရုံတော်တွင် မျက်စိဝေဒနာရှင်များအား (၁၂)ကြိမ်မြောက် အခမဲ့ဆေးကုသပေးမည်

စာမျက်နှာ » ၈

ကိုရီးယားစစ်ပွဲအတွင်း ကွဲကွာသွားသော မိသားစုဝင်များအား ပြန်လည်တွေ့ဆုံခွင့်ပြုမည်

စာမျက်နှာ » ၁၂

KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by World Finance
Awarded by Euromoney
Awarded by The FinanceAsia

ကြေးမုံ

သမိုင်းပေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်တို့မှ တာဝန်ရှိသူများနှင့် ဩဂုတ်လ ၁၈ ရက်က တွေ့ဆုံစဉ် "မိမိတို့အားလုံးသည် သမိုင်းပေးအခြေအနေအရ မိမိပခုံးပေါ်သို့ ကျရောက်လာသည့် တာဝန်များကို မိမိဖြတ်သန်းသည့် ကာလတစ်ခုတွင် မိမိတို့ လုပ်ဆောင်ချက်များကို နောင်မျိုးဆက်သစ်များက တန်ဖိုးဖြတ်မည်ဖြစ်သည့်အတွက် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားကြရန်" မှာကြားခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကွင်းဆင်းကာ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ အရှိန်အဟုန်တိုးမြှင့် ပြောင်းလဲနိုင်အောင် ဒေသဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပွဲများပြုလုပ်ကာ လိုအပ်သည်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ လမ်းညွှန်မှာကြားခြင်းများ ဆောင်ရွက်နေသည်ကို တွေ့ရသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် နိုင်ငံသူ နိုင်ငံသားအားလုံး၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးသက်ဆိုင်ရာ တာဝန်ရှိသူများအားလုံးက ဝိုင်းဝန်းဆောင်ရွက်မှသာ ပြုပြင်ပြောင်းလဲမှု မြန်ဆန်စွာ အောင်မြင်မည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတက ပြောကြားခဲ့သည်။

ပြုပြင်ပြောင်းလဲရေးသည် နိုင်ငံသူ၊ နိုင်ငံသားများအားလုံး လိုလားတောင့်တနေသော ဆန္ဒအမှန်ဖြစ်သည်။ ပြည်သူများ၏ လိုလားချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက မခိုမကပ်ဘဲ သွက်သွက်လက်လက် ဝိုင်းဝန်းဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံသည် ဆယ်စုနှစ်များစွာ ဒီမိုကရေစီစနစ်နှင့် ကင်းကွာခဲ့သောနိုင်ငံဖြစ်ရာ ထိုသို့ဆောင်ရွက်မှသာ ဒီမိုကရေစီခရီးလမ်းကို ဖြောင့်တန်းစွာလျှောက်လှမ်းနိုင်မည်ဖြစ်သည်။ ထိုတာဝန်ကို ကဏ္ဍအလိုက် တာဝန်ယူ ဆောင်ရွက်နေကြသည့်သူများသာမက ပြည်သူများအားလုံးတွင်ပါ တာဝန်ရှိပြီး တာဝန်ကျေပွန်စွာ ဆောင်ရွက်နိုင်ခြင်းရှိ၊ မရှိကိုမူ နောင်အနာဂတ်မျိုးဆက်သစ်များက ဆုံးဖြတ်ကြပေလိမ့်မည်။

လက်ရှိတွင် လွန်ခဲ့သည့် ဆယ်စုနှစ်များစွာက ပြုပြင်ပြောင်းလဲဆောင်ရွက်နိုင်ခြင်းမရှိမှု၊ အများပြည်သူ အကျိုးစီးပွားကို ရှေးရှုခြင်းမရှိမှု၊ မှားယွင်းလုပ်ကိုင်မှုများကို သင်ခန်းစာရယူပြီး မျက်မှောက်ကာလ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ လူမှုဘဝအဆင်ပြေချောမွေ့စေရေး၊ နိုင်ငံကို ပြုပြင်ပြောင်းလဲတည်ဆောက်ရေး လုပ်ငန်းများကို သက်ဆိုင်သူများအားလုံးက နိုင်ငံတော်သမ္မတ လမ်းညွှန်မှာကြားသည့်အတိုင်း တွန့်ဆုတ်ခြင်း၊ စိုးရိမ်ခြင်း၊ ဝန်လေးခြင်းမရှိဘဲ ပြုပြင်ပြောင်းလဲရေး ရေစီးကြောင်းတွင် တက်ညီလက်ညီ လိုက်ပါဆောင်ရွက်နိုင်အောင် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ဆောင်ရွက်ကြရာတွင် ပိုမိုကောင်းမွန်သော အနာဂတ်ဖြစ်လာအောင် ကြိုးပမ်းတည်ဆောက်ကြရမည်ဖြစ်သည်။ ပွင့်လင်းမြင်သာမှုဖြင့် ပြည်သူ့အကျိုးကို ဦးလည်မသုန် ထမ်းရွက်ကြရမည်ဖြစ်သည်။ ပြည်သူများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေး၊ ပြည်သူများနစ်နာမှု မဖြစ်စေရေး၊ ပြည်သူများအကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကဏ္ဍများတွင် နိုင်ငံတော်က မူဝါဒများချမှတ်ပေးထားပြီးဖြစ်သည်။ ထို့ကြောင့် ချမှတ်ပေးထားသော မူဝါဒများနှင့်အညီ တိတိကျကျ၊ မှန်မှန်ကန်ကန်၊ မြန်မြန်ဆန်ဆန်ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုကြီးနှင့် တိုင်းရင်းသားပြည်သူအားလုံး လိုလားသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးပန်းတိုင်ကို နိုင်ငံတော်က ချမှတ်ထားပြီးဖြစ်သည်နှင့်အညီ ကဏ္ဍအလိုက်၊ ဒေသအလိုက် တာဝန်ရှိသူအားလုံးတို့က နိုင်ငံတော်၏မူဝါဒများ၊ လုပ်ငန်းစဉ်များ၊ ညွှန်ကြားချက်များကို တက်ညီလက်ညီ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် သမိုင်းပေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။ ။

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို စက်မှုသင်တန်းကျောင်း(မုံရွာ)ဖွင့်လှစ်မည့်နေရာအား ကြည့်ရှု

နေပြည်တော် ဩဂုတ် ၁၉

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ဩဂုတ် ၁၆ ရက် ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည် စက်မှုဇုန်ရှိ အမှတ် (၁၆) အကြီးစားစက်ရုံသို့ ရောက်ရှိပြီး မှန်ရည်ကျိုမီးဖိုနှင့် အနံ ၁၂ ပေရှိ စျေးကွက်ဝင်မှန်များ ထုတ်လုပ်နိုင်ရေးအတွက် ထုတ်လုပ်မှုလိုင်းအသစ်တစ်ခုလုံး အဆင့်မြှင့်တပ်ဆင်ပြီးစီးမှုအခြေအနေ၊ မှန်အရည်အသွေးကောင်းမွန်ရေးအတွက် ဟိုက်ဒရိုဂျင်နှင့် နိုက်ထရိုဂျင်ထုတ်လုပ်ရေးအလုပ်ရုံတို့အား ပြင်ဆင်ပြီးစီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဩဂုတ် ၁၇ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ အမှတ် (၆) အထည်စက်ရုံခွဲနေရာတွင် အိန္ဒိယနိုင်ငံ၏ အထောက်အပံ့ဖြင့် စက်မှုသင်တန်းကျောင်းအသစ် ဖွင့်လှစ်နိုင်ရေးအတွက် ပြင်ဆင်ထားရှိမှုအခြေအနေနှင့် ဝန်ထမ်းအိမ်ရာ တည်ဆောက်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး စာသင်ခန်းများ၊ လက်တွေ့သင်ကြားမည့် အခန်းများနှင့် သင်ထောက်ကူပစ္စည်းများ ထားရှိမည့် Layout Plan များကို စနစ်တကျ ရေးဆွဲထားရန်၊ သင်ကြားမည့် ဘာသာရပ်အလိုက် သင်ရိုးညွှန်းတမ်းများကို ကြိုတင်ရေးဆွဲထားရန်၊ အမှန်တကယ် ကျွမ်းကျင်တတ်မြောက်သော စက်မှုကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးအတွက် စာသင်ခန်းများနှင့် အလုပ်ရုံတွဲလျက် သင်တန်းမဆင်းမီကပင် အသေးစိတ် လက်တွေ့သင်ကြားပေးရန်နှင့် သင်တန်းနည်းပြများကိုလည်း လက်တွေ့ကျသော မွမ်းမံသင်တန်းများ ပြုလုပ်ပေးသွားရန်မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ဩဂုတ် ၁၈ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ အမှတ်(၂) စက်မှုသင်တန်းကျောင်းသို့ ရောက်ရှိလာရာ ကျောင်းအုပ်ကြီးက သင်တန်းသားများအား စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြားနေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက သင်တန်းသားများအား လက်တွေ့နယ်ပယ်တွင် ပြန်လည်အသုံးချနိုင်သည့် ဘာသာရပ်များကို သင်ကြားပေးရန်၊ လက်ရှိသင်ကြားနေသည့် ဘာသာရပ်များကိုလည်း လက်ရှိအချိန်နှင့် လျော်ညီအောင် ပြောင်းလဲပြင်ဆင်မှုများ ပြုလုပ်ရန်၊ စာတွေ့နှင့် လက်တွေ့ပေါင်းစပ် သင်ကြားရန်၊ နိုင်ငံတော်ကို အထောက်အကူပြုမည့် စက်မှု ကျွမ်းကျင်လုပ်သားများ ဖြစ်အောင် လေ့ကျင့်သင်ကြားပေးရန်၊ နည်းပြများအနေဖြင့် တိုးတက်လာသည့် နည်းပညာသစ်များ ရရှိရေးအတွက် စဉ်ဆက်မပြတ် လေ့လာသင်ယူကြရန် မှာကြားသည်။ ယင်းနောက် သင်တန်းသားများ လက်တွေ့ပြုလုပ်ထားသည့် ပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လက်တွေ့ အသုံးချနိုင်သော ပစ္စည်းများဖြစ်စေရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက် ကြေညာချက်ထုတ်ပြန်

နေပြည်တော် ဩဂုတ် ၂၀

၁။ ၂၀၁၉ ခုနှစ်တွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲနှင့်ပတ်သက်၍ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ သိရှိနိုင်ရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

၂။ တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ခွင့်လျှောက်လွှာပုံစံများကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတွင် ၂၀၁၈-ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့မှစတင်၍ ကျပ် ၂၀၀ နှုန်းထားဖြင့် ရောင်းချပေးမည်ဖြစ်ပါသည်။

၃။ စာမေးပွဲဝင်ခွင့် လျှောက်လွှာတင်သွင်းရာ၌ ဘာသာတွဲ အမှတ်စဉ် (၁)၊ (၅)၊ (၆)၊ (၇)၊ (၈) များဖြင့် ဖြေဆိုမည့်သူများအတွက် အစိမ်းရောင်ဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့် လည်းကောင်း၊ ဘာသာတွဲ အမှတ်စဉ် (၂)၊ (၃)၊ (၄) များဖြင့် ဖြေဆိုမည့်သူများအတွက် ပန်းရောင်ဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့် တင်သွင်းရန် အရောင်နှစ်မျိုး ခွဲခြားသတ်မှတ်ထားပါသည်။

၄။ ပြင်ပဖြေဆိုရန် လျှောက်လွှာတင်သွင်းသူများ၏ စာမေးပွဲဝင်ကြေးငွေကို သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများတွင် စာမေးပွဲဝင်ကြေးအတွက် ကျပ် ၇၀၀ တန် ငွေသွင်းတံဆိပ်ခေါင်းများ ဝယ်ယူပြီး ဝင်ခွင့်လျှောက်လွှာ၏ လက်ဝဲဘက်ထိပ်ပိုင်းတွင် ကပ်၍ မိမိတို့ အမှန်တကယ်နေထိုင်သည့် မြို့နယ်ပညာရေးမှူးရုံးတွင် ၂၀၁၈-ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့မှ စက်တင်ဘာလ ၂၈ ရက်နေ့အတွင်း တင်သွင်းကြရမည် ဖြစ်ပါသည်။

၅။ အခြေခံပညာအထက်တန်းကျောင်းများ၊ ကျောင်းခွဲများ၊ တွဲဖက်ကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ဖြေဆိုရန် လျှောက်လွှာတင်သွင်းမည့် ကျောင်းသား ကျောင်းသူများ၏ စာမေးပွဲဝင်ကြေးအတွက် ကျောင်းအုပ်ကြီးများသည် စာမေးပွဲဝင်ကြေး ကျပ် ၇၀၀ တန် ငွေသွင်းတံဆိပ်ခေါင်းများ ဝယ်ယူပြီး လျှောက်လွှာတစ်စောင်ချင်းတွင် ကပ်၍ စုပေါင်းပြီး မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ ၂၀၁၈-ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့မှ စက်တင်ဘာလ ၂၈ ရက်နေ့အတွင်း သတ်မှတ်ရက်အမီ တင်သွင်းကြရမည် ဖြစ်ပါသည်။

၆။ သတ်မှတ်ထားသော ရက်များအတွင်း အချိန်မီပေးပို့ခြင်း မရှိသူများသည် စာမေးပွဲဖြေဆိုခွင့်ရရှိကြမည်မဟုတ်ကြောင်းနှင့် စာဖြေသူ တင်သွင်းသည့် စာမေးပွဲဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားတွင် ဖော်ပြပါရှိသည့် ဘာသာတွဲမှအပ အခြားဘာသာတွဲသို့ ပြောင်းလဲဖြေဆိုခွင့် ပြုမည် မဟုတ်သဖြင့် မိမိဖြေဆိုမည့် ဘာသာတွဲအလိုက် ပုံစံများ မှန်ကန်မှု ရှိ၊ မရှိ သေချာစွာ စစ်ဆေးပြီး မှန်ကန်စွာ ဖြည့်စွက်ပေးပို့ကြရန် ဖြစ်ကြောင်း သတိပြုစေလိုပါသည်။

၇။ လျှောက်လွှာပုံစံများနှင့် ငွေသွင်းတံဆိပ်ခေါင်းများကို နေပြည်တော်၊ ရုံးအမှတ် (၅၂)၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန (ရုံးချုပ်)၊ ရန်ကုန်မြို့ လှိုင်မြို့နယ်၊ လှိုင်တက္ကသိုလ်နယ်မြေ၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန (ဇွဲကပင်ဆောင်)နှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၊ အမှတ် (၁၆၆)၊ လသာလမ်း၊ ရန်ကုန်မြို့တို့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

သင့်စီးပွားရေးအောင်မြင်ဖို့ ကြေးမုံသတင်းစာမှာ ကြော်ငြာစို့

ကြေးမုံ

ခေတ္တစာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ဧပြီ ၁၈ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၃၃၅၁

✪ **ရွှေဖုံးမှ**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် စင်ကာပူနိုင်ငံသို့ ရောက်ရှိကြရာ စင်ကာပူနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာန ဝါရင့်ဒုတိယဝန်ကြီး Dr.Mohamad Maliki Bin Osman၊ စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးငွေအောင်နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး Ms.Vanessa Chan၊ စစ်သံမှူး ဗိုလ်မှူးကြီး ဝင်းမြတ်နှင့်ဇနီး၊ မြန်မာသံရုံးဝန်ထမ်းမိသားစုများနှင့် တာဝန်ရှိသူများက စင်ကာပူနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ခေတ္တတည်းခိုမည့် ရှန်ဂရီလာဟိုတယ်သို့ ရောက်ရှိရပ်နားကြသည်။

သတင်းစဉ်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့အား တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၉-၈-၂၀၁၈

မြိတ်	၅	ဒသမ	၀၀	လက်မ
ထားဝယ်	၄	ဒသမ	၃၀	လက်မ
လှိုင်းဘွဲ့	၃	ဒသမ	၉၃	လက်မ
ဆော	၃	ဒသမ	၆၅	လက်မ
လောင်းလုံး	၃	ဒသမ	၅၈	လက်မ
ရေး	၃	ဒသမ	၃၈	လက်မ
ပေါင်	၃	ဒသမ	၃၈	လက်မ
ရှမ်းရွာသစ်	၂	ဒသမ	၇၂	လက်မ
သံတွဲ	၂	ဒသမ	၆၇	လက်မ
ပူတာအို	၂	ဒသမ	၅၅	လက်မ
မင်းတပ်	၂	ဒသမ	၅၅	လက်မ
ရမည်းသင်း	၂	ဒသမ	၄၃	လက်မ
ပိုင်ကျုံ	၂	ဒသမ	၄၀	လက်မ
ကော့ကရိတ်	၂	ဒသမ	၃၆	လက်မ

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူများအား ထောက်ပံ့

ရွှေကျင် ဩဂုတ် ၁၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နှင့် ကျောက်ကြီးမြို့များသို့ရောက်ရှိပြီး မသန်စွမ်းသူများကို အားပေးထောက်ပံ့ခြင်း အခမ်းအနားများသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနသည် ပြည်သူများ တိုက်ရိုက်အကျိုးရှိစေမည့် လူမှုကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မသန်စွမ်းသူများကိုလည်း ၎င်းတို့ရရှိမည့် အခွင့်အရေး အပြည့်အဝရရှိရေး၊ စွမ်းဆောင်ရည်မြင့်မားရေး၊ ပါဝင်ဆောင်ရွက်နိုင်ရေး၊ အလုပ်အကိုင်ရရှိရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မသန်စွမ်းသူများကို မသန်စွမ်းအဆင့် သတ်မှတ်ထားရှိပြီး ပံ့ပိုးထောက်ပံ့မှုများ ပြုနိုင်အောင်လည်း ကြိုးပမ်းလျက်ရှိပါကြောင်း၊ မသန်သော်လည်း စွမ်းကြသူများဖြစ်စေရန် အစိုးရ၊ ပြည်သူများ၊ လူမှုအဖွဲ့အစည်းများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လည်း တိုက်တွန်းပါကြောင်းဖြင့် ပြောကြားပြီး အုတ်တွင်းမြို့နယ်ရှိ မသန်စွမ်းသူများအတွက် ငွေကျပ် ၂၀၈ ဒသမ ၈ သိန်း၊ ကျောက်ကြီးမြို့နယ်ရှိ မိုင်းဒဏ်ရာကြောင့် မသန်စွမ်းသူများအတွက် ငွေကျပ် သိန်း ၅၀ တို့ကို ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မဒေါက်မြို့သို့ရောက်ရှိကြပြီး စစ်တောင်းမြစ်ရေ တိုက်စားမှုကြောင့် ပျက်စီးသွားသော တံခွန်တိုင်ဘုန်းတော်ကြီးကျောင်းရှေ့ မီးရထားလမ်းဟောင်းနေရာကို ကြည့်ရှု၍ အရေးပေါ်လိုအပ်လျက်ရှိသော တံတားပြန်လည်တည်ဆောက်နိုင်ရေးအတွက် ထောက်ပံ့ငွေကျပ် သိန်း ၁၅၀ ပေးအပ်ခဲ့ပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသော လယ်ယာမြေများ၊ စိုက်ပျိုးသီးနှံများ၊ လမ်း၊ တံတားများနှင့် အခြေခံအဆောက်အအုံများ အမြန်ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လိုအပ်ချက်များကို ညှိနှိုင်းခဲ့သည်။

ထို့နောက် ရွှေကျင်မြို့သို့ရောက်ရှိကြပြီး မိုင်းဒဏ်ရာကြောင့် မသန်စွမ်းဖြစ်သူများကို တွေ့ဆုံအားပေးကာ ထောက်ပံ့ငွေကျပ် ၇၄ သိန်းနှင့် ရေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၅၄၃၉၀၀ ကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ဆက်လက်၍ ရွှေကျင်မြို့နယ်ရှိ ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် အခြေအနေများ၊ ပြန်လည်ထူထောင်ရေးဆောင်ရွက်မည့် အစီအမံများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဩဂုတ် ၁၉

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်သည် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ Pullman Centre Point Hotel ၌ ပြုလုပ်သည့် ကမ္ဘာလှည့်ခရီးသွားများ အဆင်ပြေချောမွေ့စွာ ဝင်ရောက်နိုင်ရေးနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားများ အဆင်ပြေချောမွေ့စွာ ဝင်ရောက်နိုင်ရေးနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဆီယံ+၃ နိုင်ငံများမှ ခရီးသွားများ မြန်မာနိုင်ငံသို့ အဆင်ပြေချောမွေ့စွာ ဝင်ရောက်လည်ပတ်နိုင်ရေးအတွက် လိုအပ်သည့် လုပ်ငန်းစဉ်များကို ဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများ ပူးပေါင်း၍ အဆင့်ဆင့်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့၍ ခရီးသွားများပိုမိုဝင်ရောက်လာပါက မြန်မာနိုင်ငံခရီးသွားလုပ်ငန်း တိုးတက်လာမည်ဖြစ်သဖြင့် ဆောင်ရွက်ရန်လိုအပ်သည့် ကိစ္စရပ်များကို ဆွေးနွေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆောင်ရွက်ရန်လိုအပ်မည့် အချက်များနှင့် အစီအမံများကို တင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ညနေပိုင်းတွင် Lottee Hotel ၌ ပြုလုပ်သည့် လက်ရှိဂျပန်နိုင်ငံသာမက မြန်မာနိုင်ငံတွင်ပါ အောင်မြင်နေသည့် Mr.Morisaki Win (မိုရီဆာကီဝင်း) ကို ဂျပန်ခရီးသွားများ မြန်မာနိုင်ငံအကြောင်း ပိုမိုသိရှိလာစေရန်နှင့် ဂျပန်ခရီးသွားများ ဝင်ရောက်မှု ပိုမိုများပြားလာစေရန်အတွက် မြန်မာနိုင်ငံခရီးသွားမြှင့်တင်ရေး သံတမန် (Myanmar Tourism Promotion Ambassador) ခန့်အပ်ခြင်း အခမ်းအနားသို့ တက်ရောက်၍ နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မိုရီဆာကီဝင်းအား မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဆိုင်ရာ သံတမန် ခန့်အပ်စာကို ပေးအပ်ခဲ့သည်။ မိုရီဆာကီဝင်းသည် မြန်မာနိုင်ငံတွင် မွေးဖွား၍ ဂျပန်နိုင်ငံတွင် ကြီးပြင်းခဲ့ပြီး မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတွင်သာမက နိုင်ငံတကာတွင်လည်း လူသိများသည့် အနုပညာရှင်တစ်ဦးဖြစ်သည့်အတွက် ဂျပန်နိုင်ငံသား ခရီးသွားများအပြင် နိုင်ငံတကာမှ ခရီးသွားများကိုပါ မြန်မာနိုင်ငံအကြောင်း ပိုမိုသိရှိနိုင်ရေး မြှင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မော်ဘီစိုက်ပျိုးရေးသွင်းအားစု ထုတ်လုပ်ရေးစက်ရုံအတွင်း လှည့်လည်ကြည့်ရှုစဉ်။

✻ ကျောဖုံးမှ

အခမ်းအနားတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် တာဝန်ရှိသူများက စက်ရုံအား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက လယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းကောင်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာ့သြဘာလုပ်ငန်းစုမှ ဥက္ကဋ္ဌ ဦးသတိုးဟိန်းက မော်ဘီစိုက်ပျိုးရေးသွင်းအားစု ထုတ်လုပ်ရေးစက်ရုံ ဖြစ်ပေါ်လာပုံနှင့် စီမံကိန်းတာဝန်ခံ ဦးဉာဏ်လင်းဖြိုးက မော်ဘီစိုက်ပျိုးရေးသွင်းအားစု ထုတ်လုပ်ရေးစက်ရုံအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် တာဝန်ရှိသူများသည် မော်ဘီစိုက်ပျိုးရေးသွင်းအားစု ထုတ်လုပ်ရေးစက်ရုံအတွင်း စိုက်ပျိုးရေးသုံးပစ္စည်းများ ထုတ်လုပ်နေမှု၊ စက်ရုံအတွင်း ရေဆိုးသန့်စင်စနစ် ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါစက်ရုံဖွင့်ပွဲအခမ်းအနားသို့ မြန်မာ့သြဘာလုပ်ငန်းစုမှ တာဝန်ရှိသူများ၊ နိုင်ငံခြားသံရုံးများမှစီးပွားရေးတာဝန်ခံများ၊ IFC နှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

မြန်မာ့သြဘာလုပ်ငန်းစု၏ မော်ဘီစိုက်ပျိုးရေးသွင်းအားစု ထုတ်လုပ်ရေးစက်ရုံကို ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် ဝါးနက်ချောင်းကျေးရွာအနီး အကျယ်အဝန်း ၂၁၆ ဧကပေါ်တွင် တည်ဆောက်ထားပြီး မြန်မာနိုင်ငံတွင် ပထမဦးဆုံး စိုက်ပျိုးရေးသုံး ဓာတုပစ္စည်းများ ဖျော်စပ်ထုတ်လုပ်သည့် စက်ရုံဖြစ်သည်။

အဆိုပါစက်ရုံကို မြန်မာ့သြဘာလုပ်ငန်းစုမှ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂၅ သန်း၊ ကမ္ဘာ့ဘဏ်အဖွဲ့ဝင် နိုင်ငံတကာဘဏ္ဍာရေး ကော်ပိုရေးရှင်း (IFC)က အမေရိကန်ဒေါ်လာ ၁၀ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၅ သန်းဖြင့် ရင်းနှီးမြှုပ်နှံထားသည်။

စက်ရုံမှ စိုက်ပျိုးရေးသုံး အရည်အသွေးမြင့်သွင်းအားစုများ ထုတ်လုပ်နိုင်ရန် အဆင့်မြင့်နည်းပညာများ အသုံးပြုထားပြီး ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ပေါင်းသတ်ဆေး၊ အပင်ဟော်မုန်းဆေး အမျိုးအစား ၂၀၀ ကျော်ကို ထုတ်လုပ်သွားမည်ဖြစ်ကြောင်း၊ စက်ရုံအနေဖြင့် တိုင်းပြည်တွင်လိုအပ်နေသည့် စိုက်ပျိုးရေးသွင်းအားစုများ၏ ၅၀ ရာခိုင်နှုန်းကို ဖြည့်ဆည်းထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

မော်ဘီစိုက်ပျိုးရေးသွင်းအားစု ထုတ်လုပ်ရေးစက်ရုံကို အရည်အသွေးမြင့်သွင်းအားစုများအား တောင်သူများလက်လှမ်းမီသော ဈေးနှုန်းများဖြင့် ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရန်၊ စိုက်ပျိုးရေးသွင်းအားစုများကို ပြည်တွင်းတွင် ထုတ်လုပ်နိုင်ခြင်းဖြင့် ပြည်ပမှ သွင်းကုန်အစားထိုးနိုင်ရန်နှင့် ပြည်တွင်းစိုက်ပျိုးရေးသွင်းအားစု လိုအပ်ချက်အခြေအနေပေါ် မူတည်ပြီး လိုအပ်သလို လျင်မြန်လွယ်ကူစွာ ပြောင်းလဲထုတ်လုပ်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

✻ မြန်မာ့လက်ဝှေ့မှ

နောက်ဆုံးအချီတွင် ထွန်းထွန်းမင်း၏ခေါင်းတိုက်ချက်ကြောင့် ဒါရီလိုကုကုမှာ မေးရိုးထိပြီး အမှတ်စဉ်ရေတွက်ခြင်းခံရသော်လည်း ပူးတွဲသရေဖြင့်သာ အဆုံးသတ်ခဲ့သည်။

(၇၃)ကီလိုတန်းတွင် ရွှေရာမာန်(မြန်မာ)နှင့် ခိုဟီဟိုခဲရှိ(ဂျပန်)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ခိုဟီဟိုခဲရှိမှာ ဘယ်ညာလက်သီးတွဲလုံးများဖြင့် အတင်းဝင်ရောက်ထိုးသတ်သော်လည်း ရွှေရာမာန်က ပါးနပ်စွာ ရှောင်တိမ်းထိုးသတ်နိုင်ခဲ့ပြီး ရွှေရာမာန်၏တန်ပြန်တိုက်စစ်ကြောင့် ခိုဟီဟိုခဲရှိမှာ နဖူးပေါက်ဒဏ်ရာကြောင့် နှစ်ခါတိတိ ဆေးစစ်ခြင်းခံရပြီး စတုတ္ထအချီ ၁ မိနစ် ၄၂ စက္ကန့်တွင် ထပ်မံအနားတောင်းခဲ့ရသော်လည်း သရေပွဲဖြင့်သာ အဆုံးသတ်ခဲ့သည်။

(၅၇)ကီလိုတန်းပွဲစဉ်တွင် ရဲသွေးနီ(မြန်မာ)နှင့် ယူတာဟာမာမိုတိုကတ်(ဂျပန်)ပွဲစဉ်တွင် ရဲသွေးနီ၏ ဘယ်ဝိုက်ညာဝိုက် လက်သီးချက်များကြောင့် ယူတာ ဟာမာမိုတိုကတ်၏ ဘယ်ဘက်မျက်လုံး ဖူးရောင်ဒဏ်ရာများရရှိကာ စတုတ္ထအချီ ၂ မိနစ် စက္ကန့် ၄၀ တွင် ဒိုင်ပွဲရပ်ဖြင့် ရဲသွေးနီအနိုင်ရရှိခဲ့သည်။

ထို့အပြင် (၆၅)ကီလိုတန်းပွဲစဉ်တွင် ထွန်းလွင်မိုး(မြန်မာ)က ပြိုင်ဘက် ခါရာတီဆာရီတီဒတ်(ထိုင်း)အား အသာစီးထိုးသတ်နိုင်ခဲ့သော်လည်း သရေရလဒ်ဖြင့်သာ အဆုံးသတ်ခဲ့ပြီး ၇၀ ကီလိုတန်းတွင် ယှဉ်ပြိုင်ထိုးသတ်သည့် ဖျံသွေး(ရွှေမိုးထိငြိမ်းချမ်းရေး)နှင့် စောဂေါ်မူဒို(သတ္တိ)ပွဲစဉ်မှာလည်း သရေရလဒ်ဖြင့်သာ အဆုံးသတ်ခဲ့သည်။ အမျိုးသမီးပွဲစဉ်ဖြစ်သည့် ဘရောနီကာ(မြန်မာ)နှင့် အဟ်လီနာ မစ်ချပ်(ဘီလာရုစ်)တို့ပွဲစဉ်မှာလည်း သရေရလဒ်သာ ထွက်ပေါ်ခဲ့ပြီး ယင်းပွဲစဉ်တွင် ဘရောနီကာမှာ အသာစီး ရယူထိုးသတ်နိုင်ခဲ့သည်။

သတင်းနှင့်ဓာတ်ပုံ - ဇာနည်မောင်၊ အေးမင်းသူ

◯ အာရှအားကစားမှ

ကစားသမားနှင့် တွေ့ဆုံခဲ့ပြီး အရေးနိမ့်ခဲ့သည်။ ဝူရှူးနှင့် တိုက်ကွမ်ဒို ဒုတိယနေ့ကို ဩဂုတ် ၂၀ ရက်တွင် ဆက်လက်ကျင်းပမည် ဖြစ်သည်။ မြန်မာ တိုက်ကွမ်ဒိုအဖွဲ့သည် ယနေ့တွင် အတိုက်ပြိုင်ပွဲများ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဝူရှူးအဖွဲ့မှာမူ ထောက်လုပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်(ခေတ္တ-ဂျကာတာ)

အာရှအားကစားပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲအဖြစ် မြန်မာနှင့် အီရန် ယနေ့ကစားမည်

ဂျကာတာ ဩဂုတ် ၁၉

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပလျက်ရှိသည့် အာရှအားကစားပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲများကို ဩဂုတ် ၂၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာ ယူ-၂၃ အသင်းသည် နောက်တစ်ဆင့်တက်ရေး မျှော်လင့်ချက်အတွက် အီရန် ယူ-၂၃ အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အာရှအားကစားပြိုင်ပွဲ ယှဉ်ပြိုင်နေသည့် မြန်မာ ယူ-၂၃ အသင်း။

မြန်မာအသင်းပါဝင်သော အုပ်စု (စ)တွင် အီရန်နှင့် ဆော်ဒီအာရေဗျအသင်းက လေးမှတ်စီ၊ မြန်မာနှင့် မြောက်ကိုရီးယားအသင်းက တစ်မှတ်စီ ရထားသည်။ ပြိုင်ပွဲကျင်းပသည့်ပုံစံအရ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးနှစ်သင်းစီနှင့် တတိယနေရာရအသင်းများအနက် အကောင်းဆုံးလေးသင်းမှာ ရှုံးထွက်အဆင့်သို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်းသည် ပထမပွဲတွင် မြောက်ကိုရီးယားအသင်းနှင့် တစ်ဂိုးစီသရေကျပြီး ဒုတိယပွဲတွင် ဆော်ဒီအာရေဗျအသင်းကို သုံးဂိုးပြတ်ရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းအနေဖြင့် နောက်တစ်ဆင့် တက်ရောက်ခွင့် မျှော်လင့်ချက်အတွက် အီရန်အသင်းနှင့်ပွဲတွင် ရလဒ်ကောင်းရရန် လိုအပ်နေပြီး ယခုပြိုင်ပွဲတွင် အရှေ့တောင်အာရှအသင်းများ၏ စွမ်းဆောင်မှုများကြောင့်လည်း မျှော်လင့်ချက်များရှိနေခြင်းဖြစ်သည်။ အုပ်စုပွဲများတွင် မလေးရှားက လက်ရှိချန်ပီယံ တောင်ကိုရီးယားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်အပြင် အုပ်စုပထမနေရာ လုပွဲတွင်လည်း ဗီယက်နမ်က ဂျပန်ကို အနိုင်ကစားရာ မြန်မာအသင်းအနေဖြင့် မျှော်လင့်ချက် မကုန်ဆုံးသေးဘဲ အကောင်းဆုံးပုံစံဖြင့် ရရှိသည့်အခွင့်အရေးများကိုသာ အသုံးချနိုင်ရန် လိုအပ်နေသည်။

အုပ်စု(စ)နောက်ဆုံးနေ့ပွဲများကို မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် တစ်ချိန်တည်း ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး မြန်မာနှင့် အီရန်၊ ဆော်ဒီအာရေဗျနှင့် မြောက်ကိုရီးယားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ရှိုင်းထက်ဇော်
ဓာတ်ပုံ-စိုးညွန့်

မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

ကယားပြည်နယ်တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် လမ်း၊ တံတားလုပ်ငန်းများနှင့် ပုဂံဘုရားများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ဩဂုတ် ၁၇ ရက် ညနေပိုင်းတွင် ရန်ကုန်-မန္တလေး အမြန်လမ်း (နေပြည်တော်-မန္တလေး အပိုင်း) ပြုပြင်ထိန်းသိမ်းထားရှိမှုအခြေအနေနှင့် မြတ်နိုးသူကုမ္ပဏီမှ BOT စနစ်ဖြင့် ဆောင်ရွက်သော မိတ္ထီလာ-ကျောက်ပန်းတောင်း-ပုဂံ/ညောင်ဦးလမ်း ပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဩဂုတ် ၁၈ ရက် နံနက်ပိုင်းတွင် ပုဂံရှိပ်သာ ရှင်းလင်းဆောင်၌ ငလျင်ဒဏ်ကြောင့်ပျက်စီးသွားသော ဘုရား၊ ပုထိုး၊ စေတီများ ပြန်လည်ပြုပြင်မွမ်းမံထားရှိမှု၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများနှင့်ပတ်သက်၍ တာဝန်ရှိသူက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် ထီးလိုမင်းလိုဘုရားသို့ ရောက်ရှိရာ အဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့ ၇ မှ ငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့သည့် ထီးလိုမင်းလိုဘုရား၏ အထွတ်စေတီနှင့် ကွမ်းတောင် ပြန်လည်မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ပြန်လည်ပြုပြင်ရာတွင် ရှေးမူမပျက်ပြုပြင်နိုင်ရေး စနစ်တကျဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဘုရားအမှတ်(၉၄၇) ဓမ္မရာဇကဘုရားသို့ ရောက်ရှိရာ တာဝန်ရှိသူများက အထွတ်စေတီပြုပြင်ခြင်းလုပ်ငန်းအတွက် ဒေါင်လိုက်နှင့် အလျားလိုက်

စတီးပြားများ တပ်ဆင်ပြီးစီးမှု၊ ကွန်ကရစ်လောင်းအုတ်ဖြည့်စီခြင်းလုပ်ငန်းနှင့် Base Slab သံချည်သံကွေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားပြီး ဘုရားကြီးပြုပြင်မွမ်းမံထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အဆောက်အဦ အထူးအဖွဲ့ ၇ မှ ညောင်ဦးမြို့နယ် ညောင်ဦးခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံးဆောက်လုပ်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး အဆောက်အအုံ တည်ဆောက်ပြီးစီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ချောက်-စဥ့်ကူး-ပုဂံလမ်း ပြုပြင်ထားရှိမှုတို့ကို လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးပြီး တံတားဦးစီးဌာန တံတားအထူးအဖွဲ့ ၅ မှ တာဝန်ယူတည်ဆောက်နေသော ယောချောင်းတံတား (ကံတွင်း)သို့ ရောက်ရှိစစ်ဆေးသည်။ **(အပေါ်ပုံ)**

ယခု အသစ်တည်ဆောက်နေသည့် ယောချောင်းတံတား(ကံတွင်း)သည် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် မင်းဘူး-ဆိပ်ဖြူ-ပခုက္ကူလမ်းပေါ်တွင် တည်ရှိပြီး တံတားအမျိုးအစားမှာ အပေါ်ထည် သံကူကွန်ကရစ်ကြမ်းခင်းနှင့် လက်ရန်းဖြစ်ပြီး တံတားအရှည်ပေ ၉၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ လူသွားလမ်း တစ်ဖက်လျှင် သုံးပေစီပါရှိကာ ရေလမ်းကင်းလွတ်အကျယ် ၈၂ ပေ၊ အမြင့် ၂၉ ပေရှိပြီး ယာဉ်တစ်စီးချင်းခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။

ထို့နောက် ဆိပ်ဖြူ-ကန်တော-ပေါက်လမ်း ပြုပြင်ထိန်းသိမ်းထားရှိမှု၊ အမှတ်(၁) ပေါက်တံတား (အုန်းတော) ကြံ့ခိုင်မှုအခြေအနေကိုလည်းကောင်း၊ အမှတ်(၂) ပေါက်တံတား (ရေပြာ) ကြံ့ခိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ပခုက္ကူခရိုင်မှ ဆောင်ရွက်သော အရှည် ၁၂ မိုင် သုံးဖာလုံရှိသည့်အနက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ငါးမိုင် ခုနစ်ဖာလုံ ဆောင်ရွက်သည့် ကန်တော်-ကန်ရပ်ကြီး-ကျောက်စရစ်ကန်-ချောက်ကန်(န)လမ်းအား မြေနီကျောက်စရစ်လမ်းဆောင်ရွက်နေမှုတို့ကို လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးသည်။ **သတင်းစဉ်**

တနင်္သာရီမြစ်ရေ တတိယအကြိမ်မြင့်တက်၍ လူနေအိမ်နှင့်ရပ်ကွက်များသို့ ရေဝင်ရောက်

တနင်္သာရီ ဩဂုတ် ၁၉

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တနင်္သာရီမြစ်ရေ တတိယအကြိမ်မြင့်တက်၍ စိုးရိမ်ရေမှတ်ကျော်လွန်ကာ အန္တရာယ်ရေအမှတ်အထက်သို့ ရောက်ရှိနေကြောင်း သိရသည်။

တနင်္သာရီမြစ်ရေသည် ဩဂုတ် ၁၉ ရက် မွန်းလွဲ ၁ နာရီ တိုင်းထွာချက်အရ တနင်္သာရီမြို့၏စိုးရိမ်ရေမှတ်ကျော်လွန်၍ အန္တရာယ်ရေမှတ်အထက်သို့ တတိယအကြိမ် ပြန်လည်ရောက်ရှိလာပြီး ၂၄ ပေ ၉ လက်မသို့ ရောက်ရှိနေသည်။ ဩဂုတ် ၁၈ ရက် နံနက် ၉ နာရီနှင့် နှိုင်းယှဉ်ပါက မြစ်ရေအမြင့် သုံးပေ သုံးလက်မ တိုးလာသောကြောင့် တနင်္သာရီမြို့ပေါ်ရှိ ချောင်းငယ်ရပ်ရိပ်သာကျောင်းလမ်းနှင့် သီတာလမ်းဆုံရှိ သီတာလမ်းပေါ်တွင် ရေအနက် ကိုးပေခန့်၊ ချောင်းကြီးရပ်ကွက် ရွှေလိပ်ပြာလမ်းတွင် ရေအနက် ခုနစ်ပေ ငါးလက်မခန့်နှင့် တိုးချဲ့(၂) လမ်းပေါ်တွင် ရေအနက် ရှစ်ပေခန့် ရေကျော်နစ်မြုပ်လျက်ရှိကြောင်း၊ ချောင်းကြီးရပ်ကွက်အတွင်း မြို့အဝင်ကမ်းနားလမ်း၊ ရွှေလိပ်ပြာလမ်း၊ တိုးချဲ့ ၁၊ ၂၊ ၃၊ ၄၊ ၅ လမ်း၊ ဘောလုံးကွင်းလမ်း၊ ကျန်းမာရေးလမ်း၊ သီရိလမ်း၊ ရှင်မအောင်သာလမ်း၊ ချောင်းငယ်ရပ်ကွက်တွင် သီတာ

လမ်း၊ မြသီတာလမ်း၊ ရိပ်သာကျောင်းလမ်းတို့ ရေကျော်နစ်မြုပ်လျက်ရှိပြီး တနင်္သာရီမြို့၏ စိုးရိမ်ရေအမှတ်မှာ ၁၇ ပေဖြစ်ပြီး အန္တရာယ်ရေအမှတ်မှာ ၂၄ ပေ ဖြစ်ကြောင်း သိရသည်။

တနင်္သာရီမြစ်ရေ တတိယအကြိမ် ပြန်လည်မြင့်တက်လာသောကြောင့် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စု သုံးအုပ်စုတို့တွင် ယာယီကယ်ဆယ်ရေးစခန်း ငါးခု ဖွင့်လှစ်ကာ အိမ်ခြေ ၈၀၊ အိမ်ထောင်စု ၈၂ စု လူဦးရေ စုစုပေါင်း ၄၂၉ ဦးတို့မှာ ရွှေ့ပြောင်းနေထိုင်လျက်ရှိသည်။ ဆန်၊ စားသောက်ကုန် ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ကျန်းမာရေးနှင့် ညီညွတ်ပြီး သန့်ရှင်းသောသောက်သုံးရေများ အထူးလိုအပ်လျက်ရှိကြောင်း၊ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြစ်ရေသုံးကြိမ်တိုင်တိုင်ကြီးမြင့်မှုကြောင့် ကျေးရွာအချို့ရှိ လူနေအိမ်များ ကြံ့ခိုင်မှုအားနည်းနေ၍ ရေရှည်တွင် ပြန်လည်နေထိုင်ရန် အခက်အခဲများ ကြုံတွေ့နိုင်ကြောင်း ဒေသခံများထံမှ သိရသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် မိုးအဆက်မပြတ်ရွာသွန်းမှု၊ တောင်ကျရေစီးဆင်းမှုများကြောင့် ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် ဝင်းဝတံတားနှင့် မင်းဒပ်ကျေးရွာကြား၌ ကားလမ်းများ ရေကျော်မှုဖြစ်ပွားခဲ့သည်။ ဩဂုတ် ၁၉ ရက်တွင် မြိတ်-တနင်္သာရီ ပြည်ထောင်စုလမ်းမကြီး တနင်္သာရီမြို့နယ် အောက်ကင်းကျေးရွာအနီး ကားလမ်းပေါ်တွင် ရေအနက် နှစ်ပေခန့် ရေကျော်၍ တနင်္သာရီ- ဘုတ်ပြင်းလမ်းမကြီးပေါ်ရှိ လယ်တောင်ယာကျေးရွာကားလမ်းတို့၌ ကားလမ်းပေါ်ရေအနက်နှစ်ပေခြောက်လက်မခန့်နှင့် တနင်္သာရီ-မောတောင် လမ်းပိုင်း တနင်္သာရီမြို့နယ် သိန်းခွန်းကျေးရွာအုပ်စု သဲဖြူ ကျေးရွာနှင့် အမှတ် ၉ ကျေးရွာကြား ဒေသအခေါ် ဖောင်းဆိပ်တံတားရေကျော်မှုနှင့် ကားလမ်းပေါ် ခြောက်ပေခန့် ရေကျော်မှုဖြစ်ပွားခဲ့ကြောင်း ဒေသခံခရီးသွားပြည်သူများထံမှ သိရသည်။ **မြင့်ဦး(မြိတ်)**

ကာရင်ပြည်နယ်ရှိ ရေဘေးသင့်ကျေးရွာများသို့ အနုပညာရှင်များ သွားရောက်လှူဒါန်း

သထုံ ဩဂုတ် ၁၉

ကရင်ပြည်နယ်အတွင်းရှိ ရေဘေးသင့်နေဆဲ ကျေးရွာများသို့ ဩဂုတ် ၁၉ ရက်မှစတင်၍ ရန်ကုန်မြို့မှ ထွက်ခွာလာသော မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ (လူကြမ်းသရုပ်ဆောင် ကိုလူချောအဖွဲ့)သည် ဘားအံမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများကို သွားရောက် ကူညီထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့(လူကြမ်းသရုပ်ဆောင်) အနုပညာသမားတွေ ဩဂုတ် ၁၆ ရက်ကနေ ၁၈ ရက်အထိ ရန်ကုန်မြို့တွင်းမှာ လမ်းလျှောက်အလှူခံရတဲ့ ငွေကြေးတွေအားလုံးကို ဆန်အိတ် ၁၀၀၊ ဆီ၊ ခေါက်ဆွဲထုပ်၊ ရေသန့်ဘူး စတဲ့ လိုအပ်တဲ့ပစ္စည်းတွေဝယ်ယူပြီး ကားခြောက်စီး၊ အဖွဲ့ဝင် ၅၁ ဦးနဲ့အတူ ထွက်လာကြတာပါ။ ကျွန်တော်တို့ရဲ့ ထမင်းရှင်တွေ ဒုက္ခရောက်တာဟာ ကျွန်တော်တို့ ဒုက္ခရောက်တာနဲ့အတူတူပါပဲ။ အရေးကိစ္စကြုံတိုင်းကြုံတိုင်း ကျွန်တော်တို့အဖွဲ့တွေ လက်မနှေးပါဘူး၊ နေရာအနှံ့အပြား လိုက်လံကူညီပေးပါတယ်။ ကျွန်တော်တို့ ချွေးနှဲစာထဲက စုပေါင်းပြီး ငွေကျပ်သိန်းသုံးဆယ် မတည်လှူဒါန်းကာ ပြည်သူတွေဆီက ရရှိတဲ့လှူဒါန်းငွေ အကုန်လုံးကို သွားရောက်လှူဒါန်းမှာပါ” ဟု ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ဦးအောင်ခိုင်က ပြောသည်။ ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းမှာ ရေဘေးသင့်နေဆဲဖြစ်သည့် ကျေးရွာများကို သွားရောက်လှူဒါန်းမည်ဖြစ်ကြောင်း အဆိုပါခရီးစဉ်တွင် လိုက်ပါလာသူ ဝါရင့်သရုပ်ဆောင် ဦးဇော်မှိုင်းက ပြောသည်။

ခွန်(ဝင်းပ)

မြစ်ရေကြီးမှု အခြေအနေ

နေပြည်တော် ဩဂုတ် ၁၉

စစ်တောင်းမြစ်

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် လေးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သဖြင့် မဒေါက်မြို့နှင့် ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားသည်။

မိုး/ ဇလ

နိဗ္ဗာန်သို့လှမ်း သစ္စာလေးခိုင်မြတ်သင်္ကန်း

ရက်ကန်းစက်များဖြင့် ပိတ်ညိုများ ရက်လုပ်နေသည်ကို တွေ့ရစဉ်။

သင်္ကန်းဟူသည်

စီဝရံဟုခေါ်သောသင်္ကန်းသည် ရဟန်းသာမဏေတို့ ဝတ်ရုံသုံးဆောင်ရသော အဝတ်အထည်ဖြစ်ပါသည်။ ကိလေသာကင်းစင်သော ရဟန္တာအရှင်မြတ်တို့၏ အလံတံခွန် (အရဟတ္တဓဇ)ဟုလည်း ခေါ်ဆိုသည်။ သစ်ခေါက်ပြုတ်ရည်ဖြင့် ဆိုးရသောကြောင့် ဖန်ရည်ဆိုးသောအဝတ် (ကာသာဝ) ဟုလည်း ခေါ်သည်။ လူအနာဂါမ် ပုဂ္ဂိုလ်သည်ပင် သင်္ကန်းဝတ်ဆင်ထားသော ပုထုဇဉ်ရှင်သာမဏေကို အရိုအသေပြုရ၏။ လမ်းခရီး၌စွန့်ပစ်ထားသော မစင်လိမ်းကျံနေသည့်သင်္ကန်းကိုပင် လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့ လက်အုပ်ချီမိုးရှိခိုးထိုက်၏။ သင်္ကန်း၌ မမြင်ရသောဂုဏ်သတ္တိထူးများ တည်ရှိနေသည်။ လူ့ဘဝဖြင့် ရဟန္တာဖြစ်သူသည် ယုတ်ညံ့သော လူ့အသွင်ဖြင့် မနေနိုင်။ ရဟန္တာဖြစ်သောနေ့မှာပင် သင်္ကန်းဝတ်ရုံ၍ ရဟန်းပြုမှအသက်ရှည်ကြာစွာနေနိုင်၏။ ရဟန်းမပြုခဲ့လျှင် ထိုနေ့မှာပင် ပရိနိဗ္ဗာန်ပြုရ၏။ သင်္ကန်းသည် သာသနာကွယ်ခြင်း၊ မကွယ်ခြင်း၏ အမှတ်အသားတစ်ခုလည်း ဖြစ်သည်။

တိစီဝရိက်သင်္ကန်း

သင်းပိုင်၊ ဧကသီ၊ နှစ်ထပ်သင်္ကန်းကြီး ဤသင်္ကန်းသုံးထည်ကို တိစီဝရိက်သင်္ကန်းဟုခေါ်သည်။ တိစီဝရိက်သင်္ကန်းကို ရဟန်းတို့ဝတ်ရုံသုံးဆောင်ရန် ဘုရားရှင်ခွင့်မပြုမီ ရှေးအခါက ရဟန်းတို့သည် ပံ့သကူသင်္ကန်းများကိုသာ ဝတ်ရုံသုံးဆောင်ကြရသည်။ ရဟန်းတို့အား လူဒါယကာတို့လှူဒါန်းသည့်သင်္ကန်းကို ဝတ်ရုံသုံးဆောင်ခွင့်ပြုရန် ဆရာဇီဝက က လျှောက်ထားတောင်းပန်မှုကြောင့် ပံ့သကူသင်္ကန်းကိုလည်းကောင်း၊ လူဒါယကာတို့လှူဒါန်းသောသင်္ကန်းကို လည်းကောင်း ဝတ်ရုံသုံးဆောင်ကြရသည်။ သင်္ကန်းသုံးထည်အနက် သင်းပိုင်၏အရွယ်ပမာဏမှာ (အငယ်ဆုံး) အလျား ငါးတောင်ဆုပ်၊ အနံ နှစ်တောင်ထွာ (သို့) နှစ်တောင်၊ ဧကသီနှင့် သင်္ကန်းကြီး၏အရွယ်ပမာဏမှာ အလျား ငါးတောင်ဆုပ်၊ အနံ သုံးတောင်ဆုပ်ရှိရသည်။ အကြီးဆုံးအရွယ်ပမာဏမှာ ဘုရားရှင်၏သင်္ကန်းတော်ပမာဏအောက် လျော့စေရမည်။ ဘုရားရှင်၏သင်္ကန်းတော် အရွယ်ပမာဏမှာ ဘုရားအတိုင်းအထွာတော်ဖြင့် အလျား လေးတောင်ထွာ၊ အနံ သုံးတောင်ရှိသည်။

သင်္ကန်းချုပ်ရာတွင်

သင်္ကန်းချုပ်ရာတွင် ငါးခန်းသော်လည်းကောင်း၊ ငါးခန်းထက်အလွန်သော်လည်းကောင်း ကောင်းစွာဖြတ်တောက်၍ အိမ်ဝန်းကြီး၊ အိမ်ဝန်းငယ်ဖွဲ့ကာ ချုပ်ရသည်ဟု ဝိနည်းမဟာဝါပါဠိတော်တွင် လာသည်။ ထို့ကြောင့်ကြီးသောအနံရှိသောအဝတ်ကိုမဖြတ်ဘဲ ချုပ်ရိုးချုပ်ကြောင်းသာပြ၍ မချုပ်ရ။ နှစ်ခန်း၊ သုံးခန်း၊ လေးခန်းဖွဲ့သဖြင့်လည်း မချုပ်ရ။ ငါးခန်း၊ ငါးခန်းထက်အလွန်ဖွဲ့ကာ တစ်လုပ်မြောင်းငယ်စသည်တို့၌ ဖြတ်၍ချုပ်ရသည်။ မူရင်းပါဠိတော်၌ ငါးခန်း၊ ငါးခန်းထက်အလွန်ဟုလာသည်။ အဋ္ဌကထာ၌ ငါးခန်း၊ ခုနစ်ခန်း၊ ကိုးခန်း၊ ဆယ့်တစ်ခန်းဟုပြသည်။ ရောဇနာ၌ကား ဝါသဒ္ဒါဖြင့် ဆယ့်တစ်ခန်းထက်အလွန် ဆယ့်သုံးခန်း စသည်တို့ကိုလည်း ချုပ်နိုင်ကြောင်း ပြဆိုထားသည်။

သစ္စာလေးခိုင်သင်္ကန်း

ဗုဒ္ဓမြတ်စွာသာသနာတော်အတွင်း သာသနာ့ဝန်ကို ထမ်းဆောင်နေကြသော ရဟန်းသံဃာတော်များအတွက် ဗုဒ္ဓဘာသာနွယ်ဝင် ပြည်သူများက အချိန်ကာလအလိုက် လှူဒါန်းကြသည့် ကာလဒါနအတွက်ဖြစ်စေ၊ ပစ္စည်းလေးပါးကို အထောက်အပံ့ပြုလှူဒါန်းလိုသည့်ဒါနအတွက် ဖြစ်စေ ဝိနည်းတော်နှင့်အညီ ချုပ်လုပ်ထားသောသင်္ကန်းများကို လှူဒါန်းနိုင်ကြရန်အတွက် 'သစ္စာလေးခိုင်သင်္ကန်း' အမှတ်တံဆိပ်ဖြင့် သင်္ကန်းများကို စက်မှုဝန်ကြီးဌာနမှ ချုပ်လုပ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။

စက်မှုဝန်ကြီးဌာနမှ သင်္ကန်းများချုပ်လုပ်ရာတွင် အမှတ်(၄)အထည်စက်ရုံ (ပွင့်ဖြူ)ရှိ အသားတင် ပိတ်သား ၆၅ လက်မအထိ အနံကြီးရက်လုပ်နိုင်သည့် ရက်ကန်းစက်များဖြင့် ပိတ်ညိုများရက်လုပ်ခြင်း၊ အမှတ် (၁) အထည်စက်ရုံ (ရွှေတောင်) တွင် သင်္ကန်းရောင်ဆေးဆိုးပိတ်များထုတ်လုပ်ခြင်း၊ အမှတ် (၃) အထည်စက်ရုံခွဲ (စစ်ကိုင်း)တွင် ဝိနည်းတော်နှင့်အညီ သင်္ကန်းဒွိစုံများကို ချုပ်လုပ်ခြင်း၊ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချခြင်းမပြုမီ စမ်းသပ်ချုပ်လုပ်သော သင်္ကန်းများကို ဆရာတော်၊ သံဃာတော်များထံဆက်ကပ်၍ ဝတ်ရုံသုံးဆောင်စေပြီး အဆိုပါဆရာတော်၊ သံဃာတော်များ၏ အကြံပြုမိန့်မှာချက်များကိုရယူကာ လိုအပ်ချက်များ ဖြည့်စွက်ပြင်ဆင်ချုပ်လုပ်ပြီးမှ ဈေးကွက်သို့ ဖြန့်ချိခဲ့ခြင်းဖြစ်ပါသည်။ 'သစ္စာလေးခိုင်သင်္ကန်း' ၏ ထူးခြားချက်မှာ ရဟန်းသံဃာတော်များသီတင်းသုံးရာတွင် မိမိတို့နိုင်ငံ၏ ရာသီဥတုနှင့် ကိုက်ညီမှုတမူရှိစေရန် ဝါချည် (ချည်သားစစ်စစ်) ပေါင်းချည်များကိုသာ အသုံးပြုထား၍ နူးညံ့ပျော့ပျောင်းပြီး အပူအအေးရာသီဥတုဒဏ်ကိုခံနိုင်ခြင်းကြောင့် ရဟန်းသံဃာတော်များ၏ကျန်းမာရေးကို ညီညွတ်မျှတစေပါသည်။ သင်္ကန်းကို ဝတ်ရုံအသုံးပြုတော်မူသည့်အခါတွင်လည်း အချိုးညီ၊ အဝန်းညီစွာဖြင့် ချပ်ရပ်သေသပ်စွာ ဝတ်ရုံနိုင်ပါသည်။ ဝိနည်းတော်နှင့်အညီ ချုပ်လုပ်ထားခြင်းကြောင့် ရဟန်းသံဃာတော်များအတွက် အထူးသင့်လျော်ပြီး အလှူရှင်နှင့်အလှူခံပုဂ္ဂိုလ်တို့နှစ်ဦးနှစ်ဖက် အကျိုးများစေနိုင်မည်ဖြစ်ပါသည်။

သင်္ကန်းလှူဒါန်းခြင်းဖြင့် ရရှိသောအကျိုး

ဘုရားအမှူးပြုသော သံဃာတော်များအား ဝိနည်းတော်နှင့်ညီသော သင်္ကန်းများ ဆက်ကပ်လှူဒါန်းခြင်းဖြင့် အောက်ပါအကျိုးများကို ရရှိစေပါသည်-

(က) ရွှေအဆင်းနှင့်တူသော အဆင်းကိုရရှိခြင်း၊
(ခ) မြူကြေးမတင်သော စင်ကြယ်သောကိုယ်ရှိခြင်း၊
(ဂ) ခပ်သိမ်းသောအရပ်တို့ကို ထွန်းလင်းတောက်ပသောကိုယ်ရှိခြင်း၊
(ဃ) ပူပန်ခြင်းကင်းသောကိုယ်ရှိခြင်း၊
(င) နူးညံ့သိမ်မွေ့သောကိုယ်ရှိခြင်း၊
(စ) အလိုရှိသောအခါ တစ်ထောင်သောပုဆိုးတို့ကိုရရှိခြင်း၊
(ဆ) အဖြူ အရွှေ အနီအစရှိသော အဆင်းရှိသော ပုဆိုးတို့ကိုရရှိခြင်း၊
(ဇ) ပဒေသာပင်၌ဖြစ်သော ပုဆိုးတို့ကိုရရှိခြင်း၊
(ဈ) မဟာလတာတန်ဆာကိုဆင်မြန်းရခြင်း၊
(ည) အဆုံးဘဝ၌ ဧဟိဘိက္ခုရဟန္တာအဖြစ်ကိုရရှိခြင်း။

နိဗ္ဗာန်အကျိုးမျှော်

ရဟန်းတော်များ သီတင်းသုံးရာတွင် ဥတုသုံးပါးနှင့်ကိုက်ညီမျှတ၍ ကျန်းမာမှုရှိမှသာ သာသနာ့ဝန်ကို စိတ်လက်ကြည်သာစွာ စွမ်းဆောင်တော်မူနိုင်ကြမည်ဖြစ်ပါသည်။ စက်မှုဝန်ကြီးဌာနမှချုပ်လုပ်သည့် 'သစ္စာလေးခိုင်သင်္ကန်း'သည် မိမိတို့နိုင်ငံ၏ ရာသီဥတုနှင့်ကိုက်ညီသည့် ဝါချည် (ချည်သားစစ်စစ်) ပေါင်းချည်ကို ရာနှုန်းပြည့်အသုံးပြုထားခြင်းဖြစ်၍ နူးညံ့ပျော့ပျောင်းပြီး ရာသီဥတုဒဏ်ခံနိုင်ကာ ရဟန်းသံဃာတော်များ၏ ကျန်းမာရေးကို ညီညွတ်မျှတစေပါသည်။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ စသည့်သစ္စာလေးပါးမြတ်တရားကို သုံးသပ်ဆင်ခြင်၍ စက်မှုဝန်ကြီးဌာနမှ ဝိနည်းတော်နှင့်အညီ ချုပ်လုပ်သော အရည်အသွေးမီ၊ တန်ဖိုးသင့် 'သစ္စာလေးခိုင်သင်္ကန်း' ဆက်ကပ်လှူဒါန်းကြခြင်းဖြင့် အလှူရှင်နှင့်အလှူခံပုဂ္ဂိုလ်တို့ နှစ်ဦးနှစ်ဖက်အကျိုးများစေနိုင်ပြီး မဂ်ဖိုလ်နိဗ္ဗာန်သို့တိုင် တက်လှမ်းနိုင်ကြပါစေကြောင်း နိဗ္ဗာန်အကျိုးမျှော် နှိုးဆော်ရေးသားအပ်ပါသည်။ ။

ကိုသစ္စာ

မြန်မာနိုင်ငံ၌ ပထမဦးဆုံး ထိုင်းနိုင်ငံပိုင် ပလတ်စတစ်စက်ရုံဖွင့်လှစ်

သန်လျင် သြဂုတ် ၁၉

ပြည်တွင်းပလတ်စတစ်ထုတ်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် မြန်မာနိုင်ငံ၌ ပထမဦးဆုံး ထိုင်းနိုင်ငံပိုင် ပလတ်စတစ်စက်ရုံအား သီလဝါအထူးစီးပွားရေးဇုန်၌ ယမန်နေ့နံနက်ပိုင်းက ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါပလတ်စတစ်စက်ရုံအား S.P Petpack Inter Group Myanmar ကုမ္ပဏီလီမိတက်နှင့် PTT Global Chemical Public ကုမ္ပဏီလီမိတက်(GC) တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံအတွင်းရှိ ပလတ်စတစ်ဈေးကွက်ထုတ်ကုန် လုပ်ငန်းရှင်များအတွက် မြှင့်တင်ဖြန့်ဖြူးရောင်းချနိုင်ရန်ဖြစ်ကာ အဆိုပါစက်ရုံ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန် ဒေါ်လာ ၁၂ ဘီလီယံရှိကြောင်း သိရသည်။ ပလတ်စတစ်ပစ္စည်းများကို ထိရောက်ခေတ်မီသော နည်းပညာများဖြင့် နိုင်ငံတကာအဆင့်မီ ထုတ်လုပ်သွားမည်ဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ပလတ်စတစ်စက်မှုလုပ်ငန်း ရင်းနှီးမြှုပ်နှံရန်ဖြစ်ကာ အဆင့်အတန်းမြင့် ထုတ်ကုန်လိုအပ်ချက်များနှင့်အညီ ထုတ်လုပ် ဖြန့်ဖြူးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကုမ္ပဏီတို့သည် မြန်မာနိုင်ငံတွင် ပလတ်စတစ်ထုပ်ပိုးစက်ရုံ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း စတင်လည်ပတ်ရန် သြဂုတ် ၃ ရက်က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ပွင့်သစ္စာ

အောင်လံတွင် ပြောင်းဈေးနှုန်းကျဆင်း

အောင်လံ သြဂုတ် ၁၉

ရန်ကုန်ဈေးကွက်ကို အဓိကအားဖြင့် တင်ပို့ရောင်းချလျက်ရှိသော မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်ထွက် ပြောင်းဖူးများမှာ အနယ်နယ်အရပ်ရပ်မှ ပြောင်းထွက်ကုန်ဝင်ရောက်မှုမြင့်မားလျက်ရှိသည့်အတွက် ဒေသတွင်းဈေးနှုန်းကျဆင်းမှုနှင့် ကြုံတွေ့နေရကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

အောင်လံမြို့နယ် ဒေသအသီးသီးမှထွက်ရှိသည့် ပြောင်းများအား ရန်ကုန်မြို့ သီရိမင်္ဂလာဈေးသို့ အဓိကတင်ပို့ရောင်းချလျက်ရှိပြီး လတ်တလောအနေဖြင့် ပြောင်းဖူးတစ်ဖူးလျှင် ကျပ် ၇၀ ဖြင့်သာ ရောင်းချခဲ့ရပြီး ယခင်ဈေးနှုန်း တစ်ဖူး ကျပ် ၁၀၀ နှင့်စာလျှင် သုံးဆယ်ကျပ် ကျဆင်းသွားခဲ့ခြင်းဖြစ်သည်။

ကိုလွင်(ဆွာ)

လူငယ်ဘက်စုံဖွံ့ဖြိုးမှုမှ နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးမှုသို့

အေးမြင့်အောင်

ခေတ်တစ်ခေတ်၏ လားရာကို မှန်းဆလိုလျှင် ယင်းခေတ်ကို ဖြတ်သန်းနေကြသည့် လူငယ်များ၏တိမ်းညွတ်မှုကိုကြည့်ပါဟု ဆိုရိုးစကားရှိခဲ့သည်။ ပညာရှင်အများစုက မိမိတို့ဖြတ်သန်းနေသည့် ခေတ်တစ်ခေတ်၏လားရာကို လူငယ်များ၏တိမ်းညွတ်မှုသာမက နည်းပညာနှင့် ပညာရေးဆိုသည့် ကိန်းရှင်နှစ်ခုဖြင့်ပါ ချဉ်းကပ်လေ့လာရမည်ဟု ဆိုသည်။ တစ်နည်းအားဖြင့် လူငယ်ဆိုသည်မှာ ခေတ်တစ်ခေတ်ကို ပုံဖော်ဖန်တီးနိုင်သည့် ကိန်းရှင်တစ်ခုဟု မှတ်ယူရမည်ဖြစ်သည်။

ယနေ့ မြန်မာနိုင်ငံ လူဦးရေ၏ ၂၆ ရာခိုင်နှုန်းမှာ အသက် ၁၆ နှစ်မှ အသက် ၃၅ နှစ်အတွင်းရှိ လူငယ်ထု၏အင်အားများဖြစ်သည်။ ယနေ့အချိန်တွင် လူငယ်များ၏ အသိပညာနှင့် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေးကို အစွမ်းကုန် မြှင့်တင်ဆောင်ရွက်ပေးရေးလုပ်ငန်းကို အရေးတကြီး ဆောင်ရွက်ပေးရမည့် အချိန်အခါပင် ဖြစ်သည်။

မကြာသေးမီက မန္တလေးတက္ကသိုလ်အတွင်း၌ ကျင်းပခဲ့ကြသည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး)ကို ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆင်နွှဲခဲ့ရသည်။ ပွဲတော်ကြီးကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ဖွင့်လှစ်ပေးခဲ့ရုံသာမက လူငယ်များနှင့်ပါ စာပေစကားဝိုင်း ဆွေးနွေးကျင်းပပေးခဲ့သည့်အတွက် ပြည်သူများ၏စိတ်ဝင်စားမှု ပိုမိုမြင့်မားလာခဲ့၏။ အမှန်အတိုင်းပြောရလျှင် ယခင်က လူငယ်ထုကိုဗဟိုပြုပြီး ကျင်းပခဲ့သည့် ပွဲလမ်းသဘင် လွန်စွာနည်းပါးခဲ့သည်။ ယခုကဲ့သို့ လူငယ်များ၏အရည်အသွေး၊ လူငယ်များ၏အတွေးအမြင်များနှင့် လူငယ်များ၏ စွမ်းပကားများကို ဖော်ထုတ်ပြသနိုင်သည့် ပွဲတော်ကြီးမျိုး ကျင်းပပြုလုပ်ပေးရန် မျှော်လင့်စောင့်စားခဲ့ရတာ ကြာခဲ့ပေပြီ။

လူငယ်များအတွက် လူငယ်ပွဲတော်

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်၏ ရည်ရွယ်ချက်မှာ မြန်မာ့လူငယ်များ၏ အသိပညာ၊ အတတ်ပညာနှင့် ကျင့်ဝတ်တန်ဖိုး အပါအဝင် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဆိုသည့် ဗလငါးတန် မြှင့်တင်ပေးနိုင်ရေးနှင့် အနာဂတ် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအား ၎င်းတို့၏ အတွေးအမြင်ကောင်းများဖြင့် တည်ဆောက်အကောင်အထည်ဖော်နိုင်ရန်ဟု သိရသည်။

ယခုကျင်းပသည့်ပွဲတော်၏ ထူးခြားချက်မှာ လှုပ်ရှားမှုတစ်ခုတည်းကိုသာ အခြေမခံဘဲ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်ခဲ့သည့်အတွက် စာပေဆိုင်ရာလှုပ်ရှားမှုများ၊ အနုပညာဆိုင်ရာလှုပ်ရှားမှုများ၊ အားကစားဆိုင်ရာလှုပ်ရှားမှုများ၊ IT ဆိုင်ရာလှုပ်ရှားမှုများစသည့် လှုပ်ရှားမှုများကို ပါဝင်စေခဲ့သည့်အတွက် လွန်စွာအားရဖွယ်ကောင်းလှသည်။

ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က **"ရုပ်ပိုင်းဆိုင်ရာ၊ ဦးနှောက်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနဲ့ လူမှုရေးအရခင်မင်မှု မိတ်ဆွေပိုင်းဆိုင်ရာကိစ္စတွေအားလုံးနဲ့ ပြည့်စုံမယ်ဆိုရင် ကျွန်မတို့ရဲ့ လူငယ်များဟာ နိုင်ငံရဲ့အကျိုးတင်မကပါဘူး ကမ္ဘာပေါ်မှာနေတဲ့ လူသားများ၊ သတ္တဝါများ အားလုံးရဲ့အကျိုးကို ထမ်းဆောင်နိုင်တဲ့ လူသားကောင်းတွေ ဖြစ်လာမှာပါ။ ပြီးပြည့်စုံတဲ့ လူသားကောင်းတွေ ဖြစ်လာမှာပါ"** ဟု အားမာန်အပြည့်ဖြင့် မိန့်ခွန်းပြောကြားခဲ့သည်။

ထို့ပြင် မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမကြီးအတွင်း၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တက္ကသိုလ် ကောလိပ်အသီးသီးမှ လူငယ် ၂၀ တို့က ရသစာပေနှင့် သုတစာပေတန်ဖိုးများ၊ စာအုပ်စာပေဖတ်ရှုလေ့လာရခြင်း၏ အကျိုးကျေးဇူးများကို ဆွေးနွေးခဲ့ကြသည်ကို ကြည့်ခြင်းအားဖြင့် စာအုပ်စာပေများကို လူငယ်များ မည်သို့ တန်ဖိုးထားကြသည်၊ မည်သို့လေ့လာဆည်းပူးနေကြသည်ကို မြင်တွေ့ရသည့်အတွက် ခေတ်တစ်ခေတ်၏ ပုံရိပ်ကောင်းများကို လှစ်ဟပြခဲ့သည်ဟု ထင်သည်။

ပွဲတော်ကြီးကို ဆန်းသစ်တီထွင်မှု၊ လူငယ်များကို အခြေခံမှု၊ လူငယ်များနှင့် ရင်းနှီးကျွမ်းဝင်မှု၊ လူငယ်များက ဦးဆောင်နိုင်မှု၊ အားလုံးပါဝင်ဆောင်ရွက်နိုင်မှု ဆိုသည့် တန်ဖိုးများကိုအခြေခံ၍ အစီအစဉ်များထည့်သွင်းရေးဆွဲခဲ့ကြသည့်အတွက် လူငယ်များကို အခြေခံသော လူငယ် ပွဲတော်ကြီးတစ်ခုအဖြစ် မှတ်ယူရမည်ဖြစ်သည်။

စာပေ အနုပညာလှုပ်ရှားမှုများ

ပွဲတော်တွင် စာပေလှုပ်ရှားမှုအဖြစ် မန္တလေးတက္ကသိုလ် လေးထပ်ဆောင်တွင် အင်္ဂလိပ်စာ စွမ်းရည်ပြိုင်ပွဲ၊ မြန်မာကျပန်းစကားပြောနှင့် ကဗျာရွတ်ပြိုင်ပွဲများ ကျင်းပပြုလုပ်ခဲ့ကြသည်။ ထို့အပြင် စာပေဆိုင်ရာ လှုပ်ရှားမှုများအဖြစ် လူငယ်စကားဝိုင်းများကိုလည်း ကျင်းပခဲ့ကြသည်။ မန္တလေးတက္ကသိုလ် လေးထပ်ဆောင်တွင် **"စွန့်ဦးတီထွင်လူငယ်များ၊ Digital Literacy၊ လူငယ် နှင့်အနာဂတ်ဘဝလမ်းကြောင်းရွေးချယ်မှု၊ လူငယ်နှင့်ဘက်စုံ ဖွံ့ဖြိုးမှု၊ လူငယ်ရေးရာမူဝါဒ၏ အကျိုးသက်ရောက်မှု၊ အနာဂတ်မြန်မာနိုင်ငံနှင့် လူငယ်များ၏ အခန်းကဏ္ဍ"** စသည့် ခေါင်းစဉ်များကို လူငယ် ၃၀ မှ ခေါင်းစဉ်အလိုက် ဆွေးနွေးခဲ့ကြသည်။ အလားတူ မန္တလေးတက္ကသိုလ် အင်းဝ (၉) ခန်းမတွင် အကယ်ဒမီပိုင်ဖြိုးသု၊ အဆိုတော် ယုန်လေး၊ အောင်ထက်၊ J-Fire တို့က "လူငယ်နှင့်အနုပညာ" ခေါင်းစဉ်ကို ပါဝင်ဆွေးနွေးခဲ့သည့်အတွက် ပွဲတော်ကြီးတွင် လူငယ်များ၏ ပူးပေါင်းဆောင်ရွက်နိုင်မှုများကို မှတ်တမ်းတင်ရပါမည်။

ထို့အတူ မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက မြန်မာ့ယဉ်ကျေးမှုပြခန်းများ၊ လက်မှုလုပ်ငန်းများ၊ ဉာဏ်စမ်းပဟေဠိအစီအစဉ်များ၊ သီဟာသနပလ္လင် နောက်ခံဖြင့် ဓာတ်ပုံရိုက်ကူးခြင်း၊ တိုင်းရင်းသားဝတ်စုံ၊ ပျူ၊ ပုဂံ၊ အင်းဝခေတ် ဝတ်စုံများဖြင့် အမှတ်တရ ဓာတ်ပုံရိုက်ကူးခြင်း၊ ရုပ်ပြောင်ပန်းချီ၊ ပုံတူပန်းချီ ရေးဆွဲခြင်းနှင့် မြန်မာ့ရိုးရာအဆို၊ အက တေးသီချင်းများဖြင့် ပါဝင်ဆောင်ရွက်ပေးကြသည်ကိုလည်း တွေ့ရသည်။

အားကစားလှုပ်ရှားမှုများ

ပွဲတော်ကြီးတွင် လာရောက်ကြသည့် လူငယ်များက လွန်ဆွဲပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲစသည့် အပန်းဖြေအားကစားပြိုင်ပွဲများကို တပျော်တပါး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ထို့ပြင် ဝူရှူး၊ ကျွမ်းဘား၊ ကရာတေးဒို၊ တိုက်ကွမ်ဒို၊ ခြင်းလုံးစသည့် သရုပ်ပြအားကစားနည်းများနှင့် ဘော်လီဘော၊ ပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲများကိုလည်း ပါဝင်ယှဉ်ပြိုင်ခြင်း၊ ကြည့်ရှုအားပေးခြင်းများကို ဆောင်ရွက်ကြသည်ကိုလည်း တွေ့ရသည်။

IT လှုပ်ရှားမှုများ

မန္တလေးတက္ကသိုလ် လေးထပ်ဆောင်တွင် သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ အသိပညာများ၊ အသိအမြင်များ၊ ဆိုင်ဘာလုံခြုံရေးဆိုင်ရာ အသိအမြင်များ၊ လူမှုကွန်ရက် မီဒီယာ အသုံးပြုမှုများကို သရုပ်ပြရှင်းလင်းပြသထားသည်။ ထို့ပြင် လာရောက်ကြသည့် ကျောင်းသားလူငယ်များကို သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ အမေး၊ အဖြေ မေးခွန်းများ၊ ဂိမ်းပြိုင်ပွဲများ ကျင်းပပြီး ပြိုင်ပွဲအလိုက် ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်ကိုလည်း တွေ့ရသည်။

အသိပညာပေး အစီအစဉ်များ

ပွဲတော်ကြီးတွင် အသိပညာပေး အစီအစဉ်များအဖြစ် တက္ကသိုလ်နှင့် အခြေခံပညာကျောင်း အသီးသီးမှ ပြခန်းများ၊ ဝန်ကြီးဌာနနှင့် လူမှုအဖွဲ့အစည်းအသီးသီးမှ ပြခန်းများ စုစုပေါင်း ပြခန်းပေါင်း ၂၀၇ ခန်း ခင်းကျင်းပြသထားသည်ကိုလည်း တွေ့ရသည်။ ထို့ပြင် ရင်ခွင်မဲ့ကလေးများ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းက မျိုးဆက်ပွားကျန်းမာရေး အသိပညာပေး အစီအစဉ်များ၊ စကားဝိုင်းများ၊ ဉာဏ်စမ်း အမေးအဖြေများ၊ အမျိုးသမီးငယ်ရွယ်သူများအပေါ် အကြမ်းဖက်မှု ကင်းဝေးရေး အစီအစဉ်များကို ပါဝင်ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် လူငယ်များအတွက် အသိပညာဗဟုသုတများစွာ ရရှိစေခဲ့သည်။

ပွဲတော်အတွင်း လာရောက်ကြသည့် လူငယ်များ စာအုပ်စာစောင်များကို အလွယ်တကူ ဝယ်ယူဖတ်ရှုနိုင်ရန်အတွက် စာအုပ်ဆိုင်ပေါင်း ၁၁၇ ဆိုင် ဖွင့်လှစ်၍ ရောင်းချပေးခဲ့သည်။ လူငယ်များ အလုပ်အကိုင် အခွင့်အလမ်းများ သိရှိနိုင်စေရေးအတွက် ပြည်တွင်းကုမ္ပဏီ ၂၂ ခုက ပြခန်းများ ခင်းကျင်းပြသပေးခဲ့သည်။ ထို့ပြင် ပွဲတော်သို့လာရောက်သည့် လူငယ်များအပန်းပြေစေရန်အတွက် မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ကလည်း နိုင်ငံကျော်အဆိုတော်များနှင့် တီးခတ်သီဆို ဖျော်ဖြေပေးခဲ့ကြသည်။

ဤကဲ့သို့ မန္တလေးတက္ကသိုလ်ကြီးတွင် ကျင်းပခဲ့သည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို ဖြန့်ကြက် ကြည့်ရှုပါက မြင်ကွင်းအစုံစုံ ရသအဖုံဖုံဖြင့် သက်ဝင်လှုပ်ရှားနေကြသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ပွဲတော်ကျင်းပခဲ့သည့် သုံးရက်တာကာလတွင် သွားလာလှုပ်ရှားဆော့ကစားနေကြသည့် လူငယ်များ၊ ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးနေကြသည့် လူငယ်များ၊ ပြခန်းများခင်းကျင်းပြသနေသော လူငယ်များ၊ အနုပညာလှုပ်ရှားမှုများတွင် စိတ်ပါဝင်စားစွာ ကြည့်ရှုခံစားနေကြသော လူငယ်များနှင့် သတင်းအချက်အလက်နှင့် နည်းပညာများကို စိတ်ပါဝင်စားစွာ လေ့လာနေကြသော လူငယ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်ကို တွေ့ရသည်။

နိုင်ငံတော်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရန်

နိုင်ငံတစ်နိုင်ငံ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိက လိုအပ်သောအချက်မှာ အရည်အချင်း ပြည့်ဝသော နိုင်ငံသူနိုင်ငံသားများ ဖြစ်ထွန်းပေါ်ပေါက်လာရေးပင်ဖြစ်သည်။ တစ်နည်းအားဖြင့် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု၏ အခရာသည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်ပင် ဖြစ်သည်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းသည် ရေတိုဆောင်ရွက်ရမည့် လုပ်ငန်းမဟုတ်ဘဲ မိမိနိုင်ငံ၏ လူဦးရေညွှန်းကိန်းပေါ်မူတည်၍ မဟာဗျူဟာကျကျ စနစ်တကျ အကောင်အထည်ဖော်ရသော လုပ်ငန်းဖြစ်သည်။ တစ်နည်းအားဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းသည် ချက်ချင်းလက်ငင်း လက်ပူတိုက်ဆောင်ရွက်ရသည့် လုပ်ငန်းမဟုတ်ဘဲ အစီအစဉ်ရှိရှိဖြင့် နှစ်ကာလကြာမြင့်စွာ အချိန်ယူရင်းနှီးမြှုပ်နှံဆောင်ရွက်ရသော လုပ်ငန်းဖြစ်သည်။

ယနေ့မြန်မာနိုင်ငံတွင် လူငယ်ထု၏ပမာဏမှာ နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အောင်မြင်အောင် ဆောင်ရွက်နိုင်သည့် အရွယ်အစားရှိနေသဖြင့် အလွန်ကံကောင်းသည်ဟု ဆိုရမည်။ ထို့ကြောင့် လူငယ်ထု၏စွမ်းပကားကို နည်းလမ်းပေါင်းစုံဖြင့် အားပေးမြှင့်တင်ပေးသင့်သည်။ ယနေ့လူငယ်များသည် အနာဂတ် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကြီးမားသည့် မောင်းနှင်အားများလည်း ဖြစ်သည်။ လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခြင်းသည် အနာဂတ်နိုင်ငံတော်ကြီး ဖွံ့ဖြိုးရေးအတွက် တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးပေးခြင်းဟု ခံယူမိသည်။ ယင်းကဲ့သို့ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်များကို နိုင်ငံအနှံ့အပြားတွင် ကျင်းပပေးနိုင်မည်ဆိုပါက လူငယ်ထု၏စွမ်းပကားကို မြှင့်တင်ပေးနိုင်သကဲ့သို့ အနာဂတ်နိုင်ငံတော်၏ ပုံရိပ်ကိုလည်း ကောင်းစွာ ထုဆစ်ပုံဖော်နိုင်မည်ဟု ယုံကြည်မိသည်။ ။

"ယခင်က လူငယ်ထုကိုဗဟိုပြုပြီး ကျင်းပခဲ့သည့် ပွဲလမ်းသဘင် လွန်စွာနည်းပါးခဲ့သည်။ ယခုကဲ့သို့ လူငယ်များ၏အရည်အသွေး၊ လူငယ်များ၏ အတွေးအမြင်များနှင့် လူငယ်များ၏ စွမ်းပကားများကို ဖော်ထုတ်ပြသနိုင်သည့် ပွဲတော်ကြီးမျိုး ကျင်းပပေးရန် မျှော်လင့်စောင့်စားခဲ့ရတာ ကြာခဲ့ပေပြီ။"

(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဈေးကုန်းကျောင်းတိုက်သို့ ဆွမ်းဆန်တော်နှင့် ဆွမ်းပဒေသာပင်လှူဒါန်း

နေပြည်တော် ဩဂုတ် ၁၉
နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ရမည်းသင်းစုနယ်မြေရှိ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက်၌ ယနေ့မွန်းလွဲ ၁ နာရီတွင် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းပွဲအခမ်းအနား ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ပျဉ်းမနားမြို့ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိသာရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ၊ သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်၊ စေတနာရှင်အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲနှင့် ဆေးများကို မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ဆွမ်းပဒေသာပင် အလှူငွေများကို တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက အသီးသီးပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ ပရိယတ္တိစာသင်တိုက်များ၊ သာသနာ့နွယ်ဝင် သီလရှင်စာသင်တိုက်များနှင့် ပျဉ်းမနားဘိုးဘွားရိပ်သာသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ၂၀၀၆ ခုနှစ်မှစ၍ နှစ်စဉ်လှူဒါန်းလျက်ရှိပြီး ယနေ့လှူဒါန်းမှုအစုစုမှာ အလှူငွေကျပ် ၉၅၁၉၅၅၀၊ ဆန် ၇၂၈ အိတ် ၆ ပြည်၊ ဆီ ၂၃၆ ပိဿာ ၂၀ ကျပ်သား၊ ပဲ ၁၇၁၂ ပိဿာ၊ ဆား ၁၇၁၂ ပိဿာ၊ ငရုတ်သီးမှုန့် အထုပ် ၂၁၀၀ နှင့် ဘူး ၁၀၀၀၊ နနွင်းမှုန့်ထုပ် ၇၀၀၊ မဆလာအထုပ် ၇၀၀ နှင့် ဆေးမျိုးစုံ ၆၄၆၀ နှင့်အထုပ် ၃၆၀ တို့ဖြစ်ကြောင်း သိရသည်။

ဇော်မျိုးနိုင်

ကလေးမြို့ သီတဂူအာရောဂျဒါနဆေးရုံတော်တွင် မျက်စိဝေဒနာရှင်များအား (၁၂)ကြိမ်မြောက် အခမဲ့ဆေးကုသပေးမည်

ကလေး ဩဂုတ် ၁၉
ကမ္ဘာ့သာသနာပြု သီတဂူဆရာတော်ကြီး ဒေါက်တာအရှင်ဉာဏိဿရ၏ ဩဝါဒလမ်းညွှန်မှုဖြင့် မျက်စိအထူးကုဆရာဝန်ကြီးများဖြစ်ကြသည့် ပါမောက္ခ(ငြိမ်း) ဒေါက်တာမြအောင်ဦးဆောင်သော မျက်စိအထူးကုဆရာဝန်ကြီး ခြောက်ဦးက စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား ကလေးမြို့ အောင်သစ္စာရပ်ကွက်ရှိ မဟာသန္တာရုံ ကျောင်းတိုက်အနီး သီတဂူအာရောဂျ ဒါနဆေးရုံတော်တွင် (၁၂)ကြိမ်မြောက်မျက်စိအခမဲ့ စမ်းသပ်ကုသပေးသွားမည်ဖြစ်ကြောင်း ကလေးမြို့ မဟာသန္တာရုံကျောင်းတိုက် သီတဂူအာရောဂျဒါန ဆေးရုံတော် စောင့်ရှောက်ရေးအဖွဲ့မှ သိရသည်။

မျက်စိရောဂါစစ်ဆေးလိုသူများ အနေဖြင့် ဩဂုတ် ၂၅ ရက်မှစတင်၍ စာရင်းပေးသွင်းနိုင်ပြီး စက်တင်ဘာ ၁ ရက်မှစတင်၍ မျက်စိစမ်းသပ်စစ်ဆေးပေးမည်ဖြစ်ကာ ခွဲစိတ်ကုသပေးခြင်းကို စက်တင်ဘာ ၄ ရက်မှ ၈ ရက်အထိ အခမဲ့ကုသပေးသွားမည်ဖြစ်ကြောင်း၊ သီတဂူအာရောဂျဒါနဆေးရုံတော်တွင် ပထမအကြိမ်မှ (၁၁)ကြိမ်မြောက်အထိ မျက်စိဝေဒနာရှင် လူနာပေါင်း ၁၁၅၁၉ ဦးတို့ကို စစ်ဆေးစမ်းသပ်ပေးနိုင်ခဲ့ပြီး မျက်စိဝေဒနာရှင် လူနာပေါင်း ၂၄၀၈ ဦးတို့အား ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ မျက်စိကုသမှုခံယူသော လူနာများတွင် (၁၁)ကြိမ်မြောက်အထိ ကလေးမြို့နယ် ဒေသခံများအပြင် ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်နှင့် ချင်းတွင်းအထက်ပိုင်းဒေသများမှ မျက်စိဝေဒနာရှင် လူမျိုးမရွေး၊ ဘာသာမရွေး အခမဲ့ ကုသပေးလျက်ရှိကြောင်း၊ အထူးသဖြင့် လက်ရှိပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများ၊ သက်ကြီးရွယ်အိုများနှင့် ဘာသာရေးဆိုင်ရာ အကြီးအကဲများအား ဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း ကလေးမြို့ မဟာသန္တာရုံကျောင်းတိုက်မှ သီတဂူအာရောဂျဒါန ဆေးရုံတော် စောင့်ရှောက်ရေးအဖွဲ့ အုပ်ချုပ်ရေးမှူး ဆရာတော် ဘဒ္ဒန္တပုညသေဋ္ဌက မိန့်ကြားသည်။

သီတဂူအာရောဂျဒါန ဆေးရုံတော် (ကလေး)ကို ရဟန်းရှင်လူ ပြည်သူအများကောင်းမှုဖြင့် ကမ္ဘာ့သာသနာပြု သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၊ ကလေးမြို့မှ စကားလှမ္မာရုံဆရာတော်၊ နေသာပညာဒါနဆရာတော်၊ မဟာသန္တာရုံ ဆရာတော် စသည့် ဆရာတော်များ၊ ကလေးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများနှင့် အနယ်နယ်အရပ်ရပ်မှ အလှူရှင်များ စုပေါင်း၍ ၁၃၇၁ ခုနှစ် ကဆုန်လဆန်း ၅ ရက် (၂၀၀၉ ခုနှစ် ဧပြီ ၂၈ ရက်)တွင် သီတဂူဆရာတော်ကိုယ်တိုင် ပန္နက်တင်၍ စတင်ဆောက်လုပ်ခဲ့ပြီး ခုတင် ၄၀ ဆံ့ ဆေးရုံတော်ကြီးနှင့် ဆရာတော်ကြီးများ သီတင်းသုံးရာကျောင်းဆောင်၊ ဆရာ ဆရာမများ တည်းခိုဆောင်၊ ထမင်းစားဆောင် အပါအဝင် သီတဂူအာရောဂျဒါနဆေးရုံကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းကြောင်း သိရသည်။

ချင်းတွင်းသား

ပြည်ထောင်စုတရားသူကြီးချုပ်၏ မှာကြားချက် မော်လမြိုင်၌ ထပ်ဆင့်ရှင်းလင်း

မော်လမြိုင် ဩဂုတ် ၁၉
ပြည်ထောင်စုတရားလွှတ်တော်ချုပ် (နေပြည်တော်)၌ကျင်းပခဲ့သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၏ (၁၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲကို ဩဂုတ် ၁၈ ရက် နံနက် ၁၀ နာရီတွင် မော်လမြိုင်မြို့ မွန်ပြည်နယ်တရားလွှတ်တော်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်က ပြည်ထောင်စုတရားသူကြီးချုပ်၏ လမ်းညွှန်မှာကြားချက်ကို ရှင်းလင်းဆွေးနွေးပြီး မွန်ပြည်နယ် တရားလွှတ်တော်တရားရေးဦးစီးမှူး ဒေါ်ကြည်ကြည်စိန်းက ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မှာကြားချက်များနှင့် ရုံးလုပ်ငန်းဆိုင်ရာများကို ထပ်ဆင့်ရှင်းလင်းဆွေးနွေးကြသည်။

အစည်းအဝေးသို့ တက်ရောက်လာကြသည့် ခရိုင်တရားသူကြီးများနှင့် မြို့နယ်တရားသူကြီးများက တရားစီရင်ရေးအခြေအနေနှင့် ရုံးလုပ်ငန်းအခြေအနေများကို တင်ပြဆွေးနွေးကြသည်။ ဆက်လက်၍ ပြည်နယ်တရားလွှတ်တော်တရားသူကြီး ဦးညီညီစိုးနှင့် ဒေါ်ငွေးမြင့်အေးတို့က တရားစီရင်ရေးဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ မှာကြားဆွေးနွေးခဲ့ပြီး ပြည်နယ်တရား လွှတ်တော်တရားရေးဦးစီးမှူးက ခရိုင်နှင့် မြို့နယ်တရားသူကြီးများ၏ တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ **ကျော်သန်း (မော်လမြိုင်)**

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး

မိုင်းယု ဩဂုတ် ၁၉
ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် မိုင်းယုမြို့ရှိ ကျေးလက်နေပြည်သူများ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၈ ရက် နံနက် ၉ နာရီတွင် ဝမ်ဒွန်းနွဲ့ကျေးရွာအုပ်စု ဝမ်ဒွန်းနွဲ့ကျောင်းရွာရှိ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တိုက်နယ်ဆရာဝန် ဒေါက်တာအောင်အောင်ဝင်းထွဋ်က သွေးလွန်တုပ်ကွေးရောဂါကူးစက်ပြန့်ပွားပုံ၊ ကုသရန်နည်းလမ်းများ၊ လိုက်နာဆောင်ရွက်ရမည့်နည်းလမ်းများကို အသိပညာပေးဟောပြောသည်။ ဆက်လက်၍ ဝမ်တာကြန့်ကျေးရွာအုပ်စု ကျေးလက်ကျန်းမာရေးဌာနခွဲမှ သားဖွားဆရာမ ဒေါ်ဖြူဖြူဝင်းက ငှက်ဖျားရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားရခြင်း၊ ကြိုတင်ကာကွယ်ရေးနည်းလမ်းများနှင့် အမျိုးသမီးများ၏ ကျန်းမာရေးဆိုင်ရာ သိမှတ်စရာအကြောင်းတို့ကို ဟောပြောဆွေးနွေးပြီး တက်ရောက်လာကြသူများအား ကျန်းမာရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ကိုကိုနိုင်(ပြန်/ဆက်)**

ဘင်္ဂလားပင်လယ်အော် အခြေအနေ

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။

ကျိုင်းတုံတွင် အမှိုက်များစနစ်တကျစွန့်ပစ်ရေး အသိပညာပေးဟောပြော

ကျိုင်းတုံ ဩဂုတ် ၁၉
ကျိုင်းတုံမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း သံလွင်ခန်းမ၌ အမှိုက်များ စနစ်တကျစွန့်ပစ်ရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၇ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပသည်။

ထိုအခမ်းအနားကို ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးကော်မတီ၏ စီမံချက်အနက် ပထမအကြိမ်ပြုလုပ်ခြင်းဖြစ်ကြောင်း၊ အမှိုက်သရိုက် အညစ်အကြေးများစွန့်ပစ်မှု၊ သိမ်းဆည်းမှုတွင် လူတိုင်းကိုယ်တိုင် ပါဝင်ဆောင်ရွက်ရန်၊ အမှိုက်များကို စနစ်တကျစွန့်ပစ်ရန်၊ သတ်မှတ်ထားသော စည်းကမ်းချက်များ သိရှိစေရန်နှင့် လိုက်နာဆောင်ရွက်ရန်တို့အတွက် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး အလုပ်အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးမျိုးမြင့်အောင်က ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ထွန်းနှင့် စည်ပင်သာယာရေးဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမြင့်သန်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

ဈေးကောက်ပွဲဆိုင်ရာ လုပ်ငန်းခွင်အကြိုဆရာဖြစ် ဆင့်ပွားသင်တန်းဖွင့်

ရွာငံ ဩဂုတ် ၁၉
ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ဩဂုတ် ၁၇ ရက်တွင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းခွင်အကြို ဆရာဖြစ်ဆင့်ပွားသင်တန်းဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးငွေစိုးက အမှာစကားပြောကြားပြီး ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးမြလှိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း၊ သင်တန်းနည်းပြကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးမျိုးမြင့်အောင်နှင့် ဒေါ်သန်းညိုတို့က သင်တန်းနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းကို ဩဂုတ် ၁၇ ရက်မှ ၁၈ ရက်အထိ နှစ်ရက်ကြာဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ရေကြီးရေလျှံမှုများကြောင့် ပြောင်းရွှေ့ရမှု၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ထောက်ပံ့မှုအခြေအနေ

နေပြည်တော် ဩဂုတ် ၁၉

ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့မှုကြောင့် ရေဘေးသင့်ပြည်သူများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရာ ဖွင့်လှစ်ခဲ့သော စခန်းစုစုပေါင်း ၃၇၆ ခုတွင် ၃၃၈ ခု ပိတ်သိမ်းပြီးဖြစ်သည်။

ယခုလက်ရှိအခြေအနေအရ ဖွင့်လှစ်ဆဲစခန်း စုစုပေါင်း ၃၈ ခုတွင် အိမ်ထောင်စု ၃,၂၅၃ စု၊ လူဦးရေ ၁၅၀၁၈ ဦး ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေမှ ကျပ်သိန်း ၃၀၀၀ နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ငွေကျပ် ၄၉၃၈ ဒသမ ၀၅၉ သိန်း ထောက်ပံ့ပေးခဲ့ပြီး ထောက်ပံ့ရေးလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

ရွှေဂွန်း ရေဘေးသင့်ပြည်သူများအား ကရင်ပြည်နယ်ဝန်ကြီးချုပ် သွားရောက်ထောက်ပံ့ပေး

ဘားအံ ဩဂုတ် ၁၉

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် သံလွင်မြစ်ကမ်းဘေးရှိ ရွှေဂွန်းကျေးရွာတွင် မိုးရွာသွန်းမှုများပြီး သံလွင်မြစ်ရေမြင့်တက်မှုကြောင့် ဇူလိုင် ၂၂ ရက်မှ စတင်ပြီး ရေကြီးနစ်မြုပ်ခဲ့သဖြင့် ရေဘေးရှောင်ပြည်သူများအား ဩဂုတ် ၁၉ ရက် နံနက် ၁၀ နာရီက ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် သွားရောက်ကြည့်ရှုအားပေးပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ပြည်နယ်လွှတ်တော်နှင့် စက်မှုဝန်ကြီး ဦးစိုးလှိုင်၊ ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တော၊ သတ္တုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစောပြည်သာ၊ ပြည်နယ်ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်မျိုးတင့်နှင့် သက်ဆိုင်ရာပြည်နယ်အဆင့်ဌာနဆိုင်ရာများသည် ရွှေဂွန်းတိုက်နယ်ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသူများအား သွားရောက်အားပေးစကားပြောကြားပြီး အလှူငွေများနှင့် မုန့်များ ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရေကြီးနစ်မြုပ်သည့် ရွှေဂွန်းကျေးရွာတွင် တာဝန်ထမ်းဆောင်နေကြသော ကျန်းမာရေး၊ ပညာရေး၊ ဆက်သွယ်ရေး၊ မီးသတ်၊ ရဲစခန်းနှင့် စိုက်ပျိုးရေးဝန်ထမ်းများအား ရွှေဂွန်းအထက်ကျောင်း ရွှေပညာရတနာခန်းမ၌ တွေ့ဆုံပြီး အဆိုပါဒေသ ရေကြီးနစ်မြုပ်ခဲ့ရာ မိသားစုဝင်များ၏ ကျန်းမာရေးနှင့် စားသောက်ရေး၊ စာသင်ကျောင်းများ၏ အခြေအနေ၊ လယ်များအတွက် အစားထိုးပြန်လည် စိုက်ပျိုးရမည့် စပါးမျိုးစေ့များ၊ ကျွဲ နွားတိရစ္ဆာန်များ၏ ကျန်းမာရေးနှင့် အစားအစာအခြေအနေများကို ဆွေးနွေးပြီး တက်ရောက်လာကြသော ဝန်ထမ်းများအား ဆန်၊ ဆီ စသည့်များကို ထောက်ပံ့ပေးခဲ့သည်။

ထို့နောက် ရွှေဂွန်းကျေးရွာ၌ ရေကြီးနစ်မြုပ်ခဲ့သဖြင့် ယာယီကယ်ဆယ်ရေးစခန်းဖွင့်ထားသည့် အထက်ဘုန်းတော်ကြီးကျောင်းတွင် အိမ်ထောင်စု ၁၂၉ စု၊ ရွှေစည်သာကားဝင်တွင် အိမ်ထောင်စု ၁၈၀ စုပေါင်း အိမ်ထောင်စု ၃၀၉ စုအတွက် စောင်တဘက်၊ ဆီဘူး၊ ပဲ၊ ကြက်သွန် စသည့် အခြားမီးဖိုချောင်သုံး ပစ္စည်း ၁၀ မျိုးခန့် ပါဝင်သည့် ကော်ရေပုံးတစ်ပုံးစီနှင့် ကလေးငယ်များအား မုန့်များ ပေးဝေကာ ရေဘေးသင့်ပြည်သူများကို အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)

ရဲတပ်ဖွဲ့ဝင်များ ရေကြီးနေသည့်နေရာတွင် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၉

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ ဇမိမြစ်ရေတက်မှုကြောင့် ချောင်းဝကျေးရွာ ကျဲတစ်ချောင်းတံတားပေါ်တွင် ဩဂုတ် ၁၈ ရက် ညနေ ၃ နာရီက ရေကျော်နေသဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင် ဦးစီးသည့်တပ်ဖွဲ့ဝင်များက ခရီးသွားပြည်သူများအား ကူညီပေးခြင်း၊ ယာဉ်လမ်းရှင်းလင်းခြင်းနှင့် လမ်းရေလိုအားအား ငုတ်တိုင်များစိုက်၍ အမှတ်အသား ပြုလုပ်ပေးခြင်းတို့ဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ရဲပြန်ကြား**

ရွှေလင်ပန်းစက်မှုဇုန်ရှိ ဖိနပ်စက်ရုံမှ ကယ်ဆယ်ရေးအထောက်အကူပစ္စည်းများ လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၉

ရေဘေးသင့်ပြည်သူများအတွက် လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန်ရှိ ဖိနပ်စက်ရုံမှ ပိုင်ရှင်နှင့် ဝန်ထမ်းများက ငွေကျပ် ၂၀၁၆၅၀ တန်ဖိုးရှိ ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်နှင့် ရေသန့်များအား ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရုံး(ရန်ကုန်)သို့ ဩဂုတ် ၁၉ ရက် နံနက်ပိုင်းက လာရောက်လှူဒါန်းရာ တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဝင်းရွှေက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်းနှင့် ရေဘေးသင့်ဒေသများသို့ အမြန်ဆုံးပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးမင်းသိန်း(မရမ်းကုန်း)

သုံးခွမြို့နယ် ရေဘေးသင့်ပြည်သူများအား အစားအစာ၊ အဝတ်အထည်များ လှူဒါန်း

သုံးခွ ဩဂုတ် ၁၉

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အောင်သာဒါန်းကျေးရွာနှင့် ထွန်းစိန်ကျေးရွာတို့တွင် ပင်လယ်ရေမြင့်တက်လာမှုကြောင့် လယ်သမားတာ ကျိုးပေါက်ပျက်စီးကာ နေအိမ်များရေဝင်ရောက်ခဲ့သည့် ရေဘေးသင့်ပြည်သူများအတွက် အကူအညီအထောက်အပံ့များကို အဖွဲ့အစည်းအသီးသီးနှင့် အလှူရှင်များက လာရောက်လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

ဩဂုတ် ၁၈ ရက် ညနေ ၄ နာရီက မိုက်နှင်းသာကျေးရွာဘုန်းတော်ကြီးကျောင်းတွင် တိုင်းဒေသကြီး လူမှုကူညီကယ်ဆယ်ရေးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်းဦးနှင့် အလှူရှင်များ၊ စိန်နန်းတော်၊ ရွှေနန်းတော် ရတနာရွှေဆိုင် မိသားစုတို့က ရေဘေးသင့်အိမ်ထောင်စု ၄၂ စု လူဦးရေ ၁၆၂ ဦးအတွက် ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာဘူးများ၊ မုန့်ထုပ်များ၊ အဝတ်အထည်များ၊ ဆပ်ပြာများအပါအဝင် ပစ္စည်း ၂၅ မျိုးကို လှူဒါန်းခဲ့ကြောင်း သိရသည်။ **စည်သူလင်း(ပြန်/ဆက်)**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ရေဘေးဖြစ်ပွားမှုများအတွက် ထောက်ပံ့မှုစာရင်းချုပ်(၁၉-၈-၂၀၁၈)နေ့

စဉ်	ဒေသ	[illegible] အိမ်ထောင်စု	[illegible] လူဦးရေ	[illegible] အိမ်ထောင်စု	[illegible] လူဦးရေ	[illegible] အိမ်ခြေ	စခန်း အရေအတွက်	[illegible]	[illegible]	ဝန်ကြီးဌာနမှ ထောက်ပံ့မှု (ကျပ်): ဆန်ရိက္ခာ	အိမ်ထောင်/ကျောင်း [illegible]	[illegible]	[illegible]	[illegible]	[illegible] (တန်ဖိုး)	ပေါင်း	သဘာဝဘေး ရန်ပုံငွေမှ ထောက်ပံ့မှု	ဝန်ကြီးဌာန+ ရန်ပုံငွေ ထောက်ပံ့မှု စုစုပေါင်း	မှတ်ချက်
	စခန်းများ ပိတ်သိမ်းပြီး																		
၁	စစ်ကိုင်းတိုင်းဒေသကြီး			၄	၂၀					၄၂၀၀၀						၄၂၀၀၀		၄၂၀၀၀	
၂	ပြည်ထောင်စုနယ်မြေ နေပြည်တော်			၁၅၀	၆၀၃			၁		၁၄၄၄၃၀၀			၃၀၀၀၀၀			၁၇၄၄၃၀၀		၁၇၄၄၃၀၀	
၃	မွန်ပြည်နယ်	၇၈	၃၄၅	၁၁၄	၅၂၆		၂	၁		၁၁၆၀၀၀၀			၃၀၀၀၀၀		၂၆၀၁၂၅၀	၄၀၆၁၂၅၀		၄၀၆၁၂၅၀	
၄	ရန်ကုန်တိုင်းဒေသကြီး			၅၇၆	၂၀၆၇	၅	၁၀			၄၉၀၇၇၀၀	၁၂၀၀၀၀၀				၆၈၅၇၁၇၂	၁၂၉၆၄၈၇၂		၁၂၉၆၄၈၇၂	
	ပေါင်း	၇၈	၃၄၅	၈၄၄	၃၅၉၆	၅	၁၂	၂		၇၅၅၄၀၀၀	၁၂၀၀၀၀၀		၆၀၀၀၀၀		၉၄၅၈၄၂၂	၁၈၈၁၂၄၂၂		၁၈၈၁၂၄၂၂	
	စခန်းများဖွင့်လှစ်ဆဲ																		
၅	ကရင်ပြည်နယ်			၆၈၈၉	၃၂၅၂၂	၂	၁၄	၄		၅၉၀၀၂၀၀	၄၀၀၀၀၀	၅၀၇၄၂၀၀	၉၀၀၀၀၀		၁၁၀၆၇၁၀၆	၁၀၈၂၂၂၆၈၆	၁၀၀၀၀၀၀၀၀	၂၀၈၂၂၂၆၈၆	
၆	တနင်္သာရီတိုင်းဒေသကြီး			၁၅၇၉	၇၇၄၈	၂၂	၁၅	၃		၁၇၀၀၀၁၃၀၀	၂၄၅၀၀၀၀	၁၀၂၀၀၀၀	၉၀၀၀၀၀		၇၁၄၅၇၀	၂၂၈၈၉၄၇၀		၂၂၈၈၉၄၇၀	
၇	မွန်ပြည်နယ်	၃,၂၆၇	၁၅၁၉၈	၅၄၄၄	၂၄၁၇၆	၈၇	၇၄	၆		၁၆၅၇၂၀၆၀၀	၅၃၅၀၀၀၀	၇၀၇၂၉၆၀	၁၈၀၀၀၀၀		၁၆၈၉၀၀၄၅	၂၀၄၈၉၇၀၄၅	၁၀၀၀၀၀၀၀၀	၃၀၄၈၉၇၀၄၅	
၈	ပဲခူးတိုင်းဒေသကြီး	၆၄၇၈	၂၉၀၀၀	၂၇၀၉၀	၈၁၆၂၂	၁၇	၁၉၂	၄		၂၅၈၆၉၁၃၀၀		၁၄၄၇၄၉၀၇၂	၁၂၀၀၀၀၀		၁၂၈၀၀၀၀	၂၈၇၅၀၈၀၇၂	၁၀၀၀၀၀၀၀၀	၃၈၇၅၀၈၀၇၂	
၉	မကွေးတိုင်းဒေသကြီး			၁၅၀	၁,၂၀၀		၇	၂		၂၄၄၀၀၀၀		၂၆၆၄၀၀	၆၀၀၀၀၀			၃၃၀၆၄၀၀		၃၃၀၆၄၀၀	
၁၀	စစ်ကိုင်းတိုင်းဒေသကြီး			၈၄	၃၃၈		၁	၁		၇၇၄၈၀၀			၃၀၀၀၀၀		၈၅၂၀၀	၁၁၅၉၄၀၀		၁၁၅၉၄၀၀	
၁၁	ဧရာဝတီတိုင်းဒေသကြီး			၆၄၅	၂၄၇၀	၁၄၅	၂			၂၀၄၁၅၀၀	၇၄၀၀၀၀၀	၃၀၀၀၀			၄၁၉၆၄၀	၁၃၉၂၂၉၄၀		၁၃၉၂၂၉၄၀	
	ပေါင်း	၈၇၀၅	၄၅၅၇၀	၄၁,၂၆၉	၁၆၂,၅၉၄	၂၄၈	၃၆၄	၂၀		၃၄၉၈၈၅၅၇၀၀	၁၅၆၀၀၀၀၀	၇၂၃၀၀၈၇၂	၅၇၀၀၀၀၀		၃၀၀၆၈၅၈၆	၉၄၄၇၂၀၄၁၈	၃၀၀၀၀၀၀၀၀	၁၂၄၄၇၂၀၄၁၈	
	စုစုပေါင်း	၈၇၈၃	၄၅၉၁၅	၄၂၁၀၀၀	၁၆၆၆၇၂	၂၅၃	၃၇၆	၂၂		၃၅၇၂၄၀၅၇၀၀	၁၆၈၀၀၀၀၀	၇၂၃၀၀၈၇၂	၆၃၀၀၀၀၀		၄၉၅၂၇၀၀၈	၉၆၃၃၃၂၈၄၀	၃၀၀၀၀၀၀၀၀	၁၂၆၃၃၃၂၈၄၀	

မှတ်ချက်။ **စခန်းပိတ်သိမ်းမှု အခြေအနေ**

- စစ်ကိုင်းတိုင်းဒေသကြီး၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် စခန်းများအားလုံး ပိတ်သိမ်းပြီးဖြစ်ပါသည်။

* - စုစုပေါင်း စခန်း (၃၇၆)ခု ဖွင့်လှစ်ခဲ့သည့်အနက် (၃၃၈)ခု ပိတ်သိမ်းပြီးဖြစ်ပါသည်။

(၁၉-၈-၂၀၁၈)နေ့ရှိ စခန်းများ အခြေအနေ

- စုစုပေါင်း စခန်း (၃၈)ခုတွင် အိမ်ထောင်စု (၃,၂၅၃)စု၊ လူဦးရေ(၁၅၀၁၈)ဦး ယာယီပြောင်းရွှေ့ နေထိုင်လျက်ရှိပါသည်။
- ကရင်ပြည်နယ်တွင် စခန်း (၁၅)ခု အိမ်ထောင်စု (၂၀၆၄)စု၊ လူဦးရေ(၁၀၂၅၆)ဦး ယာယီပြောင်းရွှေ့ နေထိုင်လျက်ရှိပါသည်။
- တနင်္သာရီတိုင်းဒေသကြီးတွင် စခန်း (၆)ခု အိမ်ထောင်စု (၁၅၈)စု၊ လူဦးရေ(၈၀၆)ဦး ယာယီပြောင်းရွှေ့ နေထိုင်လျက်ရှိပါသည်။
- မွန်ပြည်နယ်တွင် စခန်း (၄)ခု အိမ်ထောင်စု (၈၃)စု၊ လူဦးရေ(၃၈၃)ဦး ယာယီပြောင်းရွှေ့ နေထိုင်လျက်ရှိပါသည်။
- ပဲခူးတိုင်းဒေသကြီးတွင် စခန်း (၃)ခု အိမ်ထောင်စု (၁၈၆)စု၊ လူဦးရေ(၉၉၅)ဦး ယာယီပြောင်းရွှေ့ နေထိုင်လျက်ရှိပါသည်။
- မကွေးတိုင်းဒေသကြီးတွင် စခန်း (၇)ခု အိမ်ထောင်စု (၃၅၀)စု၊ လူဦးရေ(၁၂၀၀)ဦး ယာယီပြောင်းရွှေ့ နေထိုင်လျက်ရှိပါသည်။
- စစ်ကိုင်းတိုင်းဒေသကြီးတွင် စခန်း (၁)ခု အိမ်ထောင်စု (၈၄)စု၊ လူဦးရေ (၃၃၈)ဦး ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိပါသည်။
- ဧရာဝတီတိုင်းဒေသကြီးတွင် စခန်း (၂)ခု အိမ်ထောင်စု (၃၂၇)စု၊ လူဦးရေ (၉၈၀)ဦး ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိပါသည်။

ဥတုရာသီ တောကိုမှီ၏

အဆိုတော်တွေနေတဲ့ရွာ ရုပ်ရှင်ဇာတ်ကား ဩဂုတ် ၂၄ ရက်မှစတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသမည်

ရန်ကုန် ဩဂုတ် ၁၉

အောင်သီရိရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေးမှထုတ်လုပ်ပြီး ဇာတ်လမ်းနှင့် ဒါရိုက်တာ ရာဇဝင်ကို ရိုက်ကူးထားသည့် "အဆိုတော်တွေနေတဲ့ရွာ" ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြိုမိတ်ဆက်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၌ပြသခဲ့ပြီး ဩဂုတ် ၂၄ ရက်မှစတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာပြည်သိန်းတန်

ရာဇဝင်ကို

ဇေရဲထက်

ရွှေမှုံရတီ

ဝါဝါအောင်

အဆိုပါ ဇာတ်ကားတွင် မင်းမော်ကွန်း၊ ဇေရဲထက်၊ မြန်မာပြည်သိန်းတန်၊ ခင်လှိုင်၊ ဒိန်းဒေါင်၊ မို့မို့မြင့်အောင်၊ ရွှေမှုံရတီ၊ နုနန္ဒာသန်းနှင့် အခြားသော အနုပညာရှင်များ ပါဝင်ပြီး ဂီတကို ရူးသွပ်လောက်သည်အထိ ဝါသနာပါ ချစ်မြတ်နိုးသူများနေထိုင်ကြသည့် ရွာတစ်ရွာတွင် ဂီတပြိုင်ပွဲကျင်းပပုံနှင့် အလွဲအချော်များ၊ ဂီတကို ပုံစံအမျိုးမျိုးဖြင့် အစွဲအလမ်းကြီးစွာ ဝါသနာပါ ချစ်မြတ်နိုးကြသူတို့၏ ပုံရိပ်များကို ဟာသအမြင်ဖြင့် ပျော်ရွှင်ဖွယ်ဖြစ်အောင် ရိုက်ကူးထားသည့် ဟာသရုပ်ရှင်ဇာတ်ကား ဖြစ်သည်။

ဇာတ်လမ်းနှင့် ဒါရိုက်တာ ရာဇဝင်ကိုက "အန်ကယ် ဦးသိန်းတန်တို့ ဇနီးမောင်နှံနဲ့ ရိုက်ချင်တယ်ဆိုတဲ့အတွက် ရိုက်ဖြစ်ခဲ့တာပါ။ ဒီဇာတ်လမ်းက ကျွန်တော့်မှာ အရင်ကတည်းကရှိပြီးသားပါ။ အန်ကယ်တို့နဲ့ရိုက်တဲ့အခါ ဇာတ်လမ်း ပုံစံနည်းနည်းပြောင်းပြီး ရိုက်ခဲ့တာပါ။ ပရိသတ်တွေအနေနဲ့ ကျွန်တော်တို့ကားလေးကို ကြည့်တဲ့အချိန်မှာ ပျော်ရွှင်နေရမယ်၊ သူတို့ရဲ့ ဘဝအမောတွေ ပျောက်သွားမယ်ဆိုရင် လုပ်ရကျိုးနပ်ပါတယ်။ အဆိုပြိုင်ပွဲတွေ ခေတ်စားနေတဲ့အခါမှာ ရန်ကုန်မြို့မှာသာကျင်းပနေတဲ့ အဆိုပြိုင်ပွဲတစ်ခုကို ရွာဘက်မှာကျင်းပခဲ့ရင် ဘယ်လိုနေမလဲဆိုတဲ့ ပုံစံမျိုးနဲ့ ရိုက်ထားတာပါ။ Idol ပွဲကို ရွာကိုရွှေ့လိုက်တဲ့ သဘောပါ။ ကျွန်တော်တို့အနေနဲ့ Myanmar Idol ကို လှောင်တာမျိုးမဟုတ်ပါဘူး။ ချစ်စဖွယ်ပုံစံမျိုးနဲ့ ရိုက်ထားတာပါ။ အဲဒီအတွက်လည်း ပရိသတ်ကြီးအနေနဲ့ အားပေးကြပါဦး။ အန်ကယ်နဲ့ အန်တီတို့ကိုလည်း ဒီဇာတ်ကားမှာ ထူးခြားတဲ့ ဇာတ်ရုပ်တွေနဲ့တွေ့ရမှာပါ"ဟု ပြောသည်။

သရုပ်ဆောင် ဇေရဲထက်က "ဒီဇာတ်ကားမှာ ကျွန်တော်က Rap ဂီတကိုရူးသွပ်နေတဲ့ ကောင်လေးတစ်ယောက်ပါ။ ကိုခင်လှိုင်နဲ့တွဲရတယ်။ တခြားသူတွေကလည်း ဂီတနဲ့ ပတ်သက်ပြီး အမျိုးမျိုးရူးသွပ်နေကြတယ်။ အဲဒီအထဲမှာ ကျွန်တော်ကတော့ Rap ဂီတကို မြတ်နိုးတဲ့သူအနေနဲ့ ရိုက်ထားတာပါ။ တစ်ကားလုံး ကောင်းပါတယ်။ သူ့ဇာတ်လမ်းနဲ့သူ စီးမျောနေတာပါ။ စိတ်အပန်းဖြေစရာ၊ ရယ်မောပျော်ရွှင်ဖွယ်ရာကောင်းတဲ့ ကားလေးတစ်ကားပါ" ဟု ပြောသည်။

မြန်မာပြည်သိန်းတန်က "အဲဒီတုန်းက Myanmar Idol Season 2 ရိုက်နေတာပါ။ ဇာတ်ညွှန်းကို ဖတ်ကြည့်တော့ Idol ပါတယ်။ တော်တော်လေးလည်း တိုက်ဆိုင်တယ်။ ဇာတ်လမ်းလေးနဲ့ ရယ်စရာလေးတွေကိုလည်း ကြိုက်တယ်။ ဇာတ်လမ်းထဲမှာ သူနဲ့ကိုယ်နဲ့ ငယ်ငယ်တုန်းက ရည်းစား၊ ပြီးတော့ ပြန်ကွဲသွားပြီး ပြန်တွေ့ကြတယ်။ အဲဒါလေးကိုလည်း သဘောကျလို့ ရိုက်ဖြစ်ခဲ့တာပါ။ ဒီကားထဲမှာတော့ နာမည်က ကိုတုတ်ကြီးပါ။ မြန်မာသံစဉ်ကိုဝါသနာပါပြီး မြန်မာပြည်သိန်းတန်ကို ကြိုက်တဲ့သူတစ်ယောက်ပါ။ မြန်မာပြည်သိန်းတန်လို ဝတ်ချင်တယ်၊ ဆိုချင်တယ်ဆိုတဲ့ ဇာတ်ရုပ်ပါ။ အန်ကယ်သဘောကျပါတယ်။ ရိုက်ကွင်းမှာ နေ့တိုင်းပျော်ခဲ့ရပါတယ်။ ကျန်တဲ့သူတွေကလည်း အန်ကယ်တို့ကို လက်တွဲခေါ်ယူပေးပါတယ်။ ဒီကားလေးဟာ စိတ်ဝင်စားစရာကောင်းပြီး ဒီကားလေးထွက်လာတဲ့အတွက် ပိုပြီး စိတ်ဝင်စားဖို့ကောင်းသွားပါတယ်။ ဒီဇာတ်ကားထဲမှာ အဖေနဲ့ အမေက မြန်မာသံ အဆိုတော်ကြိုက်တဲ့သူတွေပါ။ ကိုယ်ကတော့ ပန့်အဆိုတော်ဖြစ်ချင်တဲ့သူတစ်ယောက်ပါ။ ပျော်စရာကောင်းပြီး ရယ်ရတဲ့ ဇာတ်ကားလေးပါ"ဟု ပြောသည်။

သရုပ်ဆောင် ဝါဝါအောင်က "ဒီဇာတ်ကားမှာ အဆိုတော်ကြီး၊ ပွဲစီစဉ်တဲ့သူ ဒိတ်ဒိတ်ကြဲအဖြစ် ပါဝင်ထားတာပါ။ မနုနန္ဒာသန်းရဲ့ သူငယ်ချင်းအဖြစ် သရုပ်ဆောင်ရတာပါ။ တစ်ရွာလုံးမှာ ရှိတဲ့သူတွေက တစ်ယောက်တစ်မျိုးစီ အဆိုတော်ဖြစ်ချင်ကြတယ်။ အဲဒီအတွက် ပွဲလုပ်ချင်တယ်ဆိုလို့ ရန်ကုန်မှာရှိတဲ့ ပွဲစီစဉ်သူကိုခေါ်ပြီး ပွဲလုပ်ခိုင်းတဲ့

အဆိုတော်တွေနေတဲ့ရွာ ရုပ်ရှင်ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်းကို တွေ့ရစဉ်။

ရယ်ရတဲ့ဇာတ်ကားမျိုးပါ။ အခုပြန်ကြည့်လိုက်တော့လည်း ထင်ထားတာထက်ပိုပြီး ရယ်ရပါတယ်။ အားလုံးလာပြီး အားပေးကြပါ။ ဩဂုတ် ၂၄ ရက်မှာ ရုံတင်မှာပါ"ဟု ပြောသည်။

သရုပ်ဆောင် ရွှေမှုံရတီက "Idol နဲ့ပတ်သက်ပြီး ဂယက်တွေ မထခင်ကတည်းက ဒီဇာတ်ကားကိုရိုက်ထားတာပါ။ နှစ်နှစ်ကျော်ခဲ့ပါပြီ။ အခုလို ဂယက်တွေကြားထဲမှာ ပုံစံမျိုးပါ။ ဒီဇာတ်ကားဟာ ပုံမှန်ဇာတ်ကားတွေနဲ့ မတူပါဘူး။ အပြင်အဆင်တွေ၊ ဒီဇိုင်းတွေအပြင် ဂီတအမျိုးအစား တစ်ခုချင်းစီရဲ့ ပုံစံမျိုးတွေ ဝတ်စားထားကြတဲ့အတွက် ထူးထူးခြားခြားလေးပါ။ ပရိသတ်ကြီးလည်း သဘောကျမှာပါ။ လာရောက်ပြီး အားပေးကြပါ"ဟု ပြောသည်။

ဇာတ်လမ်းအကျဉ်းအနေဖြင့် မိုက်ခဲရွာမှာရှိတဲ့ လူတွေအားလုံးက သီချင်းဆိုခြင်းကို ဝါသနာပါကာ ကိုယ်အားသန်ရာ၊ ကိုယ်ကြိုက်ရာ သီချင်းအမျိုးအစားအလိုက် ရူးသွပ်ကြတယ်။ Rock ဂီတကို ရူးသွပ်သူများ၊ Rap ဂီတကို ရူးသွပ်ကြသူများ၊ Punk ဂီတကိုရူးသွပ်ကြသူများ၊ မြန်မာသံကို ရူးသွပ်ကြသူများ စသဖြင့် အားလုံးက ကိုယ့်လိုင်းနဲ့ကိုယ် မျောလွင့်နေကြတာပါ။ ပြီးတော့ သူတို့က ကိုယ်အားပေးတဲ့ ဂီတအမျိုးအစားမဟုတ်ရင် တခြားဂီတအမျိုးအစားတွေကို ဂီတလို့မထင်။ ရွာမှာလည်း မရှိစေချင်၊ အသံတောင်မကြားချင်တဲ့အတွက် ဂီတအမျိုးအစားတိုက်ပွဲတွေ ခဏခဏ ဖြစ်ကြပါတယ်။

အဲဒီအထဲမှာမှ အဆိုးဆုံးကတော့ ဒေးဗစ်ကြက်မတို့မိသားစုနဲ့ ကိုးဖြူတို့မိသားစုပါပဲ။ အဲဒီမိသားစု နှစ်စုက တစ်ဖက်နဲ့တစ်ဖက် ဂီတအမျိုးအစားမတူလို့ မတည့်ကြရတဲ့အထဲ အချစ်ရေးနဲ့ပတ်သက်ပြီးတော့လည်း ရည်းစားလုဖက်တွေဖြစ်နေကြတော့ ခဏခဏရန်ဖြစ်ကြတယ်။

အဲဒီလိုတွေ ခဏခဏရန်တွေဖြစ်ကြ၊ ရည်းစားတွေလုကြ၊ ကိုယ့်ဂီတကိုမှ ဂီတလို့ထင်ကြ ဖြစ်နေကြရင်းနဲ့ပဲ တစ်နေ့မှာတော့ သူတို့ရွာလေးကို ရန်ကုန်မှာ ပွဲတွေစီစဉ်၊ အဆိုတော်လည်းလုပ်တဲ့ ဒေါ်ဒိတ်ဒိတ်ကြဲနဲ့ သူမရဲ့ချစ်သူကောင်လေး ထန်ကြီးတို့ ရောက်လာကြတယ်။ အဲဒီမှာ တင်ပဲ သူတို့ရွာလေးမှာ ရန်ကုန်က မြန်မာအိုင်ဒေါလိုပဲ မိုက်ခဲရွာအိုင်ဒေါလုပ်မယ်၊ ဆုရတဲ့သူကို သီချင်းခွေထုတ်ပေးမယ်ဆိုတဲ့အဆင့်အထိ ရောက်လာတယ်။

အိုင်ဒေါမှာ ဒိုင်လုပ်ရမှာက ဦးတုတ်ကြီးရယ်၊ ဒေါ်ဒိတ်ဒိတ်ကြဲရယ်၊ ဒေါ်ချစ်စုရယ်ပါ။ အဲဒီတော့ ရွာထဲက လူတွေကလည်း ပြိုင်ပွဲမှာ ဒိုင်တွေက မျက်နှာသာပေးအောင် ဒိုင်သုံးယောက်ကို လာဘ်တွေထိုးကြတယ်။

ဦးတုတ်ကြီးရဲ့ သမီးနှစ်ယောက်နဲ့ ဒေါ်ချစ်စုရဲ့သားတို့က ဦးတုတ်ကြီးနဲ့ ဒေါ်ချစ်စုကို အသက်ကြီးမှ ပြန်ပေါင်းထုပ်ကြမှာကို မလိုလားဘူး။ ဒီတော့ အမျိုးမျိုးကန့်ကွက်ကြတယ်။ ဒီတော့ ဦးတုတ်ကြီးနဲ့ ဒေါ်ချစ်စုတို့က ဒေါ်ဒိတ်ဒိတ်ကြဲရဲ့ အကူအညီနဲ့ ပြိုင်ပွဲညမှာ ပွဲဆူအောင်လုပ်ပြီး ခိုးပြေးကြဖို့ လုပ်ထားကြတယ်။

ဒီလိုနဲ့ ပြိုင်ပွဲညရောက်တဲ့အခါမှာတော့ ရွာထဲမှာရှိသမျှလူတွေက ကိုယ်အားသန်ရာသီချင်းတွေနဲ့ အမျိုးမျိုးပြိုင်ကြတယ်။ နောက်ဆုံးဆုပေးတဲ့အခါမှာတော့...။ ။

သတင်း-ဇော်ကြီး
ဓာတ်ပုံ-ဖေဇော်

ဆောမြို့နယ် ခွင်းချောင်းကျေးရွာတွင် တိုင်းရင်းဆေးဖြင့် ဆေးဝါးကုသပေး

ဆော ဩဂုတ် ၁၉

ဂန့်ဂေါခရိုင် ဆောမြို့နယ် တိုင်းရင်းဆေးကုဌာန ဆေးကုသရေးအဖွဲ့သည် ဆောမြို့နယ်အတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်းကုသလျက်ရှိရာ ဩဂုတ် ၁၈ ရက်က ခွင်းချောင်းကျေးရွာ အမက (မူလွန်)ကျောင်းတွင် ကျန်းမာရေးပညာပေးဟောပြောပြီး ကျောင်းသားကျောင်းသူများအား ကျန်းမာရေးစစ်ဆေးပေး၍ ဆေးဝါးကုသပေးခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းကုသပေးရာတွင် ရာသီအလိုက် ဖြစ်တတ်သောရောဂါများ၊ လက်ဆေးခြင်း၊ အစာစားပြီး သွားတိုက်ရန်၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ဆောင်ရန်၊ ရှောင်ရန်များကို ကျန်းမာရေးအသိပညာပေးဟောပြောပြီး ကျောင်းသား ကျောင်းသူ ၉၆ ဦးအား တိုင်းရင်းဆေးဖြင့် အခမဲ့ကုသပေးခဲ့ကြောင်းနှင့် ရင်ကျပ်ချောင်းဆိုးနှင့် ယားနာများကိုသာ အများဆုံးတွေ့ရကြောင်း မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ဟန်နီလှစိုးထံမှ သိရသည်။

၄၆၅

မိုင်းဖြတ်၌ ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြော

မိုင်းဖြတ် ဩဂုတ် ၁၉
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းက ကျင်းပသည့် အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အထက(မိုင်းဖြတ်)ကျောင်းရှိ ရွှေလီဆောင်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) ပြည်နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ကျိုင်းတုံ) ဥက္ကဋ္ဌ ဦးစိုင်းဆမ်တစ်က "မူးယစ်ဟူသမျှ ဆန့်ကျင်ကြ" ဟူသည့် ခေါင်းစဉ်ဖြင့် ရှင်းလင်းပြောကြားပြီး ပြည်နယ်ကြက်ခြေနီအသင်း (ကျိုင်းတုံ) တပ်ဖွဲ့မှူး ဦးဝင်းမြတ်က ကြက်ခြေနီအကြောင်းသိကောင်းစရာများ၊ ကြက်ခြေနီအသင်းဖြစ်ပေါ်လာပုံ သမိုင်းကြောင်းနှင့် မိုင်းအန္တရာယ်လျှော့ချရေးအကြောင်း သိကောင်းစရာများကို ရှင်းလင်းဟောပြောခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့
မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့
စက်တင်ဘာလ ၁၃ ရက်
လူကုန်ကူးမှုပပျောက်ရေး
ပြည်သူအားလုံး ပါဝင်ပေး။

ရန်ကုန်-မော်လမြိုင်-ထားဝယ်လမ်းပိုင်း ရထားခရီးစဉ်များ ဩဂုတ် ၂၀ ရက်မှ စ၍ ပုံမှန်ပြေးဆွဲပေးမည်

ရန်ကုန် ဩဂုတ် ၁၉
ရန်ကုန်-မော်လမြိုင်-ထားဝယ်ရထားလမ်းပိုင်းဖြစ်သော နှင်းပုလဲဘူတာနှင့် ဒိုဝန်းဘူတာကြားရှိ ရေတိုက်စားခံခဲ့ရသည့် ရထားလမ်းပိုင်းအား မြန်မာ့မီးရထားက ၂၁ ရက်ကြာ ပြုပြင်ဆောင်ရွက်ခဲ့ပြီးနောက် ရန်ကုန်-မော်လမြိုင်-ထားဝယ်လမ်းပိုင်း ခရီးစဉ်အား ဩဂုတ် ၂၀ ရက် နံနက်မှ စတင်ကာ ပုံမှန်ပြေးဆွဲမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

ပြီးခဲ့သည့် ဇူလိုင်လတွင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုများကြောင့် အဆိုပါလမ်းပိုင်းရှိ တံတားရေလယ်တိုင်တစ်ခုမှာ ကျိုးကျပျက်စီးခဲ့ရကြောင်းနှင့် ရေတိုက်စားခဲ့သဖြင့် ရထားလမ်းပိုင်းမှာ ပတ္တလားပုံစံပျက်စီးခဲ့ရသည်။

မြန်မာ့မီးရထားအထွေထွေမန်နေဂျာ(စစ်ဆေးရေး) ဦးဘမြင့်က "ကျွန်တော်တို့ မြန်မာ့မီးရထားအနေနဲ့ ဝန်ထမ်းအင်အား ၁၅၀ ကို အသုံးပြုပြီး နေ့ည ပြုပြင်ဆောင်ရွက်ခဲ့ကြပါတယ်။ ဝန်ထမ်းတွေလည်း အလွန်ပင်ပန်းခဲ့ကြပြီး လူ ၅၀ လောက် နာမကျန်းဖြစ်ခဲ့ရပါတယ်။ အဓိကကတော့ ခရီးသည်တွေအနေနဲ့ ရထားကို အားကိုးစီးနင်းနေကြတာမို့ အမြန်ဆုံးပြုပြင်ဆောင်ရွက်ခဲ့ကြတာပါ။ အခုတော့ ခရီးသွားပြည်သူတွေအတွက် အဆင်ပြေနေပါပြီ။ သဘာဝဘေးအန္တရာယ်ဆိုတာ ကမ္ဘာကြီးပူနွေးလာမှုနဲ့လည်း သက်ဆိုင်ပါတယ်။ ပြီးတော့ သစ်ပင်တွေ ခုတ်လှဲမှုကြောင့်လည်း ပါတယ်။ ရေလမ်းကြောင်းတွေက နဂိုထက်ပိုမြင့်မားလာတဲ့အတွက် တံတားတွေ ရေကျော်နေတဲ့နေရာမှာ ရေအရင်းအမြစ်ဦးစီးဌာနနဲ့ ညှိနှိုင်းပြီး ရေပွှန်ပေါက် လေးခုလောက်ဖောက်ပါမယ်။ ဒါမှ ရေစီးရေလာကောင်းပြီး ဝင်လာတဲ့ရေလမ်းကြောင်းတွေအတွက်ပါ အဆင်ပြေစေမှာဖြစ်ပါတယ်။ သောင်တူးပြီး ရေလမ်းကြောင်းတည့်ပေးမယ်ဆိုရင် သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်ကာကွယ်နိုင်မှာ ဖြစ်ပါတယ်" ဟု ပြောသည်။

နှင်းပုလဲ-ဒိုဝန်းဘူတာကြားလမ်းပိုင်းအား လူစီးရထားတွဲဖြင့် စမ်းသပ်မောင်းနှင်နေသည်ကို တွေ့ရစဉ်။

ယခု ပြုပြင်ဆောင်ရွက်ပြီးစီးသည့် ရထားလမ်းပိုင်းတွင် ရထားပြေးဆွဲမောင်းနှင်မှုကို နှစ်ပတ်ကြာ အနှေးမောင်းနှင်ခြင်းဖြင့် မောင်းနှင်မည်ဖြစ်ပြီး လမ်းပိုင်းအသားကျပြီးနောက် ပုံမှန်အတိုင်း ပြေးဆွဲမောင်းနှင်မည်ဖြစ်ကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ရရှိမည့် ဘတ်ဂျက်အပေါ်မူတည်ပြီး တံတားဟောင်းအနီး၌ တံတားအသစ်တစ်စင်း ထပ်မံဆောက်လုပ်မည်ဖြစ်ကြောင်း မြန်မာ့မီးရထားလုပ်ငန်းမှ သိရသည်။

ယခုအခါ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ တာဝန်ရှိသူများက ရထားလမ်းပိုင်း အချိန်မီပြုပြင်ခဲ့မှုကြောင့် မော်လမြိုင်မှ ရန်ကုန်သို့ ပြေးဆွဲနေသော ၁၇၆ အစုန်၊ ၃၆ အစုန်၊ ၉၀ အစုန်၊ ရန်ကုန်မှ မော်လမြိုင်သို့ ပြေးဆွဲနေသော ၁၇၅ အဆန်၊ ၃၅ အဆန်၊ ၈၉ အဆန်၊ မော်လမြိုင်မှ နေပြည်တော်သို့ ပြေးဆွဲနေသော ၁၈ အစုန်၊ ၁၇ အဆန်၊ နေပြည်တော်မှ မော်လမြိုင်သို့ ပြေးဆွဲနေသော ၁၆ အစုန်၊ ၁၅ အဆန် လူစီးရထားတွဲဆိုင်းများနှင့် မော်လမြိုင်မှ ပဲခူးသို့ ပြေးဆွဲနေသော ၈၆ အစုန်၊ ၈၅ အဆန်၊ လော်ကယ်ရထားများကို ယခင် အချိန်စာရင်းအတိုင်း ဩဂုတ် ၂၀ ရက်မှစတင်ကာ ပုံမှန် ပြန်လည်ပြေးဆွဲသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထား၏ ကြေညာချက်အရ သိရသည်။

သတင်း-ပွင့်သစ္စာ၊ ဓာတ်ပုံ-စိုးမြင့်အောင်

မိုင်းဖြတ်မြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၊ ခြောက်ဦးဒဏ်ရာရ

မိုင်းဖြတ် ဩဂုတ် ၁၉
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် ဆိုင်းလေကျေးရွာအနီး ပြည်ထောင်စုလမ်းမပေါ်တွင် ဩဂုတ် ၁၉ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်က မိုင်းဖြတ်မှ ကျိုင်းတုံသို့ မောင်းနှင်လာသော RANGER FORD ယာဉ်နှင့် ကျိုင်းတုံမှ မိုင်းဖြတ်သို့ မောင်းနှင်လာသော TOYOTA HIACE ခရီးသည်တင်ယာဉ်နှစ်စီးတိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုင်းဖြတ်မှ ကျိုင်းတုံသို့ ယာဉ်မောင်း ဦးစိုင်းလုံ မောင်းနှင်လာသော RANGER FORD ယာဉ်သည် မိုင်းဖြတ်မြို့နယ် ဆိုင်းလေကျေးရွာအနီး ပြည်ထောင်စုလမ်းမအကွေ့တွင် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကျောရှိ TOYOTA HIACE ယာဉ်ဦးခေါင်းပိုင်းအား ဝင်တိုက်မိပြီး တစ်ပတ်လည်ကာ လမ်း၏ဝဲဘက်သို့ ထိုးကျခဲ့ကြောင်း သိရသည်။ ယာဉ်တိုက်မှုကြောင့် TOYOTA HIACE ယာဉ်ဦးခေါင်းပိုင်း ကြေမွပျက်စီးခဲ့ပြီး ယာဉ်ပေါ်ပါ ခရီးသည်အမျိုးသမီးနှစ်ဦး၊ အမျိုးသားနှစ်ဦးနှင့် ယာဉ်မောင်းနှစ်ဦးတို့ ထိခိုက်ဒဏ်ရာ အသီးသီး (မစိုးရိမ်ရ)ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ဦးစိုင်းလုံအား မိုင်းဖြတ်မြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

ရွှေလမွန် (ပြန်/ဆက်)

MNL ယူ-၁၉ အမှတ်ပေးပြိုင်ပွဲ ရှမ်းယူနိုက်တက်အသင်း နှစ်ကြိမ်ဆက်ဖိုလ်စွဲ

ရန်ကုန် ဩဂုတ် ၁၉
၂၀၁၈ ဘောလုံးရာသီ MNL ယူ-၁၉ အမှတ်ပေးပြိုင်ပွဲ ပြီးဆုံးသွားပြီဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်း နှစ်ကြိမ်ဆက်ဖိုလ်စွဲခဲ့သည်။

ပြိုင်ပွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၅၄ မှတ်ဖြင့် ပထမ၊ ရတနာပုံအသင်းက ၅၂ မှတ်ဖြင့် ဒုတိယ၊ Southern အသင်းက ၄၆ မှတ်ဖြင့် တတိယရရှိသည်။ ရှမ်းယူနိုက်တက်အသင်းသည် ပြီးခဲ့သည့်ရာသီကလည်း ချန်ပီယံရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပွဲစဉ်မကုန်မီ တစ်ပွဲအလိုကတည်းက ချန်ပီယံဖြစ်ခဲ့ပြီး နောက်ဆုံးပွဲဖြစ်သည့် ရတနာပုံအသင်းနှင့် ယှဉ်ပြိုင်သည့်ပွဲတွင် ရတနာပုံအသင်းက ရှမ်းယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

နှစ်ကြိမ်ဆက်ချန်ပီယံ ရှမ်းယူနိုက်တက် ယူ-၁၉ အသင်း။

ယင်းပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကျင်းပရာ တတိယဆုရ Southern အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ၂၅ သိန်း၊ ဒုတိယဆုရ ရတနာပုံအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သိန်း ၅၀၊ ပထမဆုရ ရှမ်းယူနိုက်တက်အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေးငွေကျပ်သိန်း ၁၀၀ နှင့် ဆုဖလားကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် မြန်မာနေရှင်နယ်လိဂ် ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ စိုင်းဆမ်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်း၊ MNL အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်၊ MNL ကလပ်ပိုင်ရှင်များနှင့် စပွန်ဆာကုမ္ပဏီများမှ တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

ရှိုင်းထက်ဇော်
ဓာတ်ပုံ-ရှမ်းယူနိုက်တက်

ကိုရီးယားစစ်ပွဲအတွင်း ကွဲကွာသွားသော မိသားစုဝင်များအား ပြန်လည်တွေ့ဆုံခွင့်ပြုမည်

ပြုံယမ်း ဩဂုတ် ၁၉

၆၅ နှစ်အကြာက ကိုရီးယားစစ်ပွဲအတွင်းပြိုကွဲခဲ့သော တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားမိသားစုများအား ဩဂုတ် ၂၀ ရက်တွင် ပြန်လည်တွေ့ဆုံခွင့်ပေးမည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

စစ်ပွဲအတွင်းပြိုကွဲသွားသော မိသားစုများအား ပြန်လည်တွေ့ဆုံခွင့်ပေးမည်ဖြစ်သည့်အတွက် တောင်ကိုရီးယားနိုင်ငံ နယ်စပ်ဒေသရှိ မြို့တစ်မြို့တွင် မိသားစုဝင်များနှင့် ပြန်လည်တွေ့ဆုံရန် စာရင်းတင်သွင်းသူ အများအပြားရှိကြောင်း သိရသည်။

ယခုတွေ့ဆုံခွင့်ပေးခြင်းသည် သုံးနှစ်အတွင်း ပထမဆုံးအကြိမ်ဖြစ်ပြီး တွေ့ဆုံမည့်မိသားစုဝင်အများစုမှာ အသက် ၇၀ နှင့် အထက်အရွယ်များဖြစ်ကြောင်း သိရသည်။

ဩဂုတ် ၂၀ ရက်တွင် ကွဲကွာသွားသော တောင်နှင့်မြောက်မိသားစုဝင် ၁၈၀ ခန့်သည် မြောက်ကိုရီးယားနိုင်ငံ ကမ်ဂန်းတောင်ပေါ် အပန်းဖြေစခန်းတွင် ပြန်လည်တွေ့ဆုံကြမည်ဖြစ်သည်။

ဆိုးလ်မြို့မှ လီဆူးနမ်ဆိုသူသည် သူ၏အစ်ကိုအကြီးဆုံးအားတွေ့ဆုံရန် လာရောက်စာရင်းသွင်းခြင်းဖြစ်ပြီး အစ်ကိုဖြစ်သူအားပေးရန် ဆေးဝါးအချို့နှင့် ချိုချဉ်များ သယ်ဆောင်လာကြောင်း သိရသည်။

ယခုတွေ့ဆုံခွင့်ပေးခြင်းသည် ကွဲကွာသွားသော မိသားစုဝင်များအတွက် နောက်ဆုံးတွေ့ဆုံခွင့် ဖြစ်နိုင်ဖွယ်ရှိကြောင်း၊ အကြောင်းမှာ မည်သည့်မိသားစုဝင်ကိုမျှ တစ်ကြိမ်ထက်ပိုပြီး တွေ့ဆုံခွင့်ပေးခြင်းမရှိသေးကြောင်း လီဆူးနမ်က ဆိုသည်။

ကွဲကွာသွားသောမိသားစုဝင်များအကြား ပေးစာများနှင့် သတင်းအချက်အလက်များ အပြန်အလှန်ပေးပို့ခွင့်ပြုပါက အလွန်ပင် ဝမ်းသာပီတိဖြစ်မည်ဖြစ်ပါကြောင်း လီဆူးနမ်က ဆက်လက်ပြောကြားခဲ့သည်။

တောင်ကိုရီးယားအစိုးရအနေဖြင့် ယင်းကဲ့သို့ မိသားစုဝင်များ ပြန်လည်တွေ့ဆုံခွင့်ကို မကြာခဏ ပြုလုပ်ခွင့်ပြုရန် ဆန္ဒရှိသော်လည်း မြောက်ကိုရီးယားအစိုးရအဖွဲ့က မိသားစုဝင်များ ပြန်လည်တွေ့ဆုံခွင့်ကို နိုင်ငံရေးပရိယာယ်တစ်ရပ်အဖြစ် သတ်မှတ်ကာ ဆိုးလ်အား ဖိအားပေးရန် မျှော်လင့်ထားနိုင်ဖွယ်ရှိသည်ဟု နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

ပြုံယမ်းက သူ့အားချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများ ဖြေလျှော့ပေးရန်နှင့် ကိုရီးယားကျွန်းဆွယ် အငြင်းပွားမှုကို အဆုံးသတ်ကြောင်း ကြေညာပေးရေးအတွက် အမေရိကန်ကို တိုက်တွန်းပြောကြားရန် ဆိုးလ်၏ အကူအညီကို လိုအပ်သည်ဟု နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆက်လက်ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

အင်တာနက်အသုံးပြုမှုကို ထိန်းချုပ်နိုင်ရေး ဥပဒေမူကြမ်း အီဂျစ်သမ္မတ စီစီ အတည်ပြု

ကိုင်ရို ဩဂုတ် ၁၉

အီဂျစ်သမ္မတ အဗ္ဗဒီးလ်ဖာတား အယ်လ်စီစီသည် နိုင်ငံအတွင်း အင်တာနက်အသုံးပြုမှုနှင့် ပတ်သက်၍ ဥပဒေစည်းမျဉ်းအရ ပိုမိုတင်းကျပ်စွာ ထိန်းချုပ်နိုင်မည့် ဥပဒေမူကြမ်းတစ်ရပ်ကို အတည်ပြုပေးလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဩဂုတ် ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ဆိုက်ဘာ ရာဇဝတ်ပြစ်မှု ထိန်းချုပ်ရေး ဥပဒေသစ်အရ အီဂျစ်နိုင်ငံ၏ အမျိုးသားလုံခြုံရေး သို့မဟုတ် စီးပွားရေးအား ခြိမ်းခြောက်သည်ဟု ယူဆရသော ဝက်ဘ်ဆိုက်များကို တရားသူကြီးတစ်ဦး၏ ခွင့်ပြုချက်ရယူကာ အာဏာပိုင်များက ပိတ်ဆို့မှု ပြုလုပ်လာနိုင်စေမည်ဖြစ်သည်။

အမျိုးသား လုံခြုံရေးကိုသော်လည်းကောင်း၊ အမျိုးသားစီးပွားရေးကိုသော်လည်းကောင်း တမင်တကာပင်ဖြစ်စေ၊ ကျိုးကြောင်းခိုင်လုံခြင်းမရှိသော အမှားအယွင်းတစ်ရပ်အရပင်ဖြစ်စေ ထိခိုက်စေနိုင်သည့် ဝက်ဘ်ဆိုက်များ ထူထောင်ခြင်း၊ ယင်းဝက်ဘ်ဆိုက်များ အသုံးပြုခြင်းရှိပါက ပြစ်မှုကျူးလွန်သည်ဟု သတ်မှတ်နိုင်ပြီး ထောင်ဒဏ်နှင့် ဒဏ်ငွေပြစ်ဒဏ်များ စီရင်ချမှတ်နိုင်ကြောင်း၊ ယင်းပြစ်ဒဏ်များအတွက် အယူခံဝင်ခွင့်လည်းရှိကြောင်း ဥပဒေသစ်တွင် ဖော်ပြထားသည်။

အွန်လိုင်းပေါ်တွင် လွတ်လပ်စွာ ရေးသားဖော်ပြခွင့်ကို ပိတ်ပင်ရန် ရည်ရွယ်သည့် အစီအမံများကို အစိုးရအဖွဲ့က လုပ်ကိုင်လာခဲ့ရာတွင် နောက်ဆုံး ဆောင်ရွက်ချက်တစ်ရပ်အဖြစ် အင်တာနက်သုံးစွဲသူများအား ထိန်းချုပ်ရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း လူ့အခွင့်အရေး လှုပ်ရှားသူများက ဝေဖန်ပြောကြားကြသည်။ သမ္မတစီစီ၏ အုပ်စိုးမှုနှင့်ပတ်သက်၍ ပြည်သူလူထုအတွင်း လွတ်လပ်စွာ ဝေဖန်ဆွေးနွေးခွင့်ကို ထိန်းချုပ်ကန့်သတ်နိုင်ရန်အတွက် ဥပဒေသစ်ကို ပြဋ္ဌာန်းခြင်းဖြစ်သည်ဟု ဆို၏။

အီဂျစ်နိုင်ငံတွင် လွန်ခဲ့သည့်လက ဆိုရှယ်မီဒီယာကို ထိန်းချုပ်သည့် ဥပဒေကြမ်းတစ်ရပ်ကို လွှတ်တော်က အတည်ပြုခဲ့သည်။ အဆိုပါဥပဒေအရ နိုင်ငံတော်၏ မီဒီယာ ဥပဒေစည်းမျဉ်းများ ထိန်းသိမ်းရေးကောင်စီအား လူမှုကွန်ရက် မီဒီယာ အသုံးပြုသူများကို စောင့်ကြည့်နိုင်ရန် အခွင့်အာဏာ အပ်နှင်းထားသည်။ **အေအက်ဖ်ပီ**

အင်ဒိုနီးရှား လွမ်ဘွတ်ကျွန်း၌ မြေငလျင် ထပ်မံလှုပ်ခတ်

လွမ်ဘွတ် ဩဂုတ် ၁၉

အင်ဒိုနီးရှားနိုင်ငံ လွမ်ဘွတ်ကျွန်း၌ ဩဂုတ် ၁၉ ရက်က အင်အား ၆ ဒသမ ၃ ရှိ မြေငလျင်တစ်ခု ထပ်မံလှုပ်ခတ်ခဲ့ရာ ဒေသခံပြည်သူများမှာ လမ်းများပေါ်သို့ ထွက်ပြေးကာ တိမ်းရှောင်ခဲ့ကြရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဩဂုတ် ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။

လွမ်ဘွတ်ကျွန်း၌ လူပေါင်း ၄၆၀ ကျော်သေဆုံးမှုကို ဖြစ်ပေါ်စေခဲ့သော မြေငလျင်ကြီးလှုပ်မှု ဖြစ်ပွားခဲ့ပြီးနောက် ရက်သတ္တနှစ်ပတ်မျှသာ ကြာမြင့်ချိန်တွင် မြေငလျင်ထပ်မံလှုပ်ခြင်းဖြစ်သည်။

လွမ်ဘွတ်ကျွန်းအရှေ့ပိုင်း ဘီလန်တင်းအမည်ရှိ မြို့ငယ်၏အနောက်တောင်ဘက် ခုနစ်ကီလိုမီတာအကွာ ပင်လယ်ပြင်အတွင်း မြေငလျင်လှုပ်ခဲ့ကြောင်း အမေရိကန်ဘူမိဗေဒလေ့လာရေးဌာန၏ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုပါမြေငလျင်လှုပ်မှုကြောင့် ထိခိုက်သေဆုံးမှု သတင်းများ ပေါ်ထွက်လာခြင်းမရှိသေးပေ။

အေအက်ဖ်ပီ

အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ကိုရီးယားနှစ်နိုင်ငံ ပူးတွဲအားကစားအဖွဲ့ စုဝေးချီတက်

ဂျကာတာ ဩဂုတ် ၁၉

အင်ဒိုနီးရှားနိုင်ငံ မြို့တော်ဂျကာတာ၌ ဩဂုတ် ၁၈ ရက်က အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပရာ တောင်နှင့်မြောက်ကိုရီးယား နှစ်နိုင်ငံတို့မှ အားကစားသမားများက ကိုရီးယားပြန်လည်ပေါင်းစည်းရေး အလံတော်အောက်မှ အတူယှဉ်တွဲ စုဝေးချီတက်ခဲ့ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဩဂုတ် ၁၉ ရက်တွင် သတင်းဖော်ပြသည်။

တောင်ကိုရီးယား အမျိုးသမီးဘတ်စကက်ဘော ကစားသမား လင်ယွန်ဟေးနှင့် မြောက်ကိုရီးယား ဘောလုံးသမား ဂျူမွမ်ချိုလ်တို့သည် အပြာနှင့် အဖြူရောင်တို့ပါရှိသော ကိုရီးယားပြန်လည်ပေါင်းစည်းရေးအလံတော်ကို သယ်ဆောင်လာခဲ့ကြပြီး ကိုရီးယားအားကစားသမားများနှင့်အတူ မြို့တော် ဂျကာတာရှိ ဂဲလော်ရာဘန်းကာနို အားကစားပြိုင်ပွဲရုံအတွင်း စုဝေးချီတက်ခဲ့ကြသည်။

ကိုရီးယားနှစ်နိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးဆီသို့ ဦးတည်လျက် ဆက်ဆံရေးတိုးတက်လာမှုက ထင်ဟပ်သည့်ပြယုဂ်အဖြစ် ကိုရီးယားနှစ်နိုင်ငံမှ အားကစားသမားများအားလုံး စုစည်းညီညွတ်စွာ စုဝေးချီတက်ခဲ့ကြသည်။

ကိုရီးယားနှစ်နိုင်ငံသည် ယခုနှစ်အတွင်း နှစ်နိုင်ငံချစ်ကြည်ရေးပြယုဂ်အဖြစ် တစ်ခုတည်းသော အလံတော်အောက်မှ အားကစားသမားများ စုဝေးချီတက်မှုကို ဒုတိယအကြိမ်ပြုလုပ်ခြင်းဖြစ်သည်။ နှစ်နိုင်ငံ ဆက်ဆံရေး ပြန်လည်နွေးထွေးလာမှု၏ သရုပ်သကန်ကို ဖော်ကျူးလျက် ကိုရီးယားပြန်လည်ပေါင်းစည်းရေးအလံတော်ကို လွှင့်ထူကာ စုဝေးချီတက်မှုကို တောင်ကိုရီးယားနိုင်ငံ ပြုံချမ်းမြို့၌ ဖေဖော်ဝါရီလအတွင်း ကျင်းပသော ဆောင်းရာသီအိုလံပစ် အားကစားပွဲတော်တွင်လည်း ပြုလုပ်ခဲ့ပြီး ဖြစ်သည်။

နှစ်နိုင်ငံ စစ်ပြေငြိမ်းရေးစာချုပ်ကို ယခုတိုင်အောင် ချုပ်ဆိုရခြင်းမရှိသေးသော တောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံတို့မှ ပူးတွဲ အားကစားအဖွဲ့သည် အာရှအားကစားပြိုင်ပွဲတွင် အမျိုးသမီးဘတ်စကက်ဘောပြိုင်ပွဲ၊ ကနူးလှေလှော်ပြိုင်ပွဲနှင့် လှေလှော်ပြိုင်ပွဲတို့တွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

၂၀၁၈ ခုနှစ် အာရှအားကစားပြိုင်ပွဲ၏ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၈ ရက်က ကျင်းပခဲ့ပြီး ပိတ်ပွဲအခမ်းအနားကို စက်တင်ဘာ ၂ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ဂျကာတာနှင့် ပါလမ်ဘန်မြို့တို့၌ ကျင်းပမည့် အာရှအားကစားပြိုင်ပွဲတွင် အားကစားနည်း ၄၀ အတွက် ပြိုင်ပွဲပေါင်း ၄၆၅ ပွဲ ကျင်းပမည်ဖြစ်ကာ နိုင်ငံပေါင်း ၄၅ နိုင်ငံမှ အားကစားသမား ၁၁၃၀၀ ခန့် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

အေအက်ဖ်ပီ

ဘာစီလိုနာအသင်း၏ လာလီဂါသွင်းဂိုး ၆၀၀၀ ပြည့်အဖြစ် တိုက်စစ်မှူး လီယွန်နယ်မက်ဆီ သွင်းယူကာ မှတ်တမ်းဝင်ခဲ့

ဘာစီလိုနာအသင်းက အလာဗက်အသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့် စပိန်လာလီဂါပွဲစဉ်(၁)တွင် တိုက်စစ်မှူး လီယွန်နယ်မက်ဆီ၏ သွင်းဂိုးနှစ်ဂိုးနှင့် ကော်တင်ဟို၏ သွင်းဂိုးတစ်ဂိုးတို့ဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲစဉ်တွင် ဘာစီလိုနာအသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့သည့် တိုက်စစ်မှူး မက်ဆီသည် ဘာစီလိုနာအသင်း၏ လာလီဂါသွင်းဂိုး ၆၀၀၀ ပြည့်အဖြစ် သွင်းယူနိုင်ခဲ့သည့် မှတ်တမ်းတစ်ရပ်လည်း တင်နိုင်ခဲ့ပြီဖြစ်သည်။

တိုက်စစ်မှူးမက်ဆီသည် ကွင်းလယ်ကစားသမား အင်နီယေစတာ အသင်းမှ ထွက်ခွာကာ ဂျပန်သို့ ပြောင်းရွှေ့သွားခဲ့ပြီးနောက် အသင်းခေါင်းဆောင်ဖြစ်လာခဲ့သူဖြစ်သည်။

တိုက်စစ်မှူး မက်ဆီသည် ယခု ဘာစီလိုနာအသင်း၏ လာလီဂါ သွင်းဂိုး ၆၀၀၀ ပြည့်သည့်သွင်းဂိုးကို သွင်းယူပေးနိုင်ခဲ့သည့်အပြင် လွန်ခဲ့သည့် ရှစ်နှစ်အတွင်းကလည်း ဘာစီလိုနာအသင်း၏ သွင်းဂိုး ၅၀၀၀ ပြည့်သွင်းဂိုးကိုလည်း သွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။

ဘာစီလိုနာအသင်းသည် နွေရာသီအပြောင်းအရွှေ့ကာလက အာသာနှင့် ဗီဒယ်တို့ကို ခေါ်ယူခဲ့ပြီး ဆီဗီလာအသင်းနှင့် ကစားခဲ့ရသည့် စပိန်စူပါဖလားပွဲစဉ်တွင် အဆိုပါကစားသမားနှစ်ဦးကို ပွဲထုတ်ခဲ့ကာ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး စပိန်စူပါဖလားကိုလည်း ရယူထားနိုင်ခဲ့သည့်အသင်းဖြစ်သည်။

ထို့ကြောင့် ဘာစီလိုနာအသင်းသည် ရာသီမစမီ ကစားရသည့် စပိန်စူပါဖလားပွဲစဉ်တွင် အနိုင်ရရှိခဲ့သည့်အပြင် ယခုလာလီဂါအဖွင့်ပွဲစဉ်တွင်လည်း နိုင်ပွဲရရှိခဲ့ခြင်းကြောင့် ၂၀၁၈-၂၀၁၉ ဘောလုံးရာသီတွင် နိုင်ပွဲဆက်ထားသည့်အသင်းအဖြစ်လည်း မှတ်တမ်းဝင်လျက်ရှိသည်။

မန်စီးတီးက ဟက်ဒါဖီးလ်ကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရ တိုက်စစ်မှူး အဂူရို မန်စီးတီးအတွက် ဟက်ထရစ်သွင်းယူ

မန်စီးတီးအသင်းသည် ပရီမီယာလိဂ်ပွဲစဉ်(၂)အဖြစ် ဟက်ဒါဖီးလ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မန်စီးတီးအသင်းသည် တိုက်စစ်ပိုင်းတွင် ဒဏ်ရာရရှိနေသည့် ကီဗင်ဒီဘရိုင်းမပါဝင်နိုင်ခဲ့ခြင်းကြောင့် အဂူရိုနှင့် ဂျီးဆပ်တို့ကို အဓိကထားပွဲထွက်လာခဲ့ပြီး တိုက်စစ်မှူး အဂူရိုက ပွဲကစားချိန် ၂၅ မိနစ်တွင် ဦးဆောင်ဂိုးစတင်သွင်းယူပေးခဲ့သည်။

ထို့နောက် မန်စီးတီးအသင်းသည် ပွဲကစားချိန် ၃၁ မိနစ်တွင် ဂျီးဆပ်၊ ပွဲကစားချိန် ၃၅ မိနစ်တွင် အဂူရို၊ ပွဲကစားချိန် ၄၈ မိနစ်တွင် ဆေးလ်ဗား၊ ပွဲကစားချိန် ၇၅ မိနစ်တွင် အဂူရိုနှင့် ပွဲကစားချိန် ၈၄ မိနစ်တွင် ကွန်ဂိုလို (ကိုယ့်ဂိုးကိုယ်ပြန်သွင်း)တို့၏ သွင်းဂိုးများ ထပ်မံရရှိခဲ့ခြင်းကြောင့် မန်စီးတီးအသင်းက ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဟက်ဒါဖီးလ်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲကစားချိန် ၄၃ မိနစ်တွင် စတန်ကိုဗစ်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ယင်းပွဲစဉ်တွင် မန်စီးတီးအသင်းအတွက် တိုက်စစ်မှူး အဂူရိုက ဟက်ထရစ်သွင်းဂိုး သွင်းယူပေးနိုင်ခဲ့သည်။ မန်စီးတီးအသင်းသည် ပရီမီယာလိဂ်ပွဲစဉ်နှစ်ပွဲကစားအပြီးတွင် ရမှတ်ခြောက်မှတ်ရရှိထားခဲ့ပြီး ချယ်လ်ဆီးအသင်းနှင့် ရမှတ်တူဂိုးကွာခြားချက်ဖြင့် အမှတ်ပေးဇယားထိပ်တွင် ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။

နည်းပြဂွါဒီယိုလာ၏ မန်စီးတီးအသင်းသည် ပရီမီယာလိဂ်ပွဲစဉ် နှစ်ပွဲကစားအပြီးတွင် သွင်းဂိုးရှစ်ဂိုးအထိ သွင်းယူနိုင်ခဲ့သည့် အသင်းလည်းဖြစ်သည်။

မန်ယူအသင်း ဘရိုက်တန်အသင်းကို ရှုံးနိမ့်

မန်ယူအသင်းသည် ပရီမီယာလိဂ်ပွဲစဉ် ၂ အဖြစ် ဘရိုက်တန်အသင်း၏ အိမ်ကွင်းသို့ သွားရောက်ကစားခဲ့ရာ သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

ယခုပွဲစဉ်တွင် မန်ယူအသင်းတွင် ဆန်းချက်ဇ်ပါဝင်လာခြင်းမရှိခဲ့ဘဲ လူကာကူ၊ မာရှယ်နှင့် မာတာတို့ကို တိုက်စစ်ပိုင်းတွင် ထည့်သွင်းအသုံးပြုခဲ့ပြီး ပွဲကစားချိန် ၂၅ မိနစ်တွင် ဂလန်းမာရေး၏ သွင်းဂိုးကိုလည်းကောင်း၊ ပွဲကစားချိန် ၂၇ မိနစ်တွင် ဒက်ဖီ၏ သွင်းဂိုးကိုလည်းကောင်း ခွင့်ပြုပေးလိုက်ကာ ပွဲကစားချိန် ၃၄ မိနစ်တွင် လူကာကူ၏ သွင်းဂိုးဖြင့် ချေပဂိုးပြန်လည်ရရှိခဲ့သည်။

သို့ရာတွင် ပထမပိုင်းပွဲကစားချိန် ၄၄ မိနစ်တွင် ပင်နယ်တီသွင်းဂိုးမှ တစ်ဆင့် မန်ယူအသင်းတစ်ဂိုးပြန်ပေးလိုက်ရပြီး နာကျင်အချိန်ပိုရောက်မှသာ ပင်နယ်တီသွင်းဂိုးမှ တစ်ဆင့် ပေါ့ဘာက သွင်းယူပေးခဲ့သဖြင့် ချေပဂိုးတစ်ဂိုးထပ်မံသွင်းယူနိုင်ခဲ့သည်။ မန်ယူအသင်းက ချေပဂိုးနှစ်ဂိုးသာ သွင်းယူနိုင်ခဲ့ခြင်းကြောင့် ဘရိုက်တန်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

ယင်းသို့ ရှုံးနိမ့်ခဲ့ရခြင်းကြောင့် မန်ယူအသင်းသည် ၂၀၁၈-၂၀၁၉ ဘောလုံးရာသီသစ်တွင် ပထမဆုံးရှုံးပွဲကြုံခဲ့ရပြီဖြစ်သည်။

တနင်္ဂနွေညပိုင်းတွင် ယှဉ်ပြိုင်ကစားခဲ့သည့် အခြားသောပွဲစဉ်တစ်ပွဲဖြစ်သည့် ဘန်လေအသင်းနှင့် ဝက်ဖို့ဒ်အသင်းတို့၏ ပွဲစဉ်တွင် ဝက်ဖို့ဒ်အသင်းက ဘန်လေအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။

ဝုလ်ဗာဟမ်တန်ကွင်းလယ်လူ ရူဘင်နိုဗက်စ်ကို ပေါင်သန်း ၆၀ ဖြင့် မန်စီးတီး ခေါ်ယူမည်

မန်စီးတီးအသင်းသည် ဝုလ်ဗာဟမ်တန် ကွင်းလယ်ကစားသမား ရူဘင်နိုဗက်စ်ကို ပြောင်းရွှေ့ကြေးပေါင် သန်း ၆၀ ပေး၍ ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာသည် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက ကွင်းလယ်ကစားသမား ဂျော်ဂျင်ဟိုအား ခေါ်ယူရန် ပစ်မှတ်ထားခဲ့သော်လည်း ဂျော်ဂျင်ဟိုမှာ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့သွားခဲ့ခြင်းကြောင့် မခေါ်ယူနိုင်ခဲ့ပေ။

မန်စီးတီးအသင်းက ကွင်းလယ်ကစားသမား ဂျော်ဂျင်ဟိုအား မခေါ်ယူနိုင်ခဲ့ခြင်းကြောင့် ကွင်းလယ်ပိုင်း အားဖြည့်ရန်အတွက် လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ဝုလ်ဗာဟမ်တန် ကွင်းလယ်ကစားသမား ရူဘင်နိုဗက်စ်ကို ခေါ်ယူရန် ပစ်မှတ်ထားလာခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်းသည် ကွင်းလယ်ပိုင်း အားဖြည့်ရန်အတွက် ရူဘင်နိုဗက်စ်ကို ပစ်မှတ်ထားနေသည့်အပြင် ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းမှ ဂျာမနီကွင်းလယ်ကစားသမား ဂျူလီယန်ဝီးလ်ကိုလည်း ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

မန်စီးတီးအသင်းက ခေါ်ယူရန်ပစ်မှတ်ထားနေသည့် ကွင်းလယ်ကစားသမား ဂျူလီယန်ဝီးလ်အား ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းကလည်း ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိပြီး မန်စီးတီးအသင်းအနေဖြင့် ဂျူလီယန်ဝီးလ်ကို ခေါ်ယူရန်အတွက် ပြောင်းရွှေ့ကြေးပေါင် ၆၈ သန်းအထိ ပေးမည်ဖြစ်ကြောင်းလည်း သိရသည်။

ငွေကြယ် - ရေးသားသည်

မွန်ပြည်နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၂၀၀ ကျော်နှင့် သေဆုံးသူ လေးဦးအထိရှိလာ

မော်လမြိုင် ဩဂုတ် ၁၉

မွန်ပြည်နယ်တွင် ယခုနှစ်ဇန်နဝါရီလမှ စတင်၍ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၂၈၃ ဦးရှိခဲ့ပြီး သေဆုံးသူ လေးဦးအထိရှိလာသည်ဟု ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ စည်သူရဲနောင်က ပြောသည်။

သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုမှာ မော်လမြိုင်မြို့နယ်တွင် ၂၅၅ ဦး၊ မုဒုံမြို့နယ်တွင် ၂၀၅ ဦး၊ ပေါင်မြို့နယ်တွင် ၁၉၉ ဦး၊ သံဖြူဇရပ်မြို့နယ်တွင် ၁၈၇ ဦး၊ ရေးမြို့နယ်တွင် ၁၇၈ ဦး၊ ကျိုက်မရောမြို့နယ်တွင် ၁၀၁ ဦး၊ ချောင်းဆုံမြို့နယ်တွင် ၇၃ ဦး၊ သထုံမြို့နယ်တွင် ၆၄ ဦး၊ ဘီးလင်းမြို့နယ်တွင် ၁၆ ဦးနှင့် ကျိုက်ထိုမြို့နယ်တွင် ငါးဦး ဖြစ်ပွားခဲ့သည်။

သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုကြောင့် ပေါင်မြို့နယ်တွင် ရှစ်လသားအရွယ် ကလေးငယ်တစ်ဦး၊ သထုံမြို့နယ်တွင် ၁၅ နှစ်အရွယ် တစ်ဦး၊ သံဖြူဇရပ်မြို့နယ်တွင် ကိုးနှစ်အရွယ် ကလေးတစ်ဦး၊ ရေးမြို့နယ်တွင် လေးနှစ်အရွယ် ကလေးတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။**ကိုထွန်း(မော်လမြိုင်)**

မရမ်းချောင်စစ်ဆေးရေးစခန်းတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၁၉

မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ဩဂုတ် ၁၈ ရက်တွင် ကုန်သွယ်မှု ယာဉ်ပို့ကုန် ၈၃၈ စီး၊ သွင်းကုန် ၅၅၆ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၉ စီး၊ သွင်းကုန် ၁၉၇ စီးတို့ဖြင့် ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက စစ်ဆေးမှုပြုလုပ် ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၈ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၆၈၇ သန်းခန့်) စုစုပေါင်းတားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၆၈၇ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှု အနေဖြင့် ဩဂုတ် ၁၈ ရက်တွင် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်ကွင်းလမ်းများသို့ ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်စဉ် စွပ်ပွနူးကျေးရွာအနီးတွင် စွန့်ပစ်စုပုံထားသည့် တရားမဝင် ကန့်သတ်ကုန်ပစ္စည်းဖြစ်သော Sodium Cyanide (1×50 Kg) (8 Drum) (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၂၀၀ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

မြန်မာ့ရုပ်မြင်သံကြား

၂၀-၈-၂၀၁၈ (တနင်္လာနေ့)

နံနက်ပိုင်း

- ၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ Breakfast News
- ၇း၃၅ MRTV Travelogue
- ၈း၃၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၉း၁၅ "ဒွတ္တဘောင်ကြီးတည်တဲ့မြို့"
- ၉း၄၀ ရတနာအလားကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်များ "Angkor Wat"(Cambodia)
- ၁၀း၃၀ စိုက်ပျိုးရေးရာအဖြေရှာ "စားနပ်ရိက္ခာဖူလုံရေး သားစဉ်မြေးဆက်ပေး" (ချေးငွေရယူသုံးစွဲခြင်း၊ ထိန်းသိမ်းခြင်း၊ ရွှေ့ပြောင်းတောင်ယာစနစ်မှ လှေကားထစ် စိုက်ပျိုးခြင်း)(ချင်း)
- ၁၀း၅၀ လုံမမှတ်စု
- ၁၁း၁၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၁း၃၅ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်
- ၁၃း၄၅ Tasty Trip
- ၁၄း၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ" အကယ်၍သာ"(အပိုင်း-၁၂)

ညပိုင်း

- ၁၆း၂၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -စတုတ္ထနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၁၆း၄၅ "အတူယှဉ်တွဲ နွဲ့လို့ပျော် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်"
- ၁၇း၀၅ This Week's Special Interest
- ၁၇း၂၀ "ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ"(၇၁)
- ၁၇း၃၀ Yes or No Talk Show
- ၁၈း၂၀ Football Magazine
- ၁၈း၃၅ ဥပဒေရေးရာအဖြာဖြာ "မကောင်းဆိုးဝါး" (ဦးစံပေါ၊ ဦးချစ်ဦး၊ ဝေဖြိုးဟိန်း၊ စိုင်းရာဇာ၊ တော်မီလှိုင်၊ သူရ၊ ခင်ဖြူဖြူသန့်၊ အိအိသန့်) [ဒါရိုက်တာ-ဝေဠု(ဝသန်)]
- ၁၉း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ"(အပိုင်း-၃၅)
- ၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ "စီးပွားရေးစကားဝိုင်း" -နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝတစ်ခုအချစ်တစ်ခု"(အပိုင်း-၈)

အစီအစဉ်ပြီး၏။

အင်းတော်မြို့နယ်တွင် ငွေကျပ် ၃၃၂၀၀၀၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

အင်းတော် ဩဂုတ် ၁၉

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နမီးကျေးရွာအုပ်စု နားမကျိုင်းကျေးရွာတွင် ယနေ့နံနက်ပိုင်းက ကာလတန်ဖိုးငွေကျပ် ၃၃၂၀၀၀၀ ခန့်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်မှာ ယင်းနေ့နံနက်ပိုင်းက မော်လူးနယ်မြေရဲစခန်းက တပ်ဖွဲ့ဝင်များသည် နမီးကျေးရွာအုပ်စု နားမကျိုင်းကျေးရွာ(အရှေ့ကမ်း)နေ နှင်းအောင်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်း၏နေအိမ်အိပ်ခန်းတွင် အစိမ်းရောင်ဆပ်ပြာခွက် သုံးခွက် (အလေးချိန် ၃၀ ဂရမ်ခန့်)နှင့် နှစ်ဂရမ်ခန့်ပါ ပလတ်စတစ်ဘူး တစ်ဘူး၊ ၁ ဒသမ ၂ ဂရမ်ခန့်ပါတစ်ဘူး (စုစုပေါင်း ၃၃ ဒသမ ၂ ဂရမ်ခန့်)တို့ကို သက်သေများရှေ့တွင် ရှာဖွေသိမ်းဆည်းခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ နှင်းအောင်အား မော်လူးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

နီတိုး(မိုးညှင်း)

မိုးကောင်းမြို့နယ်တွင် ဘိန်းစိမ်းများ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၁၉

တပ်မတော်နှင့် မိုးကောင်းမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၈ ရက် နံနက် ၉ နာရီက မိုးကောင်းမြို့နယ် မရန်ကထောင်ကျေးရွာအနီး မြစ်ကြီးနား-တနိုင်းကားလမ်းတွင် နေမျိုးထွန်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းစိမ်းအလေးချိန် ၄ ဒသမ ၅ ကီလိုကိုလည်းကောင်း၊ ဩဂုတ် ၁၇ ရက် ည ၇ နာရီခွဲတွင် ဗန်းမော်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဗန်းမော်မြို့နယ် မံရွက်ကျေးရွာအနီး ဗန်းမော်-မန်စီသွားကားလမ်းမပေါ်တွင် မရစ်ဘရန်အောင် မောင်းနှင်ပြီး မရမ်ဘရန်အောင်လိုက်ပါလာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၁၁ ခွက်(စုစုပေါင်းဘိန်းဖြူ အလေးချိန် ၁၃၂ ဂရမ်)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ တို့ကို လည်းကောင်း။

နမ့်ခမ်း

အလားတူ ယင်းနေ့ညပိုင်းက နမ့်ခမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်ခမ်းမြို့နယ် ဝိန်းကမ်းကျေးရွာနှင့် ကောင်းကပ်ကျေးရွာကြား ပန်ဆေးလမ်းခွဲတွင် ချောက်ရီ(ခ)အားရှင် မောင်းနှင်လာသည့်မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၈၁၀၊ ဘိန်းဖြူဆပ်ပြာခွက် ၁၁ ခွက် (ဘိန်းဖြူအလေးချိန် ၁၂၁ ဂရမ်) နှင့် မိုင်းကိုင်စက္ကူဖြင့်ထည့်ထားသည့် ဘိန်းစိမ်းအလေးချိန် ၁ ဒသမ ၁၄၃၁ ကီလို) တို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပျဉ်းမနားမြို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၁၉

နေပြည်တော် ပျဉ်းမနားမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သတင်းအရ ယနေ့နံနက် ၇ နာရီခန့်က ပျဉ်းမနားမြို့နယ် ဘောဂဝတီရပ်ကွက် နယ်မြေ(၄) (၅)လမ်းတွင် အိမ်အငှားနေသူ ရီဝေယံ(ခ)ရွှာသား၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းနေအိမ်အပေါ်ထပ် အိပ်ခန်းအတွင်းတွင် ရီဝေယံ (ခ)ရွှာသား၊ မင်းသူခန့်၊ ပြည့်ဖြိုးဟိန်း၊ ဟိန်းစိုး၊ သျှမ်းသျှမ်းထက်(ခ)သျှမ်းထက်တို့အား တွေ့ရှိပြီး နီညိုရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀ (ကာလတန်ဖိုးငွေကျပ် ၅၀၀၀၀ ခန့်)၊ ငွေရောင်ခဲစက္ကူအပိုင်းဖြင့် ထုပ်ထားသည့် နီညိုရောင်စိတ်ကြွရူးသွပ် ဆေးပြား ၁၀ ပြားပါ အတောင့်လေးတောင့် (ကာလတန်ဖိုးငွေကျပ် ၁၀၀၀၀၀ ခန့်)နှင့် မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ရီဝေယံ(ခ)ရွှာသား၊ မင်းသူခန့်၊ ပြည့်ဖြိုးဟိန်း၊ ဟိန်းစိုး၊ သျှမ်းသျှမ်းထက်(ခ)သျှမ်းထက်တို့ကို ပျဉ်းမနားမြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မင်းမင်းလတ် (မန်းတက္ကသိုလ်)

ထန်းတပင်မြို့နယ်၌ ယာဉ်တစ်စီး ရေမြောင်းထဲ ထိုးကျ၊ လူလေးဦးသေဆုံး

ထန်းတပင် ဩဂုတ် ၁၉

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ရိုးခွရွာထိပ်အနီး၌ ဩဂုတ် ၁၈ ရက် ညနေ ၃ နာရီက ယာဉ်တစ်စီးအရှိန်လွန်ကာ လမ်းဘေးသစ်ပင်ကို ဝင်တိုက်မိပြီး ရေမြောင်းအတွင်းသို့ ထိုးကျသွားသောကြောင့် ယာဉ်မောင်းမှာ ဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့ပြီး ၎င်းယာဉ်ပေါ်ပါ လေးဦးမှာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ထန်းတပင်-သီတာအေးလမ်းအတိုင်း ထန်းတပင်သို့ ဇော်မင်းထိုက် မောင်းနှင်လာသော 6K/----- ယာဉ်သည် ရိုးခွရွာထိပ်အနီး အရောက်တွင် အရှိန်လွန်ကာ လမ်းဘေးသစ်ပင်ကို တိုက်မိ၍ ရေမြောင်းအတွင်းသို့ ထိုးကျသွားသဖြင့် ယာဉ်မောင်း ဇော်မင်းထိုက်(ပြင်ပလူနာ)နှင့် ၎င်းယာဉ်ပေါ်ပါ စံကင်းကြီးကျေးရွာနေသူ ကိုနိုင်လင်းနှင့် ကိုဇော်မြင့်၊ အတွင်းရေကျော်ကျေးရွာနေသူ ဦးကြည်ဝင်းနှင့် ကိုခင်မောင်ဝင်းတို့ လေးဦးမှာ ဒဏ်ရာအသီးသီးရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ဇော်မင်းထိုက် အမ္ဗတီကျေးရွာ တွံတေးမြို့နေသူကို ထန်းတပင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အခင်းဖြစ်နေရာသို့ ထန်းတပင်မြို့နယ် မီးသတ်စခန်းမှ စခန်းတာဝန်ခံ ဒုတိယမီးသတ်ဦးစီးမှူး ဦးမိုးမင်းအောင် ဦးဆောင်သည့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၂ ဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ငါးဦးတို့က ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပြီး ဒဏ်ရာရရှိသူတစ်ဦးကို ထန်းတပင် စေတနာနာရေးကူညီမှုအသင်းက ယာဉ်ဖြင့် ထန်းတပင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး အခင်းဖြစ်နေရာတွင် သေဆုံးသူ လေးဦးကို အင်းစိန်ဆေးရုံသို့ ထပ်မံပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **ဇင်မင်းထိုက်(ပြန်/ဆက်)**

မူးယစ်ကင်းစင်
အောင်ပွဲဆင်

အကယ်၍ဆရာသာရှိနေသေးလျှင် . . .

ဆူးငှက်

မောင် .. ဝါသနာထုံတဲ့ ကဗျာ၊ စာပေ၊ ဂီတတွေ ...
အဖိုးတန်အမြုတေ မြန်မာမှုတွေ ..
ထီးစဉ်နန်းဆက် .. မြန်မာ့ယဉ်ကျေးမှုအမွေ၊
ဆွေးနွေးလေ့လာနိုင်သလေ ...
တစ်မြို့တစ်ဘာသာ မတူတာတွေ ...
ဆရာအဆူဆူသဘောဖြူ
မိတ်ဟောင်းဆွေရင်းလို့ပဲ ... ခင်မင်သူတွေ ...

မန္တလေးတေးပြုစာဆိုကြီး ဦးဘသိန်း(မန္တလေး) က သူ့ 'ဖိတ်ခေါ်သံ' သီချင်းတွင် အထက်ပါအတိုင်း ရေးစပ်သီကုံးခဲ့သည်။ ကျွန်တော်သည် ထိုသီချင်းကို သတိရလေတိုင်း ထိုအပိုဒ်ကို မြတ်မြတ်နိုးနိုး မြိန်မြိန်ယှက်ယှက် သီဆိုမိသည်ချည်းဖြစ်သည်။ ကျွန်တော်သည် မွေးဖွားသည်မှစ၍ ယနေ့တိုင် တစ်ရပ်တစ်ကျေးတွင် တစ်လထက်ပို၍ ကြာကြာမနေဖူးပါ။ တစ်ရပ်တစ်ကျေးသို့ အလည်အပတ်သွားတိုင်း သုံးလေးငါးရက်ကြာသည်နှင့် မန္တလေးကို သတိရလာသည်ချည်းဖြစ်သည်။ ကျုံးမြို့ရိုးပြာသာဒ်တွေကို မျက်စိထဲမြင်ယောင်လာသည်။ ဈေးချိုတော်ရုံကြီး ၁၂ ရုံနှင့် နာရီစင်ကြီးကို လွမ်းဆွတ်လာသည်။ မန်ကျည်းပင်ကြီးတွေ၊ ကုက္ကိုပင်ကြီးတွေစီတန်းပေါက်ရောက်နေသော အရှေ့ကျုံးလမ်းမမှ မြောက်ဘက်ဆီ လှမ်းမြင်ရသည့် မန္တလေးတောင်ကြီးကို ကြည့်ချင်လာသည်။ ဒါက ရုတ်ခြည်း ပေါ်လာတတ်သည့် ခံစားမှုပဲဖြစ်ပါ၏။ တကယ်တမ်း မန္တလေးသား ပညာရှင်ဆရာကြီးတစ်ယောက်၏ အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ဖူးလိုက်ပါမှ ထိုသီချင်းစာသား အဓိပ္ပာယ်လေးနက်မှုမှာ ပိုမိုသိသာထင်ရှားသွားတော့သည်။

အဖိုးတန်အမြုတေ မြန်မာမှုတွေ

၂၆ ဘီ(အာဇာနည်လမ်း)ပေါ်က အမှတ် (၂၁) အ-ထ-က၏ အနောက်ဘက်ကပ်လျက်လမ်းကြားလေးအတိုင်း မြောက်ဘက်သို့ဝင်ပြီး အိမ်ဝင်း သုံး၊ လေးဝင်းကျော်တာနှင့် ထိုပညာရှင်ဆရာကြီးအိမ်ရောက်သည်။ သစ်သား ဝင်းထရံလေးကျော်တာနှင့် ဆရာ့အိမ်ပေါက်က ဆီးကြို၏။ ဆရာ့အိမ်က နှစ်ထပ်ဖြစ်သည်။ မြန်မာအိမ်စစ်စစ်ဖြစ်၏။ ဆရာက အောက်ထပ်မှာ အမြဲနေသည်။ အောက်ထပ်က နည်းနည်းနိမ့်သည့်အပြင် စာအုပ်စာတမ်းတွေ၊ ပန်းချီကားတွေ၊ ပြက္ခဒိန်တွေ၊ ရုပ်သေးရုပ်တွေ၊ ရှေးဟောင်းဆင်းတုတွေ၊ စာတိုက်တွေနှင့်မို့ အလင်းရောင် အဝင်နည်းသည်။ အဝင်ပေါက်မှာ ခရစ္စမတ်ကတ်တွေ၊ ပို့စကတ်တွေကို ကြိုးနှင့်တသီကြီး ချိတ်ဆွဲထားသည်။ ဖူဂျီရာမရှေ့က ချယ်ရီတွေပွင့်နေတာ နှစ်ဆန်းပြက္ခဒိန်မှာ တွေ့နေရသည်။ ဂျပန်ရောက် ဆရာ့တပည့်တွေ ပို့ထားပုံရသည်။ နံရံမှာ ဆီဆေးပန်းချီကားတွေလည်း တွေ့နေရ၏။ မန္တလေးပုံရိပ်တွေက အများစုဖြစ်သည်။ ပခုက္ကူချည်ထည် ခန်းဆီးလိုက်ကာစတွေကာထားသည့် ပြတင်းပေါက်မှ ရှားရှားပါးပါးဝင်လာသော အလင်းရောင်က မှန်စီရွှေချ စာတိုက်ဟောင်းကြီးကို ရိုးတိုးရိပ်တိပ် ကိုယ်ယောင်ပြစေ၏။ ပွတ်လုံးခံစားပွဲဟောင်းပေါ်မှာ အင်းဝခေတ် မံဘုရားတစ်ဆူလည်း စံပယ်နေသည်။ ဆင်းတုတော် ရှေ့ဖန်ခွက်ထဲတွင် သပြေခက်လေးတွေ ထိုးစိုက်ထားသည်။ ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ အမရပူရခေတ်၊ ရတနာပုံခေတ် ပန်းပုပန်းခက်များနှင့်အတူ အုတ်ခွက်ဘုရား၊ ကျောက်ဆင်းတု၊ အသားဆင်းတု၊ သရိုးဆင်းတုများ၏ ဦးခေါင်းတော်များကိုလည်း အိမ်နံရံမှာ ချိတ်ဆွဲထားသည်။ ရှေ့က ယွန်းစားပွဲပေါ်မှာတော့ ပုရပိုက်တွေ၊ ပေစာထုပ်တွေ အပုံလိုက်စီထပ်ထားသည်။ ညှော်စားပွဲပေါ်မှာ ကျောက်မိုးကြိုးသွား အပုံတစ်ပုံ၊ စားပွဲအောက်မှာက စာအုပ်တွေအထပ်လိုက်။ ဂျပန်ပြည်ထုတ် ပစိဖိတ်မဂ္ဂဇင်း တစ်စောင်က လေအတိုက်မှာ တဖျပ်ဖျပ်လန်နေ၏။ ခပ်နိမ့်နိမ့်မျက်နှာကြက်မှာ ဘုန်းကြီးကျောင်းများတွင်သာ တွေ့ရတတ်တော့သည့် အောက်လင်း ဓာတ်မီးကြီးကို ဆွဲထားသည်။

မြန်မာ့ယဉ်ကျေးမှုအမွေ

အိမ်၏အနောက်ဘက်နံရံမှာ တစ်ယောက်အိပ်ခုတင်လေးတစ်လုံးရှိသည်။ ခေါင်းအုံး၊ စောင်၊ ခြင်ထောင်တွေကို ကပိုကရိုတင်ထား၏။ ခုတင်နှင့် ညှော်စားပွဲကြားမှာ စာအုပ်ပုံကြီးတစ်ပုံက ခန်းဆီးသဖွယ်ခြားထားသည်။ စာအုပ်ပုံက ဝသုန္ဒြေ နတ်သမီးရုပ်တုကို မထိတထိမှီထား၏။ နတ်သမီးရုပ်တုရှေ့ မျက်နှာကြက်မှာ ဘုရားကြီးစောင်းတန်းက ကြေးစည်လေးတွေကို ပဒေသာပင်လို ချိတ်ဆွဲထားသေးသည်။ လှုပ်လိုက်လေတိုင်း တတင်တင်မြည်၏။ ပြတင်းပေါက်က စင်ပေါ်မှာ သတင်းစာဟောင်းတွေကိုစု၍ ထပ်ထားသည်။ ပြတင်းပေါက်အပေါ်နံရံမှာက မန္တလေးနန်းတွင်းမိသားစု ရှေးဟောင်းပန်းချီကားကြီးတစ်ချပ်ရှိသည်။ ခေါင်းရင်းမှာလည်း ရှေးဟောင်းရွှေချည်ထိုး သံလျင်းကြီးတစ်ချပ် ချိတ်ထားသည်။ သုဝဏ္ဏသာမဇာတ်တော်ကြီးကို ရေးထိုးထား၏။ ဘော်ကြယ်ပွင့်တို့မှိန်နေပြီး ကတ္တီပါသားက နွမ်းနေ၏။

ဆရာက ဝသုန္ဒြေနတ်သမီးပန်းပုရုပ်ဘေးက ပက်လက်ကုလားထိုင်ပေါ် ခပ်စောင်းစောင်းလှဲရင်း စာတစ်အုပ်ဖတ်နေသည်။ ကျွန်တော်တို့ဝင်လာတာမြင်လို့ ကိုယ်ဟန်အနေအထားပြောင်းလိုက်မှ ဆရာရှိမှန်း သိလိုက်ရသည်။ ဆရာ့နေရာက ခပ်မှောင်မှောင်၊ ခေါင်းရင်းစင်ပေါ်မှာ စာကြည့်မီး ၆၀ ဝပ်ကို အုပ်ဆောင်းနှင့် ထွန်းထားလေသည်။

ကျွန်တော့်ယောက်ဖက ဆရာ့တပည့်ရင်းဖြစ်သည်။ တက္ကသိုလ်မှာက ဆရာ့ထံမှပင် ညီအစ်ကိုလို တူဝရီးလို ပေါင်းခဲ့သည့် တပည့်ဖြစ်သည်။ ဆရာက ကျောင်းတုန်းက တပည့်တွေအကြောင်း၊ တစ်နယ်တစ်ကျေးရောက် တပည့်တွေအကြောင်း မေးသည်။ ကျွန်တော်က အခန်းတွင်းရှိ ရှေးဟောင်းပစ္စည်းတွေ၊ စာအုပ်စာတမ်းတွေ၊ ပန်းချီကားချပ်တွေကို တစ်ခုစီကြည့်ရင်း နစ်ဝင်နေသည်။ အားလုံးစိတ်ဝင်စားစရာတွေချည်း။ ကျွန်တော်နေလိုတာ သည်လိုပုံစံဖြစ်သည်။

ဆွေးနွေးလေ့လာနိုင်သလေ

ဤသို့ဖြင့် ကျွန်တော့်ယောက်ဖလာတိုင်း ဆရာ့ထံ မကြာမကြာရောက်ဖြစ်သည်။ ကျွန်တော်ကိုယ်နှိုက်ကပင် ဆရာနှင့်ရင်းနှီးသွားသည်။ ဆရာ့ထံမှ ဝက်သားကို အမျိုးပေါင်းရာချီချက်တတ်သည့် ရုပ်ရှင်မင်းသားလေးလေးအကြောင်း၊ ဆရာရွှေပြည့်သား အုပ်ကြီးအကြောင်း၊ တောင်သမန် တောင်လေးလုံး ဦးပဥ္စင်းလေးအကြောင်း၊ အိုးဝေညိုမြအကြောင်း၊ အရှင်ဉာဏိသရတစ်ဖြစ်လဲ ဆရာဦးဆန်းထွန်းအကြောင်း၊ သချိုင်းတော်အကြောင်း၊ ဘုရားကြီး ပုံတောင်အဖွဲ့အကြောင်း၊ လှေသင်းအတွင်းဝန်အကြောင်း၊ လှည်းတွေနှင့် ရတနာ့ဂူပွဲအကြောင်း စသည်ဖြင့်စသည်ဖြင့် ကျွန်တော်ကြားချင်တာတွေ ကြားသိရသည်။ ဆရာနှင့်မည်သည့်အကြောင်းအရာပဲပြောပြော မန္တလေးနှင့်ပတ်သက်၍ စာပေဘူမိနက်သန်ဖြစ်သည့် တောင်သမန် တောင်လေးလုံးကျောင်းနှင့် ဝက်သားဟင်းလေးချက်ကို သိကျွမ်းရောက်ဖူး စားဖူးလိုစိတ်တသသ ဖြစ်မိသည်ချည်း။ ဆရာကလည်း ညွှန်းသကိုး။

ကျွန်တော်က စာပေမှာ ရှေးဟောင်းသုတေသနမှာ စိတ်ဝင်စားမှန်းသိတော့ ဆရာက သူ့ထံတံခါးမရှိ ဓားမရှိ ဝင်ထွက်ရန် ဖိတ်ခေါ်သည်။ ကျွန်တော် မကြာမကြာ ရောက်ဖြစ်ပါ၏။

> ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ အမရပူရ ခေတ်၊ ရတနာပုံခေတ် ပန်းပုပန်းခက်များနှင့်အတူ အုတ်ခွက်ဘုရား၊ ကျောက်ဆင်းတု၊ အသားဆင်းတု၊ သရိုးဆင်းတုများ၏ ဦးခေါင်းတော်များ . . .

တစ်မြို့တစ်ဘာသာ မတူတာတွေ

တစ်ခါက ကျွန်တော့်မိဘများ မွေးရပ်မြေရှိ ဘုရားတစ်ဆူနှင့်ပတ်သက်သော သုတေသနဆိုင်ရာ စာတမ်းတစ်စောင်ကိုရေးသား၍ ဆရာ့ထံပြသည်။ ဆရာက တစ်ပတ်ခန့်ယူဖတ်သည်။ နောက်တွေ့တော့ ဆရာက ထိုဘုရားသမိုင်းမှ လက်ရှိဘုရားပွဲကျင်းပပုံနှင့် သမိုင်းဆိုင်ရာသုံးသပ်ချက်များနှင့်ပတ်သက်၍ ကျွန်တော်နှင့် သဘောထားအမြင်မတူပုံ ရှင်းပြသည်။ ဆရာက လက်ရှိရိုးရာအနေအထားကို မပျက်ယွင်းစေလို။ ကျွန်တော်က ခေတ်စနစ်အရ ပြောင်းလဲသဖြင့် လက်ရှိရိုးရာက မူလပကတိဟု လက်မခံ။ ထိုသို့ အမြင်မတူခြင်း ဖြစ်သည်။ သို့သော် ဆရာက လွတ်လပ်စွာ သဘောကွဲလွဲခွင့်ပေးသည်။ တစ်ခုပဲပြောသည်။ ပုံနှိပ်ဖော်ပြရန်ဖြစ်ပါက စာတမ်းကို အခုလို စကားပြော ပုံစံနှင့်မရေးဘဲ ခန့်ခန့်ညားညားစကားပြောပုံစံဖြင့် ပြောင်းလဲရေးသားရန်ပဲ တိုက်တွန်းသည်။ ဟုတ်တာပေါ့။ ကျွန်တော်က ခမ္ဗီမာန်စာပေ အလုပ်စခန်းတွေကို ယုံကြည် သက်ဝင်နေသူပေပဲ။ စကားပြောလိုပဲရေးရတာ အားရှိသည်ဟု လက်ခံထားချိန်ဖြစ်သည်။

တစ်ခါကတော့ ကျွန်တော့်မိဘဇာတိက ကျောက်မိုးကြိုးသွားတွေ ခပ်များများကိုယူပြီး ဆရာ့ထံသွားပြသည်။ ဆရာက အားရဝမ်းသာကြည့်ရှုရင်း "ဒါ တောင်သမန်အင်းစောင်းမှာတွေ့တဲ့ ကျောက်လက်နက်တွေနဲ့တစ်ခေတ်တည်းပဲ။ ကျောက်ခေတ်သစ်လက်နက်တွေပေါ့" ဟု ဆိုသည်။ ထို့နောက် တွေ့သည့်နေရာ၊ တွေ့ပုံတွေ့နည်းနှင့်တကွ ပတ်ဝန်းကျင် ရေမြေသဘာဝတွေပါ မေးမြန်းသည်။ ရပ်ရွာက ဓာတ်တော်ကုန်းဟု သိရှိလက်ခံထားသည့် တောတွင်းတစ်နေရာမှ ပဲရင်းအရွယ် ပဲနောက်အရွယ်၊ ပဲစင်းငုံအရွယ် ကျောက်လုံးလေးတွေ နမူနာကို (ထိုစဉ်က) ဘတ်စပရိ အလုံး ၁၀၀ အပါ ဆေးပုလင်းတစ်ပုလင်းစာယူ၍ ဆရာ့ထံပြဖူးသည်။ ဆရာက ထိုနေရာကို သွားလိုသည်၊ သွားရအောင်"ဟု အားတက်သရောဆို၏။

ဆရာအဆူဆူသဘောဖြူ

ထိုနေရာက လူသူကင်းဝေးရာ ချပ်ကြိုချပ်ကြား တောင်ကတုံး၊ ကုန်းကမူပေါ်မှာရှိသည်။ ကန္တာရပင်တွေပဲ ဝန်းရံနေ၏။ အလျား၊ အနံ ပေ ၂၀ ပတ်လည်လောက်ပဲရှိမည်။ တောင်ကြောကမူလေးပေါ်က ခပ်ပြန့်ပြန့်မြေပြင်။ ထိုနေရာမှ ထိုသို့သော အရွယ်အစားမျိုးစုံ ကျောက်လုံးလေးတွေ တလင်းပြင်ပေါ် ပဲတွေလှန်းထားသလိုဖြစ်သည်။ ဘယ်ခေတ် ဘယ်ကာလကတည်းကရှိခဲ့မှန်းမသိသော်လည်း လွန်ခဲ့သော နှစ် ၃၀ လောက်ကထိ ထိုနေရာမှာ ရှေးကတည်းက ပုံစံအတိုင်းမပြောင်းလဲဟု လူကြီးသူမတွေကဆိုသည်။ ထိုနေရာမှလွဲ အခြားဘယ်နေရာမှာမှ ထိုကျောက်လုံးမျိုး မတွေ့ရ။ ရပ်ရွာကတော့ ထိုနေရာကို ဓာတ်တော်ကုန်းဟု ခေါ်သည်။ ရဟန္တာဓာတ်တော်တွေဟု ယုံကြ၏။

ဆရာက ထိုနယ်မြေအတွင်း ကျောက်ခေတ်သစ်လက်ရာ ကျောက်လက်နက်ပစ္စည်းများတွေ့ရှိခြင်းနှင့် ဆက်စပ်ပြီး "လူသေရင် ကျောက်ဖျာပေါ်တင်ပြီး မီးသင်္ဂြိုဟ်ခဲ့ကြတော့ ကျန်ရစ်တဲ့ပြာနဲ့အရိုးတွေက ဓာတ်ပြုပြောင်းလဲတာမျိုးလည်း ဖြစ်နိုင်တယ်။ ဆရာသွားကြည့်ချင်တယ်" ဟု ပြောဖူးသည်။ သို့သော် ကျွန်တော့်ဘက်က စီစဉ်မှုညံ့ဖျင်း၍ မသွားဖြစ်ခဲ့။

၁၉၇၅ ခုနှစ်ဝန်းကျင် နှစ်ကာလများကတည်းက ဆရာ့ထံမှ လွန်းတစ်ရာကြိုးကြိုးချိတ်နှင့်ပတ်သက်သည့် ပုံပြင်များ၊ ဘုတလင်တွင်းတောင်မှ ဥက္ကာပျံခဲနှင့် ထိုဥက္ကာပျံခဲတွင်း မျိုးရိုးဗီဇနှင့် လပြည့်လရောင်တို့ဆက်စပ်မှု။ မြန်မာပြည်တွင် ထိုတစ်နေရာတည်းမှ ရရှိသော တွင်းပိုး။ ကျွန်တော်တို့ ဆရာ့တွင်းပိုးဇာတ်လမ်းကိုလည်း တငေးတမော နားထောင်ရသည်။ အဆုံးသတ်ရောက်မှဆရာက ဟာသနှောကာ "ဒါတွေက စိတ်ကူးကြည့်တာပါကွာ" ဟု ဆိုချင်ဆိုသည်။ ထိုစဉ်ကတည်းက ဆရာ့ဆီက မြန်မာမှုပညာရှင် တမ္ပဝတီဦးဝင်းမောင်ကိုတွေ့ရသည်။ ရွှေချည်ထိုး ဦးစိန်မြင့်ကိုလည်း ဆရာ့ဆီမှာတွေ့ရ တတ်လို ဦးစိန်မြင့်က ကျွန်တော်နေထိုင်ရာဝင်းကြီးထဲက အသစ်ဆောတိုက်ကြီး၏ လက်သမားတဲမှာသစ်တိုသစ်စများဖြင့် မော်ဒန်ပန်းပုကဲ့သို့ ခိုအိမ်လေးတွေ လာရောက်ဖန်တီးနေတတ်သည်။

ဆရာကြီး ဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)

မိတ်ဟောင်းဆွေရင်းလို့ပဲ ခင်မင်သူတွေ

ထိုနှစ်ကာလများဆီက ကျွန်တော့်အစ်မနှင့် ယောက်ဖတို့ မမောနိုင်မပန်းနိုင် ကြိုးစားနေကြသည့် ဒေါ်ဩဘာသောင်း ကဗျာလွတ်အက သမိုင်းစာအုပ်ကြီးအတွက် ဆရာက အထူးအားပေးကူညီနေသည်။ ထိုစာအုပ်အတွက် ဒေါ်ဒေါ်လူထုဒေါ်အမာကလည်း အမှာစာချီးမြှင့်သည်။ ဆရာကလည်း အမှာစာချီးမြှင့်သည်။ ပြီးတော့ ဆရာဦးဝင်းတင်(ဟံသာဝတီ)ကလည်း အမှာစာချီးမြှင့်သည်။ ထိုစဉ်က ထုတ်ဝေခဲ့သော လုပ်သားပြည်သူ့နေ့စဉ်သတင်းစာမှာ ထိုစာအုပ် ထုတ်ဝေတော့မည့်အကြောင်း ကြော်ငြာပင်ပါရှိခဲ့ပြီးပြီ။ သို့သော် ပညာရှင်ဆိုသူများ သဘောထား မကြီးနိုင်၍ မထုတ်ဝေနိုင်ခဲ့။ ယဉ်ကျေးမှုဝန်ကြီးဌာနကပင် ထိုစာမူကို ဖျောက်ဖျက်လိုက်ကြသည်။

ဆရာလည်း ဘာမျှမတတ်နိုင်။ ၁၉၇၈ ခုနှစ်ဝန်းကျင်က ကိစ္စပေမယ့် ဆရာက မမေ့၊ ဆရာမကွယ်လွန်မီ နှစ်တစ်နှစ်တွင် ကျွန်တော်နှင့် လူထုတိုက်မှာ အမှတ်မထင်တွေ့တော့ ထိုစာအုပ်ကိစ္စကို မှတ်မှတ်ရရပြောသေးသည်။ ဆရာက ထိုစာအုပ်ကို ထပ်မံကြိုးပမ်းကြည့်ဖို့ တက်တက်ကြွကြွအားပေးနေသေးသည်။ ကျွန်တော်က ဆရာ့ကို ငေးကြည့်နေမိသည်။ မတွေ့ရတာကြာလို့လားမသိ၊ ဆရာက အသက်နှင့်မမျှ ဝနေသည်။

အဖိုးတန်အမြုတေ မြန်မာမှုတွေ ...
ထီးစဉ်နန်းဆက် .. မြန်မာ့ယဉ်ကျေးမှုအမွေ
ဆွေးနွေးလေ့လာနိုင်သလေ ...
တစ်မြို့တစ်ဘာသာ မတူတာတွေ ...
ဆရာအဆူဆူသဘောဖြူ
မိတ်ဟောင်းဆွေရင်းလို့ပဲ ... ခင်မင်သူတွေ

ဟူသော သီချင်းသံကြားရတိုင်း ဆရာ့ကို သတိရနေတော့သည်။ ဆရာဟူသည်ကား ယခုသက်ရှိထင်ရှား ရှိနေသေးလျှင် အသက် ၁၀၁ နှစ်ရှိပြီဖြစ်သော ဆရာကြီး ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) ဖြစ်သည်။ နောက်ဆုံးခံတပ်မှာ အလံဖြူလွှင့်တင်လုဆဲဆဲ မန္တလေးက ဆရာ့ကို မျက်ရည်အဝိုင်းသားနှင့် လွမ်းဆွတ်နေကြပါ၏။

ပုဂံဘုရားတစ်ဆူအား ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

မကွေး ဩဂုတ် ၁၉

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း အလိုတော်ပြည့်ဘုရားအနီးရှိ ဘုရားအမှတ် (၄၁၀) အား ဗုဒ္ဓါဘိသေက အနေကဇာတင် အနုမောဒနာရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကိုဩဂုတ် ၁၉ ရက် နံနက် ၉ နာရီက အဆိုပါဘုရားအမှတ် (၄၁၀) တွင် ပြုလုပ်သည်။

မကွေးမြို့မှ သံဃာရာမကျောင်းတိုက် ပဓာနနာယကဆရာတော်ကြီး ဦးစိန္တာသာရနှင့် မကွေးမြို့ပေါ်ကျောင်းတိုက်များမှ ဆရာတော်ကြီးများ၊ သံဃာတော်များ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် ဝန်ကြီးများ၊ မကွေးမြို့မှ ဌာနဆိုင်ရာများ၊ ပုဂံမြို့ရှေးဟောင်းသုတေသနဦးစီးဌာနမှ တာဝန်ရှိသူများ၊ မကွေးမြို့မှ ရပ်မိရပ်ဖများ၊ မကွေးမြို့ပေါ်ရှိ ပရဟိတလူမှုရေးအသင်းအဖွဲ့များနှင့် မကွေးမြို့သူမြို့သားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ရှေးဟောင်းသုတေသနဦးစီးဌာန၏ ခွင့်ပြုချက်ရယူကာ ရှေးမူမပျက် ပြန်လည်ပြုပြင်မွမ်းမံလှူဒါန်းခဲ့သော ဘုရားတစ်ဆူဖြစ်ကြောင်း သိရသည်။

မေသူလွင်(မကွေး-ကိုယ်ပွား)

တိုင်းရင်းသားအခွင့်အရေးဆိုင်ရာပညာပေးခြင်း အစီအစဉ် လွိုင်ကော်မြို့တွင်ပြုလုပ်

လွိုင်ကော် ဩဂုတ် ၁၉

တိုင်းရင်းသားရေးရာအခြေခံအချက်များ ကောက်ယူခြင်းနှင့် တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ပညာပေးခြင်းအခမ်းအနားကို ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီက လွိုင်ကော်မြို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်နယ်ညွှန်ကြားရေးမှူးရုံးတွင် ပြုလုပ်သည်။

ကယားပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးလှမျိုးဆွေက ဝန်ကြီးဌာနရဲ့ ပဏာမခြေလှမ်းအနေနဲ့ တိုင်းရင်းသားလူမျိုးစုများ ပျံ့နှံ့နေထိုင်ပုံအပါအဝင် တိုင်းရင်းသားများ၏ အခြေခံအချက်အလက်များကို ကောက်ယူရန်နှင့် တိုင်းရင်းသားအခွင့်အရေး ကာကွယ်စောင့်ရှောက်သည့်ဥပဒေပါ တိုင်းရင်းသားအခွင့်အရေးဆိုင်ရာများကို အသိပညာပေးဆွေးနွေးမည်ဖြစ်ပြီး အခြေခံအချက်အလက်များကို သိထားမှ ဥပဒေပါ တိုင်းရင်းသားအခွင့်အရေးများကို တောင်းဆိုပေးခြင်းနှင့် ကာကွယ်စောင့်ရှောက်ပေးခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေနှင့်ပတ်သက်သည့် အကြောင်းအရာများကို တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောင့်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိုးမိုးသန်းက ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဝင်များက အကြောင်းအရာအလိုက် စကားဝိုင်းဆွေးနွေးခြင်း၊ ပြန်လည်သုံးသပ်တင်ပြခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **အောင်ထွန်းလေး**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ဘားအံမြို့ ရေဘေးရှောင်စခန်းများရှိ အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများပေးအပ်

ဘားအံ ဩဂုတ် ၁၉

ကရင်ပြည်နယ် ဘားအံမြို့တွင် ရေကြီးရေလျှံမှုများကြောင့် ရေဘေးရှောင်စခန်း ၁၁ ခု ကျန်ရှိနေသေးရာ ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွန်းလှိုင်ထွေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ရေဘေးရှောင်စခန်းများတွင် နေထိုင်ကြသူများအား မုန့်နှင့် အဝတ်အထည်များ ဝေငှပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရွှေယဉ်မျှော်ရေဘေးရှောင်စခန်းရှိအသက် ၁၂ နှစ်အောက်ကလေးငယ် ၅၅၇ ဦးနှင့် အိမ်ထောင်စု ၃၈၆ စုအား မုန့်အမျိုးမျိုးနှင့် အဝတ်အထည်များပေးဝေခဲ့ပြီး အမှတ်(၁)ရပ်ကွက် မိုးလုံလေလုံအားကစားရုံ ရေဘေးရှောင်စခန်းရှိ အသက် ၁၂ နှစ်အောက် ကလေးငယ် ၃၇၂ ဦးနှင့် အိမ်ထောင်စု ၂၁၄ စုတို့အား မုန့်အမျိုးမျိုးနှင့် အဝတ်အထည်များ ပေးဝေခဲ့ကြောင်းနှင့် သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ကျေးလက်ပြည်သူ့စကားဝိုင်း ပေါ်ကြိုကျေးရွာ၌ကျင်းပ

သီပေါ ဩဂုတ် ၁၉

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ကျေးလက်စကားဝိုင်းကို ဩဂုတ် ၁၈ ရက် နံနက် ၉ နာရီက သီပေါမြို့နယ် ပေါ်ကြိုကျေးရွာ ရွာဦးဘုန်းကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန့်ဇင်က နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းစဉ်များ၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးသိန်းဇော်၊ အခြေခံပညာဦးစီးဌာန ဒုတိယမြို့နယ်ပညာရေးမှူး ဦးဇော်မင်းထွန်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဝါဝါထွန်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာအုန်းအုန်းမြင့်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမိုးကျော်စွာဝင်းတို့က ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ကျေးလက်နေပြည်သူများနှင့် အများဆုံးသက်ဆိုင်သည့် ကျန်းမာရေး၊ ပညာရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးစရိတ် ချေးငွေများအပေါ် တောင်သူများအကျိုးရှိစေရေးစသည့် အကြောင်းအရာများကို အသီးသီးရှင်းလင်း ဆွေးနွေးကြသည်။

အဆိုပါ ကျေးလက်ပြည်သူ့စကားဝိုင်းသို့ ဒေသခံပြည်သူ ၄၀၀ ကျော် တက်ရောက်ကြကြောင်း သိရသည်။ **စိုင်း (သီပေါ)**

စံပြချောင်းကောက်ကျေးရွာ ကွန်ကရစ်လမ်းသစ် ဖွင့်လှစ်

မကွေး ဩဂုတ် ၁၉

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ထောက်ပံ့ရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် ဆင်ပေါင်ဝဲမြို့နယ် စံပြချောင်းကောက်ကျေးရွာ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ဩဂုတ် ၁၈ ရက် နံနက် ၈ နာရီက အဆိုပါကျေးရွာ ကွန်ကရစ်လမ်းမုခ်ဦးရှေ့တွင် ကျင်းပသည်။

မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေးက ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းဆိုသည်မှာ ဖွံ့ဖြိုးရေးပန်းတိုင်များကို ကျေးရွာလူထုကိုယ်တိုင် မောင်းနှင်ပြီး အရောက်သွားရခြင်းဖြစ်သည့်အတွက် ကျေးရွာလူထု၏စွမ်းဆောင်ရည် မြင့်မားလာပြီး ကျေးရွာတွင်းတွေ့ကြုံရသည့် အခက်အခဲ၊ စိန်ခေါ်မှု၊ အဟန့်အတားများကိုလည်း ကျော်ဖြတ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

သန်းနိုင်ဦး(ငဖဲ)

၁၉ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် သရက်ခရိုင်အသင်းဗိုလ်စွဲ

မကွေး ဩဂုတ် ၁၉

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် (ဖလား) အသက် ၁၉ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ဩဂုတ် ၁၆ ရက် ညနေ ၃ နာရီက ခရိုင်အားကစားကွင်း၌ ယှဉ်ပြိုင်ကစားရာ သရက်ခရိုင် အမျိုးသားဘောလုံးအသင်းက မကွေးခရိုင် အမျိုးသားဘောလုံးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲပြုလုပ်ရာ အကောင်းဆုံးဂိုးသမားဆု၊ နောက်တန်းအကောင်းဆုံးဆု၊ အလယ်တန်းအကောင်းဆုံးဆု၊ ရှေ့တန်းအကောင်းဆုံးဆု၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုရသူများနှင့် ပထမဆုရ သရက်ခရိုင်အသင်း၊ ဒုတိယဆုရ မကွေးခရိုင်အသင်းတို့အား တစ်ဦးချင်းဆု၊ ငွေသားဆုနှင့် တံခွန်စိုက်ဆုတို့ကို တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေး၊ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအေးထွန်းနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အသက် ၁၉ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် မကွေးခရိုင်၊ သရက်ခရိုင်၊ မင်းဘူးခရိုင်၊ ပခုက္ကူခရိုင်နှင့် ဂန့်ဂေါခရိုင်တို့မှ ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ရာ ပထမဆုရအသင်းအား ငွေကျပ်ငါးသိန်းနှင့် ဒုတိယဆုရအသင်းအား ငွေကျပ်သုံးသိန်းကို ဆုငွေအဖြစ် ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ရေဘေးသင့်ပြည်သူများအတွက် ထိုင်းနိုင်ငံမှ ကယ်ဆယ်ရေးပစ္စည်းများ လှူဒါန်း

တနင်္သာရီ ဩဂုတ် ၁၉

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ထိုင်းနိုင်ငံ ပရာကျွတ်ခီရီခန်ခရိုင်မှ ပရာကျွတ်-မြိတ် ကုန်သွယ်မှုရင်းနှီးမြှုပ်နှံမှုတိုးတက်မြှင့်တင်ရေးအသင်းကြီး၊ ပရာကျွတ်ခီရီခန်ခရိုင် ကုန်သည်ကြီးများအသင်းနှင့် Phetburi Ratchaburi Unversity တို့မှ ကယ်ဆယ်ရေးပစ္စည်းများကို ဩဂုတ် ၁၈ ရက် နံနက် ၁၁ နာရီက မော‌တောင်မြို့တွင် လာရောက်လှူဒါန်းခဲ့ကြသည်။

လှူဒါန်းပွဲတွင် ပရာကျွတ်-မြိတ် ကုန်သွယ်မှု ရင်းနှီးမြှုပ်နှံမှု တိုးတက်မြှင့်တင်ရေးအသင်းကြီးဥက္ကဋ္ဌ မစ္စတာဝီရစီဝထနာ့သရကူန်(လ်) က တနင်္သာရီမြို့ ရေဘေးသင့်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများ လာရောက်လှူဒါန်းသည့် ရည်ရွယ်ချက်များကို ပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားခဲ့သည်။

လှူဒါန်းပွဲသို့ ပရာကျွတ်-မြိတ် ကုန်သွယ်မှုရင်းနှီးမြှုပ်နှံမှု တိုးတက်မြှင့်တင်ရေးအသင်းမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ Phetburi Ratchaburi Unversity မှ ပါမောက္ခများ၊ တနင်္သာရီမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဟိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

လာရောက်လှူဒါန်းကြသည့်ပစ္စည်းများမှာ ဘတ်ငွေ တစ်သိန်းနှစ်သောင်းခန့်တန်ဖိုးရှိ ဆန်၊ ဆီ၊ ငါးသေတ္တာ၊ အသင့်စားခေါက်ဆွဲခြောက်၊ သောက်ရေသန့်၊ အိမ်သုံးဆေးဝါး၊ ဆားနှင့် အခြားအသုံးအဆောင်ပစ္စည်းများပါဝင်ကြောင်း သိရသည်။

မြိတ်(ပြန်/ဆက်)

စံပြမိခင်ပြိုင်ပွဲနှင့် အစားအစာများချက်ပြုတ်ပြသပွဲပြုလုပ်

တပ်ကုန်း ဩဂုတ် ၁၉

နေပြည်တော် တပ်ကုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် စံပြမိခင်ပြိုင်ပွဲနှင့် အာဟာရပြည့်ဝသော အစားအစာများ ပြင်ဆင်ချက်ပြုတ်ပြသပွဲကို မြို့နယ်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ဩဂုတ် ၁၉ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ကလေးမိခင် ၄၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြသည်။

အခမ်းအနားတွင် ဦးစီးအရာရှိ ဒေါက်တာခိုင်သီရိက အမှာစကားပြောကြားသည်။ ကျန်းမာရေးဆရာမသုံးဦးက တန်ဖိုးငွေအနည်းဆုံးနှင့် အရသာကောင်းမွန်အောင် ချက်ပြုတ်ပြသပြီး စံပြမိခင်ငါးဦးအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်းသိရသည်။

တင်ထွန်းတာ

မကွေးမြို့၌ စာအုပ်စာပေဖွံ့ဖြိုးရေး မိုးရာသီစာအုပ်စျေးရောင်းပွဲတော် ဖွင့်လှစ်ရောင်းချ

မကွေး ဩဂုတ် ၁၉

စာအုပ်စာပေ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြင့်မားရေး ရည်ရွယ်ကာ မကွေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ရန်ကုန်၊ မန္တလေးမြို့များမှ စာပေတိုက်များ ပူးပေါင်း၍ မိုးရာသီ စာအုပ်စျေးရောင်းပွဲတော်ကို ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက မကွေးမြို့ ဗိုလ်ချုပ်ပန်းခြံနှင့် လွတ်လပ်ရေးပန်းခြံအကြားရှိ လမ်းမဘေးဝဲ၊ ယာတွင် စတင်ဖွင့်လှစ်ရောင်းချလျက်ရှိသည်။

"ကျွန်တော်တို့ ဦးစီးဌာနအနေနဲ့ ပြည်သူများ အသိပညာဗဟုသုတ အလွယ်တကူရရှိစေဖို့ ပြည်သူ့စာကြည့်တိုက်တွေအပြင် နည်းလမ်းမျိုးစုံနဲ့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် ကလေးစာပေပွဲတော်နဲ့ စာအုပ်ပြပွဲ၊ စာအုပ် စျေးရောင်းပွဲတော်တွေကိုလည်း ကျင်းပနေပါတယ်။ အခု မိုးရာသီစျေးရောင်းပွဲတော်ကိုတော့ စာအုပ်စာပေများ ဖွံ့ဖြိုးတိုးတက်လာစေဖို့ ပြည်သူများ ဖတ်ရှုလိုတဲ့ စာအုပ်တွေ စျေးနှုန်းချိုသာစွာနဲ့ ဝယ်ယူဖတ်ရှုနိုင်ဖို့ စာပေဖတ်ရှုတဲ့ အလေ့အထ ပိုမိုတိုးတက်စေဖို့အတွက် ရည်ရွယ်ပြုလုပ်ပေးတာဖြစ်ပါတယ်" ဟု တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးညွန့်နိုင်က ပြောသည်။

အဆိုပါ မိုးရာသီစာအုပ်စျေးရောင်းပွဲတော်ကိုဩဂုတ် ၁၈ ရက်မှ ၂၂ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ည ၉ နာရီအထိ စာအုပ်ဆိုင် ၃၀ ဖွင့်လှစ်၍ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ဝေယံလင်း(ပြန်/ဆက်)

ပွင့်ဖြူမြို့နယ်၌ တောင်သူပညာပေးဟောပြောပွဲ ကျင်းပ

ပွင့်ဖြူ ဩဂုတ် ၁၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ ပူးပေါင်း၍ တောင်သူပညာပေးဟောပြောပွဲကို ဩဂုတ် ၁၉ ရက် နံနက် ၉ နာရီက ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးသိပ္ပံခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ တောင်သူပညာပေးဟောပြောပွဲသို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာန စပါးသီးနှံဌာနစုမှ စပါးသီးနှံသုတေသနပညာရှင် ဒေါ်မြင့်ရီနှင့် သီးနှံစိုက်စနစ်၊ ပိုးမွှားရောဂါ သုတေသနပညာရှင်များနှင့် တာဝန်ရှိသူများ၊ ပွင့်ဖြူမြို့နယ်အတွင်းရှိ ကံသာကြီးကျေးရွာ၊ စံပြကျေးရွာ၊ မုန်တောကြီးကျေးရွာ၊ လယ်ဖီလာကျေးရွာ၊ ဘုရားကုန်းကျေးရွာ၊ ကုလားကုန်းကျေးရွာ၊ လက်ခုပ်ကျေးရွာ၊ ကျောင်းတော်ရာကျေးရွာ၊ ဖလံတောကျေးရွာ၊ ဇီးကိုင်းကျေးရွာ၊ မင်းမြေကျေးရွာ၊ ရွှေဘိုကျေးရွာ၊ ဇီးတောကျေးရွာ၊ ညောင်ပင်ရွာကျေးရွာ၊ လယ်ကိုင်းကျေးရွာ၊ လယ်လှကုန်းကျေးရွာ၊ ကံဆွယ်ကျေးရွာတို့မှ ဒေသခံ တောင်သူ ၂၁၆ ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဟောပြောပွဲတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ စပါးသီးနှံသုတေသနပညာရှင် ဒေါ်မြင့်ရီနှင့် မကွေးတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးလင်းမြတ်တို့က တောင်သူများ သီးနှံအထွက်နှုန်းတိုးတက်ကောင်းမွန်ရေး သီးနှံအလိုက် စိုက်ပျိုးရေးဆိုင်ရာသိကောင်းစရာများကို အသေးစိတ်ရှင်းလင်းဆွေးနွေးဟောပြောပြီးတောင်သူများက သိရှိလိုသည့် မေးမြန်းဆွေးနွေးခြင်းများကို ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)

လားရှိုးမြို့ရှိ ခရီးသည်တင်ယာဉ်များ လုပ်ငန်းလိုင်စင်နှင့် စည်းကမ်းလိုက်နာမှုရှိ၊ မရှိစစ်ဆေး

လားရှိုး ဩဂုတ် ၁၉

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့အထွက် တိုးဂိတ်အနီးတွင် ဩဂုတ် ၁၇ ရက် နံနက်ပိုင်းက လားရှိုးမြို့မှ ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသအသီးသီးသို့ ခရီးသည်ပို့ဆောင်ပြေးဆွဲနေသည့် ယာဉ်ငယ်များကို လုပ်ငန်းလိုင်စင်နှင့်စည်းကမ်း လိုက်နာမှု ရှိ၊ မရှိ ပူးပေါင်းအဖွဲ့က စစ်ဆေးခဲ့သည်။

လုပ်ငန်းလိုင်စင်နှင့် ပို့ဆောင်ဆက်သွယ်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ အမှတ် (၁၁၉) ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မော်တော်ယာဉ်လိုင်းပေါင်းစုံ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့နှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ခရီးတင်ယာဉ်များကို စစ်ဆေးခဲ့သည်။

လားရှိုးမြို့တွင် ခရီးသည်ပို့ဆောင်ရေးယာဉ်များ လုပ်ငန်းလိုင်စင်နှင့် စည်းကမ်းလိုက်နာမှု ရှိ၊ မရှိကို ဇူလိုင် ၇ ရက်က ခရီးသည်တင်ယာဉ် ၈၂ စီး၊ ဇူလိုင် ၁၃ ရက်က ခရီးသည်တင်ယာဉ် ပေါင်း ၄၃ စီးကို စစ်ဆေးခဲ့ပြီး ပညာပေးခြင်း၊ အရေးယူခြင်းများ ပြုလုပ်ခဲ့သည်။ **အောင်မင်း**

လားရှိုးမြို့မှ အထူးကုသမားတော်ကြီးများ ဟိုပန်မြို့သို့ နယ်လှည့်ကွင်းဆင်းဆေးကုသ

ဟိုပန် ဩဂုတ် ၁၉

လားရှိုးမြို့မှ ဆေးရုံအုပ်ကြီး ဒေါက်တာတင်မောင်ညွန့် ဦးဆောင်သော အထူးကုဆရာဝန်ကြီး ၁၉ ဦးနှင့် ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများသည် ဟိုပန်မြို့နယ် ပြည်သူ့ဆေးရုံတွင် ဩဂုတ် ၁၈ ရက် နံနက် ၁၀ နာရီမှစ၍ ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိသည်။

အဆိုပါအဖွဲ့တွင် သွားနှင့်ခံတွင်း၊ စိတ်ရောဂါ၊ ကင်ဆာ၊ သားဖွားမီးယပ်၊ ကလေးအထူးကု၊ အရိုးအထူးကု၊ အရေပြား၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ မျက်စိ၊ ခွဲစိတ်၊ ဓာတ်ခွဲနှင့် ဓာတ်မှန်ဆိုင်ရာ အထွေထွေရောဂါကု သမားတော်ကြီးများပါဝင်ကြပြီး ဟိုပန်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ လာရောက်ပြသသည့် ပြည်သူများကို ဖြစ်ပွားသည့် ရောဂါအလိုက် စမ်းသပ်စစ်ဆေး ကုသပေးလျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

စီမံကိန်းကျေးရွာ စာရင်းပုံစံများနှင့်လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

သနပ်ပင် ဩဂုတ် ၁၉။ ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ဩဂုတ် ၁၇ ရက်တွင် စီမံကိန်းကျေးရွာဖြစ်သော ကျိုက်ပဒိုင်လေးကျေးရွာ ကော်မတီဝင်များနှင့်တွေ့ဆုံပြီး ငွေစာရင်း ပုံစံစာအုပ်များတွင် ဖြည့်တင်းထားမှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ အတိုးအရင်းများ ပြန်လည်ပေးဆပ်ချိန်တွင် နောက်ကျမှုနှင့် ကြွေးကျန်မှု မဖြစ်ပေါ်စေရန် ပြည်ထောင်စုအဆင့် သုံးသပ်ဆွေးနွေးပွဲမှ ရလဒ် ၂၂ ချက်အား ရှင်းလင်းပြောကြားခြင်းများကို ကွင်းဆင်းဆောင်ရွက်ကြကြောင်း သိရသည်။

လှမိုး(ပြန်/ဆက်)

တိုတိုထွာထွာဖတ်စရာ

ဗန်းမောက်၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုး

ဗန်းမောက်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဗန်းမောက်မြို့နယ် အမှတ်(၂) သတ္တုတွင်းလုပ်ငန်းနှင့်မြို့နယ်အတွင်းရှိ ရွှေသတ္တုတူးဖော်ရေးလုပ်ငန်းရှင်များက ပူးပေါင်းကျင်းပသည့် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဩဂုတ် ၁၇ ရက်က ကျင်းပခဲ့သည်။

မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ချင်းတွင်းမြစ်ဖျားဒေသ မံအင်မင်းကုန်းကျေးရွာအုပ်စုနှင့် နားနန့်ထွန်ကျေးရွာအုပ်စုတို့တွင် စိုက်ပျိုးခြင်းဖြစ်သည်။ မြန်မာနိုင်ငံ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းတို့မှ ကာကွယ်သည့်အနေဖြင့် ရတနာတန်းဝင် ကျွန်းပျိုးပင် ၄၀၀၀၊ ပျဉ်းကတိုး ပျိုးပင် ၇၀၀ စိုက်ပျိုးခဲ့ကြသည်။

ကျော်စွာ(ဗန်းမောက်)

မူလတန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲကျင်းပ

မကွေး

မကွေးတိုင်းဒေသကြီး မကွေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မူလတန်းအဆင့် ကျောင်းသားကျောင်းသူများအား ဉာဏ်ရည်ဉာဏ်သွေးထက်မြက်ပြီး စဉ်းစားတွေးခေါ်မှုမြင့်မားကာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် ဆုပေးပွဲကို ဩဂုတ် ၁၈ ရက် နံနက် ၉ နာရီက အဆိုပါရုံးရှိ လူထုအခြေပြု ဗဟိုဌာန၌ ကျင်းပသည်။

အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၂၉ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရ ကျောင်းသား ကျောင်းသူများအား လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဌေးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ထီးချိုင့်၌ ငါးမျိုးစိုက်ထည့်ပွဲကျင်းပ

ထီးချိုင့်

သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်လျက် စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ပွဲကို ဩဂုတ် ၁၇ ရက် နံနက် ၈ နာရီက ထီးချိုင့်မြို့ကျောက်တန်းဆိပ်ကမ်း၌ ကျင်းပသည်။

အဆိုပါငါးမျိုးစိုက်ထည့်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘဝင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အင်းသူကြီးများ၊ ရေလုပ်သားများ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများက ထိုင်းငါးခုံးမ တစ်သိန်းနှင့် ငါးမြစ်ချင်း သုံးသိန်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ လေးသိန်း ငါးမျိုးစိုက်ထည့်ပေးခဲ့ကြသည်။

ဇွဲမာန် (ထီးချိုင့်)

မိုင်းဖြတ်၌ မူးယစ်အသိပညာပေးဟောပြော

မိုင်းဖြတ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းမှ ကျင်းပသည့် အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၆ ရက် မွန်းလွဲ ၁နာရီက အထက(မိုင်းဖြတ်)ကျောင်းရှိ ရွှေလီဆောင်၌ ကျင်းပသည်။

ပြည်နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ကျိုင်းတုံ) ဥက္ကဌ ဦးစိုင်းဆမ်တစ်က 'မူးယစ်ဟူသမျှ ဆန့်ကျင်ကြ' ဟူသည့် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပြည်နယ်ကြက်ခြေနီအသင်း(ကျိုင်းတုံ) တပ်ဖွဲ့မှူး ဦးဝင်းမြတ်က ကြက်ခြေနီအကြောင်း သိကောင်းစရာများကိုလည်းကောင်း ရှင်းလင်းဟောပြောခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)

ဂန့်ဂေါ၌ ပုံတူဆွဲဆေးရောင်ခြယ်ပြိုင် ဆုများချီးမြှင့်

ဂန့်ဂေါ

ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတွင် အခြေခံပညာအလယ်တန်းအဆင့် ပုံတူဆွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲကို ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက ပြုလုပ်ရာ ကျောင်းသားကျောင်းသူ ၄၁ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြကြောင်း သိရသည်။

၄၆၅

ဗလာဆိုင်းကို လွမ်းမိပါသည်

မောင်ပြည့်အောင်

ဘုန်းတော်ကြီးကျောင်း၏ ကျယ်ဝန်းသောဆွမ်းစားဆောင်တွင် အလှူထမင်း အလှူဟင်းကို စားကြပြီးသည့်နောက် ဆရာတော်က ကျွန်တော်တို့အဖွဲ့ကို ဧည့်ခံမဏ္ဍပ်သို့လိုက်ပို့ရန် ကျောင်းသားတစ်ယောက်ကို ခိုင်းပါသည်။ လက်ဖက်ရည်ကြမ်းသောက်ရင်း နားနားနေနေ နေစေလိုဟန်ရှိ၍ ကျွန်တော်တို့လည်း မောင်ကျောင်းသားနောက်သို့လိုက်ခဲ့ကြပါသည်။ အမှန်စင်စစ် ကျွန်တော်၏ သဘောဆန္ဒအရဆိုလျှင် ပြန်ချင်စိတ်သာရှိပါသည်။ အတန်ငယ်ဝေးလှသည့် ဆွမ်းစားဆောင်မှပင် အတိုင်းသားကြားနေရသော ဧည့်ခံမဏ္ဍပ်ရှိ မြေတုန်ရင်တုန်အောင် ကျယ်လောင်လှသည့် ဆောင်းဘောက်ကြီးများနှင့် မည်သည့်တူရိယာ၏အသံမှန်း ခွဲခြားမရသော တီးဝိုင်းကြီးကို ကြောက်သောကြောင့်ဖြစ်ပါသည်။ ဆရာတော်၏ဆန္ဒကို မလွန်ဆန်လို၍သာ မောင်ကျောင်းသားနောက်မှ ခပ်မဆိတ်လိုက်ခဲ့ရခြင်းဖြစ်၏။

အလှူမဏ္ဍပ်အတွင်းဝင်သည်နှင့် ကျွန်တော်တို့အဖွဲ့သည် ဆောင်းဘောက်ကြီးများနှင့် လွတ်လိုလွတ်ငြား အဝေးဆုံးနေရာတစ်ခုကို တက်ညီလက်ညီရွေး၍ နေရာယူကြပါသည်။ အပြင်က ကြားခဲ့ရသောအသံသည် မဏ္ဍပ်အတွင်း၌ အသံလှိုင်းကြီးအဖြစ်ရင်ကိုတုန်ခါစေပြီး ဆောင်းဘောက်ကြီးများသည် ကြောက်စရာ သတ္တဝါကြီးများသဖွယ် ကျွန်တော်တို့အား ခြောက်လှန့်လျက်ရှိ၏။ မည်သည့် စကားမျှ မဆိုနိုင်ကြဘဲ (တစ်ယောက်စကားကိုလည်း တစ်ယောက်က ကြားနိုင်မည်မဟုတ်သောကြောင့်) တစ်ယောက်ကို တစ်ယောက် မျက်နှာငယ်လေးများဖြင့် ကြည့်နေမိကြသည်။ မိမိတို့အား တလေးတစား လာရောက်နှုတ်ဆက်၍ ဧည့်ခံစကားဆိုသော အလှူ့ရှင်အလှူ့အမတို့အား မင်္ဂလာခွန်းတုံ့စကား ဆိုနေရငြားလည်း သူတို့၏စကားကို ကောင်းကောင်းမကြားရ၊ သူတို့ကလည်း မိမိတို့စကားကိုကြား ရဟန်မရှိ။ စားပွဲပေါ်တွင် တည်ခင်းဧည့်ခံထားသော လက်ဖက်ပွဲ၊ အချိုပွဲများသို့လည်း အာရုံ မရောက်ကြပေ။ ဧည့်ခံမဏ္ဍပ်တွင်း ရှိနေသူတို့အား အကဲခတ်ကြည့်ရာတွင် ကြုံတွေ့နေကြရသည့် နားဆင်းရဲခြင်းဒုက္ခနှင့် စိတ်ဆင်းရဲခြင်းဒုက္ခကြီးတို့မှ လွတ်မြောက်အောင် မည်သို့ရုန်းထွက်ကြရမည်နည်းဟု အကြံထုတ်နေကြဟန်ရှိလေသည်။

ရင်းနှီးကျွမ်းဝင်ခဲ့

ဧည့်ခံစင်မြင့်ထက်တွင် ဆိုင်းဝိုင်းကိုတွေ့ရသော်လည်း ဆိုင်းဆရာကိုကားမမြင်မိပေ။ အစွမ်းကုန်လက်စွမ်းပြ၍ ဧည့်ပရိသတ်အား ကောင်းကောင်းဧည့်ခံနေသူများကား၊ ဆိုင်းဝိုင်းနောက်တွင် ခင်းကျင်းထားသော ခေတ်ပေါ်သံစုံတီးဝိုင်းဟု အမည်ခံသူများဖြစ်၏။ သံစုံတီးဝိုင်းအမည်နှင့် လိုက်ဖက်သည်ဟု ဆိုရပါမည်။ မည်သည့်တူရိယာ၏အသံဟု ခွဲခြား၍ မရနိုင်လောက်အောင် အသံပေါင်းစုံ ဆူညံလုံးထွေးနေသောကြောင့်ဖြစ်၏။ အဆိုတော်တစ်ယောက် သီဆိုနေသည်ကိုမြင်နေရသော်လည်း သီဆိုသံကို ပီပီသသ မကြားရချေ။ လူငယ်ကျောင်းသားဘဝက အနောက်တိုင်းဂီတတူရိယာပစ္စည်းများနှင့် ရင်းနှီးကျွမ်းဝင်ခဲ့သော စာရေးသူပင်လျှင် လက်ရှိကြားနေရသော သံစုံတီးဝိုင်းရှိ ဂီတတူရိယာများ၏ သံစဉ်ကို ခွဲခြားခံစားရန်ဝေးစွ ဘင်သံတဒုန်းဒုန်း၏အောက်၌သာ ပြားပြားဝပ်နေရ၏။

ပိုင်ရှင်မဲ့ ဆိုင်းဝိုင်းလေးကို ငေးကြည့်နေရင်းမှ ဦးခေါင်းကလေးတညိတ်ညိတ် ပြုံးသလိုတည်သလို မျက်နှာပေးနှင့် နွဲ့၍ယိမ်း၍ ဝှေ့၍ဝိုက်၍တီးတတ်သော ဆိုင်းဆရာ၏ဟန်ကို မြင်ယောင်လာမိ၏။ ပြတ်သားသော တိကျသော အဖြတ်အတောက် အနိမ့်အမြင့်သံစဉ်တို့ဖြင့် ထုံမွမ်းလျက်ရှိသည့် ငြိမ့်ညောင်းသာယာလှသည့် စမ်းရေအလျင်ကဲ့သို့သော ပတ်လုံးသံလေးများကို ကြားယောင်လာမိသည်။ "ဗလာဆိုင်းလေးနဲ့ဆိုရင် သိပ်ကောင်းမှာပဲဗျာ" ဟူသော ကျွန်တော်တို့အဖွဲ့သား ကိုမျိုး၏တမ်းတသံကို ကြားရတော့မှ ဗလာဆိုင်းလေးကို လွမ်းနေသူမှာ ကျွန်တော် တစ်ယောက်တည်းမဟုတ်ကြောင်း သိရလေသည်။

ခုံခုံမင်မင် မြတ်မြတ်နိုးနိုး

"ကျွန်တော်တို့ ရွာကအလှူတွေမှာဆို ဒီလိုဧည့်ခံချိန်မှာ ဗလာဆိုင်းနဲ့ဧည့်ခံတာဗျ၊ ငြိမ့်ငြိမ့်ညောင်းညောင်းလေးနဲ့ စကားပြောမပျက်စေရဘူး ၊ ကျက်သရေမင်္ဂလာရှိလိုက်တာဗျာ" ဘုန်းကြီးကျောင်းမှအထွက် ကားပေါ်သို့ရောက်မှ ကိုမျိုးကစကားပြောပါသည်။ကျောင်းပြင်ရောက်မှ တစ်ယောက်စကားကို တစ်ယောက်ကကြားရသောကြောင့်လည်းဖြစ်၏။ ကိုမျိုးသည် လယ်ကွင်းလေးများ၊ ချောင်းငယ် မြောင်းငယ် တောတန်းလေးများခြံရံလျက်ရှိသော မန္တလေးမြို့နှင့်မနီးမဝေးရှိ ကျေးရွာလေးတွင် မွေးဖွားကြီးပြင်းခဲ့သူဖြစ်၏။ တောဓလေ့ တောသဘာဝကို ခုံခုံမင်မင် မြတ်မြတ်နိုးနိုး ခံစားရင်း အမှတ်သညာကောင်းကောင်းဖြင့် ဘဝအဆင့်ဆင့်ကိုကျော်ဖြတ်လာခဲ့သူဖြစ်ရာ သူ၏ငယ်ဘဝကို ပြန်

> "ပရိသတ်မများသော်လည်း သက်ကြီးဝါကြီး ဆိုင်းဝါသနာရှင်၊ ဆိုင်းနားရည်ဝပြီးသူ ဆိုင်းဗဟုသုတပြည့်ဝသူများဖြစ်၏။ ဆိုင်းဆရာ၏ ပညာနှင့် သမ္မာကို ကောင်းကောင်းအကဲဖြတ်နိုင်သူ ဆိုင်းပညာ၏ အနှစ်သာရကို ကောင်းစွာခံစားတတ်သော ဆိုင်းပရိသတ် အစစ်အမှန် . . ."

ပြောင်းပြောပြသောအခါများ၌ မိမိကိုယ်မိမိ မြို့မှာမွေး၍ မြို့မှာကြီးရသည်ကိုပင် ဂုဏ်ငယ်သယောင် ထင်မိစေ၏။

"ကျွန်တော်တို့ရွာတွေမှာ အလှူအတန်းရှိလို့ ဆိုင်းငှားရင် တော်ရုံဆိုင်းကိုငှားတာမဟုတ်ဘူးဗျ။" အလှူတွင် ကြုံခဲ့ရသော ပိုင်ရှင်မဲ့ဆိုင်းဝိုင်းလေးကို မြင်တွေ့ခဲ့ရစဉ်ကတည်းက သူခံစားခဲ့ရဟန်တူပါသည်။ သူ့နည်းတူစာရေးသူသည်လည်း ဗလာဆိုင်းဖြင့်ဧည့်ခံသော အလှူမင်္ဂလာပွဲများကို ကြုံဖူးသည်ဖြစ်ရာ ဆိုင်းလက်သံကို နားထောင်ရင်း ဧည့်ခံမဏ္ဍပ်အတွင်း၌ အေးချမ်းသာယာစွာ နားနားနေနေ နေခွင့်မရခဲ့သောအဖြစ်ကို အားမလိုအားမရဖြစ်မိပါသည်။ "ရွာက သက်ကြီးဝါကြီး၊ ဆိုင်းငှားနေကျ၊ ဆိုင်းအကြောင်း ကောင်းကောင်းသိတဲ့ ဆိုင်းကိုမြတ်နိုးတဲ့ လူကြီးတွေစုပြီးမှ ဆိုင်းဝိုင်းကို စိတ်တိုင်းကျ ရွေးပြီးငှားကြတာ၊ သူတို့ဆိုင်းငှားကြတာက အနုပညာစကားဝိုင်းတစ်ခုလိုပဲ။ ဆိုင်းဆရာရေ ဟို . . . လက်သံလေး၊ အဲဒါ တစ်စိတ်လောက်တီးပြစမ်းပါဦး၊ ဟုတ်ပ မှန်လိုက်တာ၊ တော်တယ်ဗျာ၊ နောက် ရွာစားကျော်(-)ရဲ့ လက်သံလေးတို့ ကြည့်လိုက်ဗျာ၊ ဒီလို. . . ဒီလိုလေး. . . ဆိုင်းငှားသူ ဦးကြီး၊ ဘကြီးများက ပါးစပ်ဆိုင်းလေးတီးပြလိုက်၊ ဆိုင်းဆရာက ပတ်လုံးလေးများကို မွှေ့လိုက်ရမ်းလိုက် တို့လိုက်ထိလိုက်ဖြင့် အလွန်မြိုင်တာဗျာ" အလွမ်းဓာတ်ခံဖြင့် ပြောနေသော ကိုမျိုး၏စကားသံများကြားတွင် စာရေးသူတို့အုပ်စုနစ်မျော၍နေ၏။ သူတို့ချင်း အလွမ်းသင့်လို့ကတော့ ဆိုင်းငှားတာနဲ့မတူတော့ဘဲ ဆိုင်းပညာရှင်နဲ့ ဆိုင်းဝါသနာရှင်တွေ တွေ့ဆုံဆွေးနွေးပွဲဖြစ်သွားတော့တာပဲ၊ ဆိုင်းဆရာကလည်း၊ လက်ဖက်သုပ်၊ ရေနွေးကြမ်း၊ ကွမ်းဆေးစသည်ဖြင့် ဧည့်ခံပြီး တီးလိုက်ဆိုလိုက် ရှင်းပြလိုက်၊ ဆိုင်းငှားတဲ့သူတွေကလည်း မေးလိုက်မြန်းလိုက် ဆွေးနွေးလိုက်နဲ့ ထမင်းမေ့ ဟင်းမေ့ပေါ့ဗျာ။

မြိုင်မြိုင်ဆိုင်ဆိုင်

အလှူဝင်နေ့ ညဥ့်ဦးပိုင်းတွင်တော့ ဆိုင်းပြည့် ဝိုင်းပြည့် ဆိုင်းနောက်ထအဆိုတော် စသည်ဖြင့် ဝေယျာဝစ္စ ကူညီလုပ်ကိုင်ပေးသူများနှင့် နောက်နေ့အလှူကြီးသို့ လာရောက်ကြသည့် ရပ်ဝေးရပ်နီးမှ ဧည့်သည်များ၊ မိတ်ဆွေသင်္ဂဟများအား မြိုင်မြိုင်ဆိုင်ဆိုင်ကြီး ဧည့်ခံလေသည်။ ညဥ့်ဦးယံကျော်၍ ညဥ့်နက်ပိုင်းသို့ရောက်သောအခါ ဧည့်သည်များလည်းစဲသွားလေပြီ၊ ချက်ရေးပြုတ်ရေး ကုသိုလ်ယူကြသူများလည်း ပြီးပြည့်စုံ၍ အလုပ်သိမ်းကြပြီဖြစ်၏။ အိုးသူကြီးများက အိုးစောင့်များအား ဆွမ်းအိုးဟင်းအိုး၊ ထမင်းအိုးဟင်းအိုးများကို အပ်၍ပြီးကြလေပြီ။

ထိုအချိန်တွင် သံဃာစင်ပေါ်၌ အလှူကြီးအတွက် ဝိုင်းဝန်းစီမံဆောင်ရွက်ပေးကြသူ လူကြီးများနှင့် ချက်ရေးပြုတ်ရေးစီမံပေးကြသူများသည် လုပ်ငန်းများ ပြီးဆုံး၍ ဆိုင်းဝိုင်းရှေ့ရှိ အလှူမဏ္ဍပ်၏ အလယ်၌ တည်ခင်းထားသော လက်ဖက်ရည်ကြမ်းဝိုင်းသို့ ရောက်လာကြတော့၏။ နားနားနေနေရှိနေသော ဆိုင်းဆရာနှင့် စကားစမြည်ပြောကြရင်း လူကြီးများအတွက် ဧည့်ခံဆိုင်း၊ တစ်နည်းအားဖြင့် အလှူဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီပေးရင်း တစ်နေကုန်ပင်ပန်းခဲ့ကြသော ရွာလူကြီးများအား ဖျော်ဖြေပေးသောဆိုင်းဝိုင်း စတင်ပါသည်။ ဆိုင်းနောက်ထ အဆိုတော်မပါ ဆိုင်းဆရာနှင့်ဆိုင်းဝိုင်းသာဖြစ်၏။ တစ်ခါတစ်ရံ ကြေးဝိုင်းဆရာပါလေသည်။ ဆိုင်းဆရာ၏ သီးသန့်လက်စွမ်းပြပင်ဖြစ်ပါသည်။

အလွန်လိုက်ဖက်ညီ

ပရိသတ်မများသော်လည်း သက်ကြီးဝါကြီး ဆိုင်းဝါသနာရှင်၊ ဆိုင်းနားရည်ဝပြီးသူ ဆိုင်းဗဟုသုတ ပြည့်ဝသူများဖြစ်၏။ ဆိုင်းဆရာ၏ ပညာနှင့်သမ္မာကို ကောင်းကောင်းအကဲဖြတ်နိုင်သူ ဆိုင်းပညာ၏ အနှစ်သာရကို ကောင်းစွာခံစားတတ်သော ဆိုင်းပရိသတ် အစစ်အမှန်ကြီးများဖြစ်၏။ ဆိုင်းငှားစဉ်ကတည်းက ရင်းနှီးပြီးသူများပါသကဲ့သို့ ဆိုင်းငှားသူများ၏ အညွှန်းစကားများကြောင့် ဆိုင်းဆရာ၏ လက်သံကိုနားဆင်ရန် အားခဲလျက် မျှော်လင့်စောင့်စားနေသူများလည်း ပါဝင်လေသည်။ ဆိုင်းဆရာနှင့် ပရိသတ် အလွန်လိုက်ဖက်ညီသော ပွဲပင်ဖြစ်လေသည်။

ဆိုင်းဆရာကလည်း စိတ်လက်ရွှင်လန်းတက်ကြွစွာဖြင့် လက်စွမ်းပြတီးခတ်၏။ပရိသတ်ကလည်း စိတ်ဝင်တစား စိတ်ပါလက်ပါ အားပေးနားဆင်ကြသည်။ ဘယ်တုန်းက ဘယ်ပွဲမှာ ရွာစားကျော် ဘယ်သူက ဒီလို ဒီလိုတီးသွားတာခင်ဗျ၊ နားဆင်ကြပါဦး၊ အဲဒီမှာ ဒီလို ဖိဖော့ဖွင့်ပြီး သာသာလေး သွက်သွက်လေး တီးသွားတာ၊ ဒီလိုခင်ဗျ၊ ကျွန်တော့်ဆရာ(-) ရဲ့လက်သံ၊ ဒီနေရာမှာ ကျွန်တော်ကတော့ ဒီလိုလေးတီးလိုက်ချင်တာ၊ မကောင်းပေဘူးလားစသည်ဖြင့် ဆိုင်းဆရာသည် ပြောလည်းပြော တီးလည်းတီး ရှင်းလည်းရှင်း လင်းလည်းလင်းစေ၏၊ ပြုံး၍ပျော်၍ ရယ်၍မော၍ ကြည်သာရွှင်ပျစွာ ဖျော်ဖြေ၏။ ခေါင်းကလေးကို ငဲ့၍ငဲ့၍ညိတ်၍ညိတ်၍ တီး၏။ လက်ကလေးကို ဝှေ့၍ဝှေ့၍ ဝိုက်၍ဝိုက်၍လည်း တီးလေသည်။ ဆိုင်းမင်းသားတစ်လက် ကနေသည်နှင့်ပင် တူသေးတော့သည်။

အားပေးသူ ပရိသတ်ကလည်း ငြိမ်၍နားထောင်၏။ ပြုံးသည့်အခါလည်းရှိ၏။ ခေါင်းတညိတ်ညိတ်ပြုသည်လည်းရှိ၏။ ဆိုင်းဆရာက အတီးကိုရုတ်တရက် ရပ်၍ ဘယ်လိုလဲဟူသောသဘောဖြင့် မေးလေးကိုဆတ်၍ မေးသည့်အခါမျိုး၌ အားရပါးရ လက်ခုပ်တီး၍ မြိုင်မြိုင်ဆိုင်ဆိုင် အားပေးကြသည်လည်းရှိသေး၏။ ဤသို့ဖြင့် မြန်မာ့ဆိုင်း၏အနှစ်သာရကို ညီတူညီမျှထပ်တူကျ၍ ခံစားကြသူ ဆိုင်းဆရာနှင့် ပရိသတ်တို့၏ပွဲသည် နံနက်နာရီပြန်နှစ်ချက်တီးကျော် သုံးချက်တီးခန့်တွင်မှ မနားချင်နားချင်နှင့် နားလိုက်ကြရလေသည်။

မနား၍လည်း မဖြစ်၊ မနက်ဖြန် အလှူကြီးနေ့တွင် ဧည့်ခံမဏ္ဍပ်တွင်း၌ ဤကဲ့သို့ပင် ဆိုင်းဆရာ ရွာစားကျော်ကိုယ်တိုင် ဗလာဆိုင်းဖြင့် ဧည့်ခံပေးရဦးမည် မဟုတ်လား။ လွမ်းမိပါသည် ဗလာဆိုင်းလေးရယ်ဟူ၍ တမ်းတလိုက်မိပါသည်။

တရုတ်ပရိသတ်တွေကို စိတ်လှုပ်ရှားစေခဲ့တဲ့ လျူရီဖိုင်ရဲ့ မူလန်

တရုတ်မင်းသမီး လျူရီဖိုင်ဟာ ဒစ်စနေရဲ့ အလွန်ကို လူသိများသော ဇာတ်ကောင်တစ်ဦးဖြစ်တဲ့ မူလန်အဖြစ် ပြန်လည်ဆန်းသစ်ရိုက်ကူးသွားမယ့် လိုက်ဖ်အက်ရှင်ရုပ်ရှင်သစ်မှာ ပါဝင်ထားတာဖြစ်ပါတယ်။ မကြာသေးမီက မူလန်ဇာတ်ကောင်စရိုက်နဲ့ ရိုက်ကူးထားတဲ့ လျူရီဖိုင်ရဲ့ ဓာတ်ပုံတစ်ပုံကို ပထမဆုံးအကြိမ်ဖော်ပြခဲ့ပြီး ဒီဓာတ်ပုံပေါ်ထွက်လာပြီးနောက်မှာတော့ တရုတ်နိုင်ငံက ပရိသတ်တွေက မင်းသမီးကို မူလန်အဖြစ် ပိတ်ကားထက်ဝယ် မြင်တွေ့ရဖို့အရေး စိတ်လှုပ်ရှားနေကြကြောင်း လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ပရိသတ်တွေရေးသားဖော်ပြခဲ့တဲ့ စာတွေကိုကြည့်ကာ အေးရှားဝမ်းဒေ့ါကွန်းက ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။

ရှေးခေတ်ကဗျာတစ်ပုဒ်မှာ မူလန်ဟာ ငါးရာစုမှာ ဖြစ်တည်ခဲ့တဲ့ တရုတ်အမျိုးသမီးငယ်တစ်ဦးဖြစ်ပြီး သူဟာ ဖခင်ကိုယ်စား စစ်မှုထမ်းဆောင်ဖို့ရာ ယောကျ်ားလေးတစ်ယောက်လို ပြင်ဆင်ကာ စစ်ထဲဝင်ခဲ့တာ ဖြစ်ပါတယ်။ မူလရုပ်ရှင်မှာပင် ပရိသတ်အများချစ်ခင်ခဲ့ကြတဲ့ အမျိုးသမီးလူစွမ်းကောင်းဇာတ်ကောင် မူလန်အတွက် ပါဝင်သရုပ်ဆောင်ပေးဖို့ရာ ဇာတ်ဆောင်ရွေးချယ်ခြင်းကို ကမ္ဘာတစ်ဝန်းတစ်နှစ်ကြာပြုလုပ်ခဲ့ပြီးနောက်မှာတော့ လျူရီဖိုင်ကို ပါဝင်သရုပ်ဆောင်ပေးဖို့ရာ ရွေးချယ်ခဲ့တာဖြစ်ပါတယ်။

ဒစ်စနေရဲ့ ရုပ်သံဖန်တီးမှုရုပ်ရှင်ကို ပြန်လည်ဆန်းသစ်ကာ ဖန်တီးသွားမယ့် "Mulan" လိုက်ဖ်အက်ရှင်ရုပ်ရှင်သစ်မှာ မူလန်ဇာတ်ကောင်မှာ ပါဝင်ထားတဲ့ လျူရီဖိုင်ရဲ့ ဓာတ်ပုံကို ပထမဆုံးအနေနဲ့ မကြာသေးမီက ထုတ်ဖော်ပြသလာတာဖြစ်ပါတယ်။

မူလန်ရဲ့ ဇာတ်ကောင်စရိုက်အရ သူဟာ ကြောက်ရွံ့မှုကင်းပြီး အရာရာကို ရင်ဆိုင်တိုက်ခိုက်လိုစိတ်အပြည့်ရှိသူ ဖြစ်ပါတယ်။ ဒီဇာတ်ကောင်စရိုက်ကြောင့် လိုက်ဖ်အက်ရှင်ရုပ်ရှင်သစ်မှာ လျူရီဖိုင်ကို တကယ့်ကို သတ္တိရှိတဲ့ အမျိုးသမီးလူစွမ်းကောင်းတစ်ဦးအသွင် တွေ့မြင်ရမှာဖြစ်ပါတယ်။ ပထမဆုံးအကြိမ် ထုတ်ဖော်ပြသလာတဲ့ ဓာတ်ပုံမှာ လျူရီဖိုင်ကို တွေ့မြင်ခဲ့ရာမှာတော့ ပရိသတ်တစ်ဦးက သူ့ရဲ့ တွစ်တာစာမျက်နှာပေါ်မှာ လျူရီဖိုင်နဲ့ မူလန်ဇာတ်ကောင်ဟာ အတော်လေးလိုက်ဖက်ကြောင်း၊ မင်းသမီးရဲ့မျက်နှာနဲ့ အမူအရာတွေဟာ ဇာတ်ကောင်စရိုက်ကို ပီပီပြင်ပြင်ဖော်ဆောင်နိုင်ကြောင်း ချီးကျူးရေးသားထားတာတွေ့ရပါတယ်။ ဒီလိုပဲ အခြားသော ပရိသတ်တွေကလည်း အကောင်းဘက်က ဝေဖန်မှုတွေပြုကြပြီး လျူရီဖိုင်ကို မူလန်အဖြစ် ရုပ်ရှင်မှာ တွေ့မြင်ရမှာဖြစ်တာကြောင့် စိတ်လှုပ်ရှားနေမိကြောင်း ရေးသားဖော်ပြခဲ့ကြတယ်လို့လည်း သိရပါတယ်။

၁၉၉၈ ခုနှစ်က ထွက်ရှိခဲ့တဲ့ ရုပ်သံဖန်တီးမှုရုပ်ရှင်ဟာလည်း အောင်မြင်ခဲ့ပြီး ပြန်လည်ဆန်းသစ်ထားတဲ့ လိုက်ဖ်အက်ရှင်ရုပ်ရှင်ကိုလည်း အထူးအချိန်ပေးကာ ပြင်ဆင်ထားတာ ဖြစ်ပါတယ်။ ဒီရုပ်ရှင်ကို ယခင်က ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၂ ရက်မှာ စတင်ပြသနိုင်ဖို့ရာ စီစဉ်ထားပါတယ်။ ဒါပေမယ့် နောက်ပိုင်းမှာတော့ ကြန့်ကြာမှုတွေ ရှိခဲ့တာကြောင့် ရုပ်ရှင်ရုံတင်မယ့်ရက်ကို ပြောင်းလဲကြေညာခဲ့ပါတယ်။ လာမယ့် ၂၀၂၀ ပြည့်နှစ် မတ်လ ၂၇ ရက်မှာမှ စတင်ပြသတော့မှာဖြစ်ပြီး ယင်းရုပ်ရှင်ရဲ့ ရိုက်ကွင်းတွေကိုတော့ နယူးဇီလန်နဲ့ တရုတ်နိုင်ငံတို့မှာ သွားရောက်ရိုက်ကူးထားတာဖြစ်တယ်လို့လည်း သိရပါတယ်။

အေးပြည့်-ရေးသားသည်

အသည်းကွဲဖူးချင်တယ်လို့ ဆိုလာတဲ့ ပွဲခ်ဘိုယောင်း

တောင်ကိုရီးယားမင်းသမီးတစ်ဦးဖြစ်တဲ့ ပွဲခ်ဘိုယောင်းကတော့ သူ့ရဲ့ဘဝမှာ တစ်စုံတစ်ယောက်နဲ့ ကွဲကွာရလို့ အလွန်ကို နာကျင်ခံစားရတဲ့ ခံစားမှုမျိုးကို ကြုံတွေ့ခံစားလိုကြောင်း လတ်တလောမှာ ပြောကြားလာတာဖြစ်ပါတယ်။ ဒီလိုပြောကြားရတဲ့အကြောင်းကတော့ သူ့ရဲ့ရုပ်ရှင်သစ်နဲ့လည်း သက်ဆိုင်နေတာဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မကြာသေးမီက ပြုလုပ်ခဲ့တဲ့ ရုပ်သံအင်တာဗျူးတစ်ခုမှာ မင်းသမီးက သူ့ရဲ့လတ်တလော ခံစားချက်နဲ့ပတ်သက်ပြီး ရင်ဖွင့်ခဲ့တာဖြစ်ပါတယ်။ ဒီအင်တာဗျူးမှာတော့ မင်းသမီးက သူဟာ အချစ်ကို နားလည်ခံစားမိခြင်း မရှိသေးဘူးလို့လည်း ဆိုပါတယ်။ ပွဲခ်ဘိုယောင်းဟာ ဇာတ်လမ်းတွဲရုပ်ရှင်သစ် "On Your Wedding Day"ကို လက်ခံရိုက်ကူးပေးနေတာဖြစ်ပြီး ယခင်ကလည်း ဇာတ်လမ်းတွဲများစွာမှာ အချစ်နဲ့ပတ်သက်ပြီး ခံစားသရုပ်ဆောင်ခဲ့ဖူးသူဖြစ်ပါတယ်။ ဒါပေမယ့် မင်းသမီးက သူဟာ အချစ်ဆိုတာကို လက်ရှိအချိန်အထိ နားမလည်သေးကြောင်း ထုတ်ဖော်ပြောကြားလာတာ တွေ့ရပါတယ်။

ပွဲခ်ဘိုယောင်းက "ကျွန်မအထင်တော့ ကျွန်မအနေနဲ့ တစ်ယောက်ယောက်ကို ကြိုက်တဲ့ ခံစားချက်မျိုးကိုတော့ သိတယ်။ ဒါပေမယ့် အချစ်ဆိုတာ ဘာကို ဆိုလိုတာလဲ ဆိုတာကျတော့ မသိဘူး"လို့ အင်တာဗျူးမှာ ဖြေကြားခဲ့တာပါ။ ဒ့ါအပြင် သူက အိမ်ထောင်ရှင်တစ်ဦးဖြစ်တဲ့ အစ်မဖြစ်သူရဲ့ တစ်ယောက်ယောက်နဲ့ လမ်းခွဲရတဲ့အချိန် အလွန်နာကျင်ခံစားရကြောင်း ပြောကြားချက်တွေကို ကြားခဲ့ရဖူးကြောင်း၊ သူဟာ မင်းသမီးတစ်ဦးဖြစ်တာကြောင့် ဒီလို ခံစားမှုမျိုးကို ခံစားဖူးလိုကြောင်း၊ သို့မှသာ သူ့ရဲ့ဇာတ်ကောင် အသည်းကွဲတဲ့အခါ ထပ်တူထပ်မျှ ခံစားနိုင်မှာဖြစ်ကြောင်းလည်း ဆိုပါတယ်။

ရုပ်ရှင်သစ်မှာ သူပါဝင်ထားတဲ့ ဇာတ်ကောင်ဆိုဟီးဟာ ချစ်သူနဲ့ ကွဲကွာခဲ့ရတဲ့ မိန်းကလေးဖြစ်တာကြောင့် အသည်းကွဲနေသူတစ်ဦးဖြစ်ပါတယ်။ လက်တွေ့ဘဝမှာ အချစ်ဦးနဲ့မတွေ့ဆုံရသေးတာကြောင့် အသည်းကွဲတဲ့ ဝေဒနာအကြောင်း ခံစားဖူးခြင်းမရှိသေးတဲ့ သူ့အတွက် အတွေ့အကြုံတစ်ခုလိုအပ်နေသေးကြောင်းလည်း ပွဲခ်ဘိုယောင်းက ပြောကြားခဲ့ပါတယ်။

အနုပညာသက်တမ်း ၁၂ နှစ်ပြည့်ပြီဖြစ်တဲ့ BIG BANG

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BIG BANG"ဟာ လတ်တလောမှာတော့ အဖွဲ့အနေနဲ့ ပရိသတ်တွေရှေ့ စတင်ပေါ်ထွက်ကာ အနုပညာလမ်းကြောင်းပေါ် လျှောက်လှမ်းခဲ့တာ ၁၂ နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဩဂုတ် ၁၉ ရက်မှာတော့ အဖွဲ့ရဲ့ အနုပညာသက်တမ်း ၁၂ နှစ်ပြည့်အထိမ်းအမှတ်အဖြစ် အဖွဲ့ရဲ့ အေဂျင်စီဖြစ်တဲ့ ဝိုင်ဂျီအန်တာတိန်းမန့်ရဲ့ တရားဝင်တွစ်တာစာမျက်နှာပေါ်မှာ အမှတ်တရ ဖော်ပြမှုတွေ ပြုလုပ်ခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

"BIG BANG"အဖွဲ့ဝင် ငါးဦးစလုံး ပါဝင်တဲ့ ဓာတ်ပုံတစ်ပုံကို လတ်တလောမှာ ကျရောက်ခဲ့တဲ့ နှစ်ပတ်လည်နေ့မှာ ဖော်ပြခဲ့တာဖြစ်ပါတယ်။ အဲဒီဓာတ်ပုံမှာတော့ အဖွဲ့ဝင်တွေဟာ အဖြူရောင်ဝတ်စုံဆင်တူဝတ်ဆင်ထားကြပြီး ကောင်းကင်ပေါ်အမြင့်ကို ခုန်နေတဲ့ဟန်တွေ့ရပါတယ်။ ဓာတ်ပုံရဲ့အောက်မှာတော့ BIG BANG ရဲ့ ၁၂ နှစ်ပြည့် နှစ်ပတ်လည်ပါ။ ပန်းတွေပွင့်တဲ့အချိန်မှာ နောက်တစ်ကြိမ် ပြန်လည်ဆုံတွေ့ကြပါစို့လို့ ရေးသားထားတာကိုလည်း တွေ့ရပါတယ်။

ဒ့ါအပြင် ဩဂုတ် ၁၈ ရက်မှာတော့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ G-Dragon ရဲ့ မွေးနေ့ကျရောက်ခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ စစ်မှုထမ်းဆောင်နေတဲ့ ပေါ့ပ်ကြယ်ပွင့်က သူ့ရဲ့ မွေးနေ့အမှတ်တရအဖြစ် သူ့ရဲ့ လူမှုကွန်ရက်မီဒီယာပေါ်မှာ ရေးသားဖော်ပြမှုတွေ ပြုလုပ်ခဲ့ရင်း အဖွဲ့ရဲ့ နှစ်ပတ်လည်နေ့အတွက်လည်း ကြိုတင်ဆုတောင်းစကားဆိုခဲ့တာကိုလည်း တွေ့ရပါတယ်။

အဖွဲ့ဝင်ငါးဦးပါဝင်တဲ့ "BIG BANG" မှာ လက်ရှိမှာတော့ အဖွဲ့ဝင်သုံးဦး စစ်မှုထမ်းဆောင်နေတာဖြစ်ပါတယ်။ T.O.P ကတော့ စစ်မှုထမ်းဆောင်တဲ့အနေနဲ့ လူမှုရေးလုပ်ငန်းတွေမှာ ပါဝင်လုပ်ဆောင်နေတာဖြစ်ပါတယ်။ အခြားသောအဖွဲ့ဝင်တွေဖြစ်ကြတဲ့ G-Dragon နဲ့ ဆန်းရီးတို့ကတော့ စစ်သင်တန်းတွေတက်ရောက်ကာ အချိန်ပြည့်စစ်သားတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်နေတာဖြစ်တယ်လို့လည်း သိရပါတယ်။

အိန္ဒိယမှာ စေ့စပ်ပွဲပါတီကျင်းပခဲ့တဲ့ နစ်ခ်ဂျိုးနက်စ်နဲ့ ပရီယင်ကာချိုပရာ

ဟောလိဝုဒ်ကြယ်ပွင့်စုံတွဲ နစ်ခ်ဂျိုးနက်စ်နဲ့ ပရီယင်ကာချိုပရာတို့ရဲ့ အိန္ဒိယမှာ ပြုလုပ်မယ့် စေ့စပ်ပွဲပါတီကို တက်ရောက်ဖို့ရာ နစ်ခ်ဂျိုးနက်စ်ရဲ့ မိသားစုဝင်တွေဟာ ပြီးခဲ့တဲ့ ဩဂုတ် ၁၆ ရက်မှာတော့ အိန္ဒိယကို ရောက်ရှိခဲ့ပြီး ပြီးခဲ့တဲ့ စနေနေ့မှာတော့ ပါတီပွဲဆင်နွှဲခဲ့ကြကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အသက် ၃၆ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ပရီယင်ကာချိုပရာနဲ့ အသက် ၂၅ နှစ်အရွယ် နစ်ခ်ဂျိုးနက်စ်တို့ဟာ ယင်းပါတီပွဲ ကျင်းပတဲ့နေ့မှာပင် နှစ်ဦးသား စေ့စပ်လိုက်ပြီဖြစ်ကြောင်း သူတို့ရဲ့ အင်စတာဂရမ်စာမျက်နှာတွေပေါ်မှာ တရားဝင်ဖော်ပြခဲ့ကြတာကိုလည်း တွေ့ရပါတယ်။ ဒီလိုဖော်ပြရာမှာတော့ မွမ်ဘိုင်းမှာ ကျင်းပခဲ့တဲ့ ပါတီပွဲမှာ သူတို့နှစ်ဦးအတူ ရိုက်ကူးထားတဲ့ဓာတ်ပုံကိုလည်း တွဲဖက်ဖော်ပြခဲ့ပါတယ်။

ဒ့ါအပြင် ကြယ်ပွင့်စုံတွဲဟာ နှစ်ဖက်မိဘတွေနဲ့တွဲကာ ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေလည်း ဖော်ပြပေးခဲ့တာတွေ့ရပြီး ဓာတ်ပုံတွေမှာပါဝင်သူတွေအားလုံး အပြုံးကိုယ်စီဆင်မြန်းထားကြတာကိုလည်း တွေ့ရပါတယ်။

တိုတိုထွာထွာဖတ်စရာ

ကော့မှူးမြို့နယ်ပြည်သူ့ဆေးရုံ၌ ဒေသခံပြည်သူများအား အခမဲ့ဆေးကုသ

ကော့မှူး
ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ပြည်သူ့ဆေးရုံတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများက ကော့မှူးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ဩဂုတ် ၁၈ ရက်နံနက်ပိုင်းက အခမဲ့လာရောက် ဆေးကုသပေးခဲ့ကြောင်း သိရသည်။

အဆိုပါဆေးကုသရာသို့ ရန်ကုန်အရှေ့ပိုင်းခရိုင်ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီး ဒေါက်တာစုစုမြင့်ဦးဆောင်၍ ခွဲစိတ်အထူးကုဆရာဝန်ကြီးများ၊ ကလေးအထူးကုဆရာဝန်ကြီးများ၊ မျက်စိအထူးကု ဆရာဝန်ကြီးများ၊ သားဖွားမီးယပ် အထူးကုဆရာဝန်ကြီးများ၊ သမားတော်နှင့် တိုင်းရင်းဆေးဆရာကြီးများ၊ သူနာပြုဆရာမများ၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသန်းဌေးတို့က လာရောက်ကုသသော အထွေထွေရောဂါဝေဒနာရှင် ၄၀၀ တို့အား ကုသပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကျောက်တံခါးမြို့နယ်တွင် ဒေသခံပြည်သူများအား မူခင်းအသိပညာပေး

ကျောက်တံခါး
ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်တွင် ဩဂုတ် ၁၆ ရက်မှ ၁၈ ရက်ထိ မြို့နယ်အတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ကာ ကျေးရွာနေပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့ပြီး မှုခင်းအသိပညာပေးခြင်းနှင့် နေ့ ည လှည့်ကင်းများ ဆောင်ရွက်ခဲ့ကြသည်။

ကျောက်တံခါးမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်မိုးဇော်လင်း၊ ရဲတပ်ကြပ်သန်းထွန်းအောင်နှင့် တပ်ဖွဲ့ဝင်များသည် ကညင်ကျိုးကျေးရွာအုပ်စု၊ လက်ခံကျေးရွာအုပ်စု၊ နံ့ဇကျေးရွာအုပ်စု၊ ဗောဓိကွင်းကျေးရွာအုပ်စုရှိ ကျေးရွာများသို့ နေ့ ည လှည့်ကင်းဆောင်ရွက်ခဲ့ကြပြီး မှုခင်းအသိပညာပေးခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)

သုံးခွ၌ ကျောင်းသား ကျောင်းသူများနှင့် မိဘများအား ကျန်းမာရေးအသိပညာပေး

ရန်ကုန်
ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ကတုံးပေါ်အလယ်ကျေးရွာ ကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ကတုံးပေါ်အလယ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၊ ကတုံးပေါ်အထက်ကျေးရွာ အလယ်တန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူ ၂၀၀ ခန့်နှင့် ဆရာ ဆရာမများ၊ မိဘများအား ဩဂုတ် ၁၇ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဇော်ဝင်းသန်းက မျိုးဆက်ပွားကျန်းမာရေးအကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားရခြင်းအကြောင်း၊ ကြိုတင်ကာကွယ်ရေးနည်းလမ်းများ၊ တစ်ကိုယ်ရေကျန်းမာရေးအကြောင်းတို့ကို ဟောပြောခဲ့ကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

မြန်မာ့အာမခံလုပ်ငန်းမှ အာမခံလုပ်ငန်းများအကြောင်း ပညာပေးဆွေးနွေး

ကြံခင်း
ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်၌ မြန်မာ့အာမခံလုပ်ငန်းမှ အာမခံလုပ်ငန်းများအကြောင်း အသိပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၁၉ ရက် နံနက် ၁၀ နာရီက ဧရာဦးခန်းမတွင်ပြုလုပ်သည်။

အသိပညာပေးဆွေးနွေးပွဲတွင် မြန်မာ့အာမခံလုပ်ငန်း ဟင်္သာတခရိုင်တာဝန်ခံ ဦးသောင်းဟန်က မြန်မာ့အာမခံလုပ်ငန်းသည် နိုင်ငံတော်ပိုင်ဖြစ်ပြီး လျော်ကြေးဆိုင်ရာကိစ္စများကို နိုင်ငံတော်က ဆောင်ရွက်ပေးနေကြောင်း၊ အာမခံလုပ်ငန်းကြီး ငါးရပ်ဖြစ်သည့် အသက်အာမခံလုပ်ငန်း၊ သူတစ်ပါးထိခိုက်မှုအာမခံလုပ်ငန်း၊ မီးအာမခံလုပ်ငန်း၊ ရေကြောင်းအာမခံလုပ်ငန်း၊ ခရီးသွားအာမခံလုပ်ငန်းများကို ဟင်္သာတခရိုင်ရုံးက ဆောင်ရွက်ပေးနေကြောင်း စသည့်အာမခံလုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများ၏ သိရှိလိုသည့် ဆွေးနွေးမေးမြန်းမှုများကို ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

စားသောက်ကုန်များတွင် ဆေးဆိုးရောင်းချမှု ရှိ၊ မရှိ စစ်ဆေး

ညောင်လေးပင်
ပဲခူးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက ညောင်လေးပင်မြို့ဈေးအတွင်းအပြင်ရှိ ရောင်းချနေသော စားသောက်ကုန်များတွင် ဆေးဆိုးရောင်းချခြင်း ရှိ၊ မရှိကို ဩဂုတ် ၁၇ ရက် မွန်းလွဲ ၂ နာရီက ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့သည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာနီနီအေးနှင့်အဖွဲ့၊ မြို့နယ်ရှိ ကျန်းမာရေးဌာန၊ ရဲတပ်ဖွဲ့နှင့် စည်ပင်သာယာရေးအဖွဲ့တို့မှ တာဝန်ရှိသူများက ဆိုးဆေးသော်လည်းကောင်း၊ နနွင်းသော်လည်းကောင်း ဆိုး၍ရောင်းချခြင်းမပြုရန်၊ ထိုကဲ့သို့ဆိုးထားပါက စားသုံးသူများအနေဖြင့် ဝယ်ယူရာတွင် အသားများ ကောင်း၊ မကောင်း ခွဲခြားရခက်ခြင်းတို့ကြောင့် မည်သည့်အရောင်မျှ ဆိုး၍ရောင်းချခြင်းမပြုရန် ပညာပေးဟောပြောခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

မူးဒိမ်းမှုနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော

သုံးခွ
ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ကတုံးပေါ်အလယ်ကျေးရွာဓမ္မာရုံ၌ ဩဂုတ် ၁၇ ရက် မွန်းလွဲ ၂ နာရီတွင် သုံးခွမြို့နယ်မြို့မရဲစခန်းမှူး ဒုရဲမှူးအောင်နိုင်ဦးသည် ကတုံးပေါ်အလယ်ကျေးရွာ အထကမှ ကျောင်းသား ကျောင်းသူ ၂၅၀ အား သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)

ကျောက်ဆည်၌ ကျေးလက်လမ်းများ ကွန်ကရစ်ခင်း

ကျောက်ဆည်
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် သိန်း ၁၀၀ ဖြင့် ပေါင်လောင်ကြီးကျေးရွာ၊ ပွတ္တိုင်ကျေးရွာနှင့် မြေစိုမိုးကောင်းကျေးရွာများမှ ကျေးလက်ကွန်ကရစ်လမ်းခင်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့စစ်ဆေးရာတွင် သက်ဆိုင်ရာကျေးရွာများမှ လမ်းကော်မတီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များက လုပ်ငန်းဆောင်ရွက်နေမှုများနှင့် လမ်းခင်းနေမှုများကို လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ (၁၅) ကြိမ်မြောက် အစည်းအဝေးအတွေ့အကြုံများ ထပ်ဆင့်ရှင်းလင်း

ပဲခူး ဩဂုတ် ၁၉
ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်ရုံး အစည်းအဝေးခန်းမတွင် ဩဂုတ် ၁၉ ရက် နံနက် ၉ နာရီခွဲက ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တရားရေးဦးစီးမှူးများ၏ (၁၅) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ အတွေ့အကြုံများအား ထပ်ဆင့်ရှင်းလင်းပွဲအခမ်းအနား ပြုလုပ်သည်။

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေက တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေး၊ ဘက်လိုက်မှုကင်းသည့် တရားစီရင်ရေး၊ အဂတိတရားကင်းစင်သည့် တရားစီရင်ရေး ဖြစ်ပေါ်ရေးတို့အတွက် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များအထိ အဆင့်ဆင့်တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် ကြပ်မတ်ကွပ်ကဲဆောင်ရွက်ရန်၊ တရားရုံးများသည် အမှုအခင်းများကို ကြန့်ကြာမှုမရှိစေဘဲ ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စစ်ဆေးစီရင်ဆုံးဖြတ်ပေးကြရန်နှင့် အမှန်တရားကိုဆုံးဖြတ်ပေးသည့် အငြင်းပွားမှုများကို ဖြေရှင်းပေးသည့် တရားရုံးများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် တရားလွှတ်တော်တရားသူကြီးများဖြစ်သည့် ဦးတင်ဟုန်၊ ဦးမောင်မောင်အေးနှင့် ဒေါ်လွင်လွင်အေးကျော်တို့က ဆွေးနွေးမှာကြားပြီး ခရိုင်နှင့် မြို့နယ်တရားသူကြီးများက ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ထပ်ဆင့်ရှင်းလင်းပွဲသို့ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး တရားရေးဦးစီးမှူး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးများ၊ ခရိုင်တရားသူကြီးများ၊ တိုင်းဒေသကြီးအတွင်းရှိ တရားရေးအရာရှိများတက်ရောက်ကြကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

ဓနုဖြူမြို့တွင် လူငယ်နှင့်မူးယစ်ဆေးဝါး ပြည်သူ့စကားဝိုင်းကျင်းပ

ဓနုဖြူ ဩဂုတ် ၁၉
ဓနုဖြူမြို့နယ်၌ လူငယ်နှင့် မူးယစ်ဆေးဝါးစကားဝိုင်းကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ပူးပေါင်း၍ ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီခွဲက အထက (၁) တေဇခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ဦး၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်မြင့်၊ မြို့မရဲစခန်းမှူး ဒုရဲမှူးဝင်းနိုင်နှင့် မြို့နယ်ဥပဒေအရာရှိ ဦးမင်းသီထွန်းတို့က မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ပြစ်မှုပြစ်ဒဏ်များ၊ ကျန်းမာရေးနှင့် ဆိုးကျိုးများ၊ ဥပဒေများအား ကျောင်းသား ကျောင်းသူများသိရှိစေရန် ရှင်းလင်းပြောကြားပေးခဲ့သည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများက မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြား ဆွေးနွေးပေးခဲ့သည်။

ပြည်သူ့စကားဝိုင်းသို့ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် စိတ်ပါဝင်စားသူများ စုစုပေါင်း ၅၀၀ ခန့် တက်ရောက်ခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

တတိယအကြိမ်မြောက် ကမ္ဘာ့ဝါးအထိမ်းအမှတ်နေ့အခမ်းအနား (၂၀၁၈) ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၉
ပြည်တွင်းရှိ ဝါးစိုက်ပျိုးသူများအား အသိပညာပေးရန်နှင့် ဝါးမှတစ်ဆင့်ထုတ်လုပ်သည့် စက်မှုထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် တတိယအကြိမ်မြောက် ပြုလုပ်မည့် ကမ္ဘာ့ဝါးအထိမ်းအမှတ်နေ့ အခမ်းအနား ၂၀၁၈ (World Bamboo Day 2018) ကို ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ စက်တင်ဘာ ၁၈ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကမ္ဘာ့ဝါးအထိမ်းအမှတ်နေ့ အခမ်းအနားကို UK-AID၊ WWF၊ RECOFTC နှင့် မြန်မာနိုင်ငံ ကြိမ်နှင့်ဝါးလုပ်ငန်းရှင်များအသင်းတို့က ပူးပေါင်းပြုလုပ်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံအတွင်းရှိ ဝါးစိုက်ပျိုးသူများ၊ ဝါးလုပ်ငန်းရှင်များ၊ ဝါးပညာရှင်များ၊ ဝါးလက်မှုထည်ထုတ်လုပ်သူများ၊ ဝါးထုတ်ကုန် ပြည်ပတင်ပို့သူများ၊ ဝါးနှင့်ပတ်သက်၍ စိတ်ဝင်စားသူများနှင့် ဝါးဖြင့်ပတ်သက်သည့် ညီနောင်အသင်းအဖွဲ့အစည်းများ တက်ရောက်ကြမည်ဖြစ်ကာ ဝါးနှင့်ပတ်သက်သည့် စက်မှုပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများနှင့် လက်မှုဒီဇိုင်းများ၊ စက်ပစ္စည်းများနှင့် လက်မှုထည်များကို သစ်တောနှင့်ပတ်သက်သည့် နိုင်ငံတကာ အသိအမှတ်ပြု စာရွက်စာတမ်းများထုတ်ပေးနိုင်သော အဖွဲ့အစည်းများက အသိပညာပေးပြခန်းများဖြင့် ခင်းကျင်းပြသကြမည်ဖြစ်သည်။

မြန်မာနိုင်ငံ ကြိမ်နှင့်ဝါးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်သူက "ကျေးလက်ပြည်သူတွေကပါ ဝါးပင်ကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြမယ်ဆိုရင် ပြည်တွင်းမှာ ဝါးပင်စိုက်ပျိုးဧကပေါင်း ထောင်ချီထွက်လာမှာပါ။ မြို့နေလူတန်းစားတွေကလည်း စက်မှုလုပ်ငန်းများကို ရင်းနှီးမြှုပ်နှံမယ်ဆိုရင် ဈေးကွက်တွေ ဖြစ်လာမှာပါ" ဟု ရှင်းပြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပညာရှင်များနှင့် အင်ဂျင်နီယာများက ဝါးစိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းများ တိုးတက်မှုဖြစ်လာသောကြောင့် ယင်းနိုင်ငံရှိ ပြည်သူများအတွက် အကျိုးပြုခြင်းပုံစံများ၊ ဖိလစ်ပိုင်နိုင်ငံမှ ဝါးစက်မှုလုပ်ငန်းရှင်များက ဝါးနှင့်ပတ်သက်သည့် ထုတ်ကုန်များကို ထုတ်လုပ်ပြီး ကျေးလက်ဒေသများတွင် နေထိုင်သော ပြည်သူများအတွက် အကျိုးပြုခြင်းပုံစံများနှင့် အိန္ဒိယနိုင်ငံမှ ဝါးပညာရှင်များကလည်း ဝါးလက်မှုလုပ်ငန်းများ၊ ဒီဇိုင်းပုံစံများနှင့် ယခုချိန်ထိ ယင်းတို့နိုင်ငံတွင် ထုတ်လုပ်နေသည့် အနေအထားများအား ပြည်တွင်းရှိ ပြည်သူများအတွက် လာရောက်ပို့ချပေးမည်ဖြစ်ပြီး ပြည်တွင်းရှိ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများနှင့် သစ်တောပညာရှင်များ၊ ဝါးစိုက်ပျိုးသူများနှင့် ဝါးလုပ်ငန်းရှင်များကလည်း တက်ရောက်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

ပွင့်သစ္စာ

ပဲခူးတိုင်းဒေသကြီးအနောက်ခြမ်းရှိ ဆည်/ရေ ဝန်ထမ်းများအား ရေစီမံခန့်ခွဲမှု ရက်တိုသင်တန်းပို့ချ

ပြည် ဩဂုတ် ၁၉

ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းရှိ တောင်နဝင်း၊ မြောက်နဝင်း၊ ဝဲကြီးနှင့် တောင်ညိုဆည်ရေသောက်စနစ်များ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဝန်ထမ်းများ အရည်အသွေးမြင့်မားစေရန် ရေစီမံခန့်ခွဲမှု ရက်တိုသင်တန်းကို ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း သိရသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဆည်မြောင်းပညာရပ် ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ (ICT)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမောင်မောင်နိုင် ဦးဆောင်သောအဖွဲ့သည် ဩဂုတ် ၁၅ ရက်တွင် အဆိုပါစီမံကိန်းများ၌ တာဝန်ထမ်းဆောင်နေသော ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၂)ရုံးနှင့် ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းရှိ ထိန်းသိမ်းရေးရုံးများမှ ဦးစီးအရာရှိများ၊ ဦးစီးမှူး၊ ဒုဦးစီးမှူး၊ လက်ထောက်ဦးစီးမှူး၊ ဒုလက်ထောက်ဦးစီးမှူးများနှင့် ဆည်အခွန်ထမ်းများအား ရေစီမံခန့်ခွဲမှုနှင့်ပတ်သက်သည့် ရက်တိုသင်တန်းကို တည်ဆောက်ရေး(၂)ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ပြည်မြို့နဝင်းခန်းမ၌ ပို့ချခဲ့သည်။ ထို့အပြင် ဩဂုတ် ၁၆ ရက်က တောင်နဝင်းဆည် ရေသောက်စနစ်အတွင်းရှိ မြောင်းတွင် ခေတ်မီကိရိယာများဖြင့် ရေထုထည်စီးနှုန်း တိုင်းတာပုံများကို သင်တန်းသားများအား လက်တွေ့သရုပ်ပြသင်ကြားပေးခဲ့ကြောင်း သိရသည်။

ဉာဏ်ကောင်းဆက်

လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

နေပြည်တော် ဩဂုတ် ၁၉

ယနေ့ ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေသည်။

မိုး/ဇလ

မြန်မာတို့ တက်ကျမ်း ကမ္ဘာသို့ တက်လှမ်း လူငယ်တို့ လျှောက်စမ်း

နိုင်ငံတကာသတင်းဂျာနယ်

၂၀၁၈ ခုနှစ် ဩဂုတ် ၂၀ ရက်မှ ၂၇ ရက် ၊ တနင်္လာနေ့ [အမှတ်စဉ် - ၁၁၇၄]

အာကာသခြိမ်းခြောက်မှုများပြုလုပ်နေကြသည့် ရုရှားနှင့် အမေရိကန်

နျူကလီးယားနဲ့ ခြိမ်းခြောက်နေတာ မြောက်ကိုရီးယားလား၊ ပါကစ္စတန်လား

မြောက်ကိုရီးယားခေါင်းဆောင်များ တော်ဝင်ဆေးဝါးများ မှီဝဲနေကြပြီ

စစ်မဟာဗျူဟာနစ်ဆင့်နဲ့ အီရန်အစွမ်းထက်ဒုံးကျည်

အမေရိကန်၊ အစ္စရေးနှင့် အီရန်တို့ကြား စစ်ပွဲဖြစ်ပွားလာခဲ့လျှင် နှစ်ဖက်စလုံးအကျိုးမရှိနိုင်

စသည့် နိုင်ငံရေး၊ စစ်ရေး ဆောင်းပါး၊ သတင်းများနှင့်အတူ ဒေါက်တာသာစိန်၊ ဇော်ဝင်းထွန်း၊ ကိုရင်ဩ၊ တင်မောင်သန်း၊ ရဲရင့်ထယ်၊ စည်သူလှိုင်၊ သုတ၊ ကျော်နိုင်တင့်၊ မောင်သာယာတို့၏ ဆောင်းပါးများဖြင့် . . .

တနင်္လာနေ့တိုင်းထွက်ပြီ

ကြော်ငြာနှင့် ဖြန့်ချိရေး - အမှတ်(၇၇)၊ ၅၂ လမ်း၊
ကြေးမုံသတင်းစာတိုက်၊ ပုဇွန်တောင်မြို့နယ်။
ဖုန်း - ၀၁-၃၉၇၃၃၀၊ ၀၁-၂၉၂၈၃၀
Gmail - internationaljournalmm@gmail.com

ဒီမောဆိုမြို့နယ်တွင် အိမ်တွင်းငြိမ်းချမ်းရေးမှသည် ငြိမ်းချမ်းသော ရပ်ရွာဆီသို့ စကားဝိုင်း ကျင်းပ

ဒီမောဆို ဩဂုတ် ၁၉

ကယားပြည်နယ် ဒီမောဆိုမြို့နယ်တွင် Care Myanmar မှ ကြီးမှူး၍ အိမ်တွင်း ငြိမ်းချမ်းရေးမှသည် ငြိမ်းချမ်းသောရပ်ရွာဆီသို့ စကားဝိုင်းကို ယမန်နေ့က မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ထို့နောက် Care Myanmar (ဒီမောဆို)မှ စီမံချက်အရာရှိ ဒေါ်လူစီးယာက ကျား၊ မ အခြေပြု အကြမ်းဖက်မှုကာကွယ်တားဆီးရေးနှင့်ပတ်သက်၍ ကယားပြည်နယ် လွိုင်ကော်၊ ဒီမောဆိုနှင့် ဖရူဆိုမြို့နယ်အတွင်းရှိ ကျေးရွာ ၅၀ တွင် ဆောင်ရွက်လျက်ရှိပြီး ယခုကျင်းပသော အိမ်တွင်း ငြိမ်းချမ်းရေးမှသည် ငြိမ်းချမ်းသော ရပ်ရွာဆီသို့ စကားဝိုင်းပွဲသည် ကျား၊ မ အခြေပြုအကြမ်းဖက်မှုများ၏ အကျိုးသက်ရောက်မှုကို နားလည်သဘောပေါက်စေရန်၊ အကြမ်းဖက်မှု(ကျား၊ မအခြေပြု) ပုံစံအမျိုးမျိုးကို သတိပြုမိစေရန်နှင့် အသိအမြင်တိုးလာစေရန်၊ အကြမ်းဖက်မှုကို ကာကွယ်တားဆီးရန် တစ်ဦးချင်းသော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း အစပြုအရေးယူဆောင်ရွက်နိုင်ရန်၊ လူမှုအပြောင်းအလဲဖော်ဆောင်ရာတွင် ရပ်ကွက်ကျေးရွာအတွင်းရှိ လူမှုအသိုင်းအဝိုင်းတစ်ခုလုံးကို လှုံ့ဆော်နိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော Woman's Club အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျား၊ မ အခြေပြု အကြမ်းဖက်မှုကာကွယ်တားဆီးရေးဆောင်ရွက်နေသော အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက ကျား၊ မ အကြမ်းဖက်မှုနှင့် ပတ်သက်၍ ဝိုင်းဝန်းဆွေးနွေးကြသည်။ အဆိုပါစကားဝိုင်းဆွေးနွေးပွဲကို နှစ်ရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မြဝတီမြို့၌ စာအုပ်စာစောင်မြတ်နိုးသူများအသင်းနှင့် စာပေဝါသနာရှင်များ စာဖတ်ဝိုင်းကျင်းပ

မြဝတီ ဩဂုတ် ၁၉

စာဖတ်ရှိန်မြှင့်တင်ရေး၊ စာဖတ်အားကောင်းစေရန်နှင့် စာပေချစ်သူအချင်းချင်းရင်းနှီးချစ်ခင်ကြစေရန် ရည်ရွယ်၍ မြဝတီခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြဝတီမြို့နယ်စာအုပ်စာစောင်မြတ်နိုးသူများအသင်း (Book Club)တို့ ပူးပေါင်းကာ စာရေးဆရာ ဆရာဖေမြင့် ရေးသားထားသော "စဉ်းစားခြင်း" စာအုပ်ဆွေးနွေးပွဲကို ဩဂုတ် ၁၈ ရက် နံနက် ၉ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ခရိုင်ဦးစီးမှူး ဒေါ်သိန်းသန်းဌေးက စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆွေးနွေးပွဲတွင် ဆရာ ဦးဝင်းချိုက စာအုပ်ပါ "အကျပ်အတည်းကြားမှာ စဉ်းစားကြံဆတတ်သူများ"ကို လည်းကောင်း၊ ဆရာနောင်အံ့လူက "ဖောက်ထွက် အတွေးတို့၏သဘော" ကို လည်းကောင်း၊ ဆရာကိုရွှေသိန်းက "စဉ်းစားစရာ ပြဿနာများ(အထွေထွေ)" ကို လည်းကောင်း၊ စာပေဝါသနာရှင် ကိုစိုင်းဖြိုးမောင်က "စဉ်းစားစရာ ပြဿနာများ" ကို လည်းကောင်း အသီးသီးဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသည့် ကရင်ပြည်နယ် သတင်းစာဆရာအသင်း ဥက္ကဋ္ဌ ဦးထွန်းထွန်းဦး၊ မြဝတီမြို့နယ် စာအုပ်စာစောင်မြတ်နိုးသူများအသင်း(Book Club) အသင်းဝင်များ၊ စာပေချစ်မြတ်နိုးသည့် စာပေဝါသနာရှင်များနှင့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

ညောင်လေးပင်မြို့၌ စာပေချစ်မြတ်နိုးသူများအသင်း စာပေစကားဝိုင်း ကျင်းပ

ညောင်လေးပင် ဩဂုတ် ၁၉

အခြေခံပညာအဆင့် ကျောင်းသားလူငယ်များ စာပေအသိပညာဗဟုသုတများ တိုးပွားစေရန် ရည်ရွယ်၍ ညောင်လေးပင်မြို့နယ်စာပေချစ်မြတ်နိုးသူများအသင်း၏ စာပေစကားဝိုင်းကို ဩဂုတ် ၁၉ ရက်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခန်းမ၌ ကျင်းပသည်။

စာပေစကားဝိုင်းတွင် မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဒေါ်နီနီဝင်းက အဖွင့်အမှာစကား ပြောကြားပြီး ဌာန၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍စာပေစကားဝိုင်း ကျင်းပရာ မြန်မာနိုင်ငံစာရေးဆရာအသင်း(ဗဟို) အလုပ်အမှုဆောင်နှင့် Health for All မဂ္ဂဇင်း အယ်ဒီတာချုပ် ဒေါက်တာမြင့်သန်း (ညောင်လေးပင်)က "ထောင်နှင့် လူသား" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြို့နယ်စာရေးဆရာအသင်း အတွင်းရေးမှူး ကျောင်းအုပ်ဆရာမကြီး ဒေါ်လှမြတ်နွယ်က "လူငယ်နှင့် ဘဝတန်ဖိုး" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ကြယ်စင်သစ်ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ရီက "လူငယ်နှင့် ပညာရေး" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြို့နယ်စာရေးဆရာအသင်း ဒုဥက္ကဋ္ဌ စာရေးဆရာ မင်းမြတ်ဘုန်း(ညောင်လေးပင်)က "လူငယ်နှင့် ကဗျာ" ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးကြပြီး တက်ရောက်လာကြသော စာပေချစ်သူများက သိရှိလိုသည်များကို မေးမြန်းကြရာ စာရေးဆရာများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၁၈/ကာ၊ မြေကွက်အမှတ်(၁)၏အဆိုင်းမြေကွက်တည်နေရာအမှတ်(၁)အမှတ်(၄)လမ်းမကြီး၊ ဘုံရှည်ကုန်းကျေးရွာ၊ ရွှေပြည်သာမြို့နယ်မှုအချိုးအမည်ပေါက်၊ "O" မြေ(R၁, R၄)မြေအားအမည်ပေါက်ထိမှု အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူခဲ့သူဦးအောင်ရန်အောင်(၎င်း၏အမွေစားရက်ရိုပ်စားလှယ်ဒေါ်ထွေးထွေးရွှေ)မှ တရားလိုပြုလုပ်၍ ရွှေပြည်သာမြို့နယ်တရားရုံး တရားမကြီးမှုအမှတ်-၁၁၇/၂၀၁၇(၃၀-၁၁-၂၀၁၇)ဖြင့်ပဋိညာဉ်အတိုင်းအကောင်အထည်ဖော်ဆောင်ပေးစေရန် ချုပ်ဆိုပေးစေလိုမှု စီရင်ချက်ဖြင့် ဒေါ်ဖွားချိုအားတရားပြိုင်ထားပြီးတရားစွဲဆိုခဲ့ရာ တရားလိုမှအနိုင်ဒီကရီရရှိခဲ့ပါသည်။ တရားမဇာရီမှုအမှတ်-၄၅/၂၀၁၇(၂၆-၁၂-၂၀၁၇) အရတရားရုံးကိုယ်စားဆောင်ရွက်ရန်အတွက်တရားရုံးမှခန့်အပ်ခြင်းခံရသူဒေါ်ငုဝါ (ဘီလင်)(၁၂/လမန(နိုင်)၀၂၉၀၃၃)မှတရားရုံးဒီကရီအထောက်အထားများ တရားရုံးမှတာဝန်ပေးအပ်သည့်စာနှင့် နေ့စဉ်မှတ်တမ်းတို့တင်ပြ၍(က)ခန့်ခံရသူလက်မှတ် လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့် နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ် နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၁၊ မြေကွက်အမှတ်-၁၅၃၊ မြေကွက်တည်နေရာအမှတ်-၃၁/၁၅၃၊ ပြည်တော်စုလမ်း(၂)ရပ်ကွက်ရွှေပြည်သာ ဦးတင်ဦး(BN-၀၃၂၅၄၉)အမည်ပေါက်ပါမစ်မြေအားအမည်ပေါက်ဦးတင်ဦး(BN-၀၃၂၅၄၉) ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသောဒေါ်မြမြဦး(၁၂/ကမရ(နိုင်)၀၂၂၀၁၃)၊ဒေါ် ခင်ခင်ဦး(၁၂/ကမရ(နိုင်)၀၂၅၀၀၄)၊ဒေါ်ဝါဝါဦး(၁၂/ကမရ(နိုင်)၀၂၄၇၂၂)တို့မှမိခင်၊ ဖခင်တို့သေဆုံးကြောင်းသေမှုလက်မှတ်၊မိခင်၊ဖခင်တို့သေဆုံးသည့်မှာမှန်ကန် ကြောင်းရပ်ကွက်အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်၊မြန်မာ့စီးပွားရေးဘဏ်ငွေဘဏ်ခွဲ (၇)ရန်ကုန်မြို့၏မြေတိုင်း(၃၁)မြေကွက်အမှတ်(၁၅၃)ရွှေပြည်သာမြို့နယ်ဦးတင်ဦး အမည်ပေါက်ပါမစ်မူရင်းမှာရောင်းအောင်းများရှာဖွေသိမ်းဆည်းရာတွင်(ပါမစ်)ပိုင်တဲ့ပါမစ် သွားပါသဖြင့်ပါမစ်မူရင်းထုတ်ပေးရန်အထောက်အထားပြုပါသဖြင့်ပါမစ်(မူရင်း)အစား(ဂရန်) အမည်ပေါက်(မူရင်း)အားထုတ်ယူခွင့်ပြုနိုင်ပါရန်ညှိနှိုင်းမေတ္တာရပ်ခံစာတင်ပြ၍ပါမစ် မိတ္တူမူရင်းလျှောက်ထားလာခြင်းအားရွှေပြည်သာထုတ်ပေးသွားမည်ဖြစ်ပါသဖြင့်မြို့နှင့်အိမ် ယာဖွံ့ဖြိုးရေးဦးစီးဌာန၊ ၁၅-၉-၁၉၈၈ ရက်စွဲဖြင့်ထုတ်ပေးထားသည့်ရွှေပြည်သာမြို့နယ် မြေတိုင်း-၃၁၊ မြေကွက်အမှတ်-၁၅၃၊ ဦးတင်ဦး(BN-၀၃၂၅၄၉)အမည်ပေါက်မြေ ပါမစ်မူရင်းအားပယ်ဖျက်သွားမည်ဖြစ်ရာတရားဝင်ခိုင်လုံသောအထောက်အထားများ ဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှု မရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ မုံရွေးကြေးမုံ၊ ဂန္ထဝင်ပျိုးခင်း ကိုယ်ပိုင်အထက်တန်းကျောင်း ဒသမတန်းမှ မောင်မျိုးခိုင်၏ ဖခင်အမည်မှန်မှာ ဦးစာတ်ပုံ [၅/မမတ(နိုင်)၀၈၁၆၅၇] ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ကျုံပျော်မြို့နယ်၊ အထက-ကမ်းနားမဲဇလီ၊ တက္ကသိုလ်ဝင်တန်းမှ စဟိန်းမင်းကိုကို၏ ဖခင်အမည်မှန်မှာ မန်းတင်ကိုကိုခိုင် ဖြစ်ပါကြောင်း။

မန်းတင်ကိုကိုခိုင်

ဖခင်အမည်မှန်

ကျုံပျော်မြို့နယ်၊ အထက-တောက်တဲ့ရိုး၊ တက္ကသိုလ်ဝင်တန်းမှ မကေသီမိုး၊ မတင်ဇာမိုးနှင့် သတ္တမတန်းမှ မောင်ဖိုးချစ်တို့၏ ဖခင်အမည်မှန်မှာ ဦးသန်းနိုင်စိုး ဖြစ်ပါကြောင်း။

ဦးသန်းနိုင်စိုး

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ ကျောက်ကုန်းလမ်း၊ အမှတ်(၂၈)၊ A-Type၊ မြေအောက်ထပ်ပါသော RC (၁၄)ထပ်တိုက်၏ (6-Floor)၊ အခန်းအမှတ်(601)၊ ဧရိယာ(၁၈၉၆) စတုရန်းပေ၊ နှစ်(၆၀)မြေငှားဂရန်မြေပေါ်ရှိ Sky View Condominium တိုက်ခန်းနှင့် ၎င်း Sky View Condominium တိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံသော SHAN STAR NEW GENERATION ENGINEERING & SUPPLIES COMPANY LIMITED ဦးသိန်းပိုင် [၇/ပခန(နိုင်)၀၀၂၂၅၀]၊ ဦးစိုင်းကျော်လင်းလတ် [၁၃/ပလန(နိုင်)၀၀၁၇၃၆] တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးလှိုင်ဝင်းထွန်း [၅/စကန(နိုင်)၁၇၂၆၀၅]၊ ဦးစိုးပြည့်စိန်ဝင်း[၅/ရဥန(နိုင်)၀၈၃၃၂၉]တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးလှိုင်ဝင်းထွန်း၊ ဦးစိုးပြည့်စိန်ဝင်းတို့၏ လွှဲအပ်ညွှန်ကြားချက်များအရ

ဦးဝင်းမင်းစိုး	ဒေါ်သူဇာကျော်
(LL.B), WIPO(Switzerland)	LL.B,D.B.L,D.I.L,WIPO(Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၆၄)	အထက်တန်းရှေ့နေ (စဉ်-၄၆၀၅၁)
Ph:01-246869, 09-450023651	Ph:09-254508917

Level(၅၊၆၊၇၊၈)၊ တာဝါ(၂)၊ HAGL Myanmar Center Tower၊ အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၆-ဒီ၁၊ မြေကွက်အမှတ်-V-၅၈၊ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အအုံတည်ရှိရာ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ တန်ဆောင်းကြီးလမ်း၊ အမှတ်-၁၃၊ အဆောက်အအုံ၏ 4-A၊ (တတိယထပ်) (ခေါင်းရင်းခန်း)၊ အကျယ်အဝန်းပေ (၁၂'×၆"×၅၀')ရှိ အခန်းနှင့် ယင်းအခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ရေ၊ မီး၊ မီတာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်တင်မျိုးအေး(ဘ) ဦးခင်မောင်ပြုံး [၁၂/ကမတ(နိုင်)၀၀၁၇၅၄]ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်စန်းမာလာညွန့်	ဒေါ်မျိုးပပအောင်
(စဉ်-၆၄၆၂/၁၃-၈-၉၇)	(စဉ်-၃၉၂၀၁/၂၅-၆-၂၀၁၂)
တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ

အမှတ်-၅၇၊ (မြေညီထပ်)၊ အင်းဝလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၅၆၅၁၄၊ ၀၉-၄၃၂၀၂၇၄၀

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၃၊ မြေကွက်အမှတ်-၆၀၄/၁၃၈၈၊ မြေကွက်တည်နေရာအမှတ် (၆၀၄/၁၃၈၈)၊ ရတနာလမ်း၊ (၄၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးအောင်မြင့် (MGN-၁၅၁၀၇၅) အမည်ပေါက်နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက်ဦးအောင်မြင့် (ကွယ်လွန်)သဖြင့် ဇနီးဖြစ်သူ ဒေါ်မြင့်မြင့်ရီ [၇/ပခန(နိုင်)၁၁၉၃၄၄] (RGN-၀၀၈၇၆၁)ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၄၄၈၅/၂-၅-၂၀၁၈)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မာလာသန်း [၁၂/ဗဟန(နိုင်)၀၅၂၃၁၂]မှ နှစ်(၆၀)မြေငှားဂရန်မူရင်း၊ နိုင်ကတ်၊ ခင်ပွန်းသေစာရင်း၊ ပါဝါကျမ်းကျိန်လွှာ၊ တစ်ဦးတည်းသောတရားဝင်ဇနီးတော်စပ်ကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး ကျမ်းကျိန်သူအရာရှိရှေ့တွင် ပြုလုပ်ထားသည့် (၁-၆-၂၀၁၈)ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်စဉ်(၆/၃၈)၊ သန်းခေါင်စာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာပါသည်။ ကွင်းဆင်းစစ်ဆေးခဲ့ရာ အုတ်ကာ၊ သွပ်မိုး(၂)ထပ်အိမ်ရှိပြီး လျှောက်ထားသူကိုယ်တိုင်နေထိုင်ပါသည်။ သို့ပါ၍ ဒေါ်မြင့်မြင့်ရီ၏ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်လိုက ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအထောက်အထားစာရွက်စာတမ်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

စဉ်	လျှောက်ထားသူ		လျှောက်ထားသည့်					လျှောက်ထားသည့် အကြောင်းအရာ
	အမည်	မှတ်ပုံတင်	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ	
၁	ဦးလွှမ်းမိုး+၁	၆/မအန(နိုင်)၀၀၀၅၂၂	ဒဂုံအရှေ့	၁၃၃	၃၈၃	ဦးဘာရီ	၃၈၃(၁၃၃)ရပ်ကွက်ဒဂုံအရှေ့	ဂရန်သစ်
၂	ဒေါ်ခင်စန္ဒာသင်း	၁၂/ပဇတ(နိုင်)၀၂၆၆၀၆	ဒဂုံတောင်	၂၆	၈၄၃	ဒေါ်မြင့်မြင့်သန်း	၈၄၃(၂၆)ရပ်ကွက်ဒဂုံတောင်	ဂရန်သစ်
၃	ဦးမိုးဟိန်းလွင်+၁	၁၂/ပဘတ(နိုင်)၀၀၀၀၀၃	မြောက်ဥက္ကလာ	၃၃	၅/က	ဦးအောင်ဝင်း	၅/က၊သုမင်္ဂလာလမ်း(၃၃)ရပ်ကွက်မြောက်ဥက္ကလာ	အမည်ပြောင်း
၄	ဦးဇော်ဝင်း	၇/သကန(နိုင်)၀၈၂၉၅	အင်းစိန်	မြို့သစ်(ဂ)	၁၃၈/က	ဒေါ်မံမံ	၁၃၈/က၊ရွှေဝါ၂လမ်းမြို့သစ်(ဂ)ရပ်ကွက်အင်းစိန်	အမည်ပြောင်း
၅	ဒေါ်ခင်မိုးမိုးအောင်	၁၂/ဥကမ(နိုင်)၁၀၃၃၄၆	မြောက်ဥက္ကလာ	၃၃	၁၂၁၄/ခ	ဦးထွန်းရွှေ	၁၂၁၄/ခ၊ [illegible]လမ်း(၃၃)ရပ်ကွက်	အမည်ပြောင်း
၆	ဦးခင်မြင့်	၁၂/အလန(နိုင်)၀၆၉၁၀၂	အလုံ	၄	၁၆၉၄	မသန်းရွှေ	၁၆၉၄ [illegible]ရပ်ကွက်	ဂရန်သစ်
၇	ဒေါ်ခင်စိန်ဝင်း	၁၃/တယန(နိုင်)၀၁၅၂၈၅	ဒဂုံတောင်	၁၁၃	၁၇၅၅/က	တင်ကြည်မောင်ထွေး	၁၇၅၅/က၊(၁၁၃)ရပ်ကွက်ဒဂုံတောင်	ဂရန်သစ်
၈	ဒေါ်မြင့်မြင့်ခင်	၁၂/ရကန(နိုင်)၀၆၅၀၂၃	မြောက်ဥက္ကလာ	၁၆၊ရွှေပေါက်ကံ	၅၅၇	ဦးဆင်ရှိ	၅၅၇[illegible]လမ်း(၁၆)ရပ်ကွက်ရွှေပေါက်ကံ	အမည်ပြောင်း
၉	ဒေါ်မြင့်မြင့်ခင်	၁၂/ရကန(နိုင်)၀၆၅၀၂၃	မြောက်ဥက္ကလာ	၁၆၊ရွှေပေါက်ကံ	၅၅၈	ဦးဆင်ရှိ	၅၅၈[illegible]လမ်း(၁၆)ရပ်ကွက်ရွှေပေါက်ကံ	အမည်ပြောင်း
၁၀	ဦးဝင်းထွေးလွင်(ခ)ဦးလှသိန်း+၁	၁၂/လမတ(နိုင်)၀၃၁[illegible]	ဒဂုံဆိပ်ကမ်း	စက်မှုဇုန်-၁	၁၃၃	ဦးကျော်ကျော်လွင်	၁၃၃[illegible]စက်မှုဇုန်(၁)ဒဂုံဆိပ်ကမ်း	အမည်ပြောင်း
၁၁	ဦးဝင်းထွေး+၁	၁၂/ဥကတ(နိုင်)၀၃၀၆၁၃	ဒဂုံမြောက်	၃၄	၁၁၀၄	ဦးမောင်မောင်ကြီး	၁၁၀၄[illegible]လမ်း(၃၄)ရပ်ကွက်ဒဂုံမြောက်	အမည်ပြောင်း
၁၂	ဒေါ်လှမြင့်+၁	၁၂/ပဂတ(နိုင်)၀၀၉၅၅၅	တာမွေ	၄၄(အကွက်စိပ်၂)	၄၆	ဒေါ်လှမြင့်+၁	၄၆[illegible]လမ်းနတ်ချောင်းရပ်ကွက်	ဂရန်သက်တမ်းတိုး
၁၃	ဒေါ်စန္ဒာ	၁၂/ပဇတ(နိုင်)၀၉၄၁၁၀	မင်္ဂလာတောင်ညွန့်	၁၁P	V ၂၄	ဒေါ်စန္ဒာ	၂၄(၁၂၆)လမ်းသပြေကုန်းရပ်ကွက်	ဂရန်သက်တမ်းတိုး
၁၄	ဦးကိုကိုသက်	၁၂/ဒဂတ(နိုင်)၀၆၉၄၂၂	ဒဂုံတောင်	၅၃	၁၈၆၄	ဗိုလ်ကြီးမင်းနိုင်ဦး	၁၈၆၄[illegible]လမ်း(၅၃)ရပ်ကွက်ဒဂုံတောင်	ဂရန်သစ်
၁၅	ဒေါ်မေစန္ဒာ	၁၃/ကတန(နိုင်)၀၈၃၂၂၆	ဒဂုံအရှေ့	၁၁၂	၄၀၁	ဦးလှရွှေ	၄၀၁(၁၁၂)ရပ်ကွက်ဒဂုံအရှေ့	ဂရန်သစ်
၁၆	ဦးမောင်မောင်(ခ)ကျော်ရင်	၁၂/သကတ(နိုင်)၁၂၈၇၃၁	ဒဂုံအရှေ့	၁၁၆	၅၆၇	ဦးအောင်သန်း	၅၆၇(၁၁၆)ရပ်ကွက်ဒဂုံအရှေ့	ဂရန်သစ်
၁၇	ဒေါ်မီလာ	၇/ပမန(နိုင်)၀၆၀၄၀၅	မရမ်းကုန်း	၃၃၊သမိုင်း	၈/က၂၂	ဦးလွင်လွင်ဒေါ်	[illegible]လမ်း(၅)ရပ်ကွက်မရမ်းကုန်း	အမည်ပြောင်း
၁၈	ဒေါ်ခင်ကျော်ကျော်ဝင်	၁၂/ကမတ(နိုင်)၀၆၆၆၇၆	ကြည့်မြင်တိုင်	၂၆D³	၂၅	ဒေါ်ခင်ကျော်ကျော်ဝင်	၁၃[illegible]လမ်းအိုးဘိုရပ်ကွက်	ဂရန်သက်တမ်းတိုး
၁၉	ဒေါ်ဟောင်[illegible](ခ)ဒေါ်မြင့်မြင့်သန်း (SPဦးအောင်ဇိုးလင်း)	၁၂/ဗတန(နိုင်)၀၃၃၉၁၉	အင်းစိန်	၇/E	၁၁/ရ၂	ဒေါ်ဟောင်[illegible](ခ) ဒေါ်မြင့်မြင့်သန်း	၁၅[illegible]လမ်းနန္ဒာကုန်းရပ်ကွက်အင်းစိန်	မြေပုံကူး(အရောင်း)

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်လိုက ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအထောက်အထားစာရွက်စာတမ်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

စဉ်	လျှောက်ထားသူ		လျှောက်ထားသည့်					လျှောက်ထားသည့် အကြောင်းအရာ
	အမည်	မှတ်ပုံတင်	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ	
၁	ဦးထွန်းထွန်းဝင်း	၁၂/ဥကမ(နိုင်)၀၂၆၀၄	မြောက်ဥက္ကလာ	၃၃	၅၅/က	ဒေါ်ထွေးထွေးဝင်း	၅၅/က၊[illegible](၇)လမ်း(၃၃)ရပ်ကွက်မြောက်ဥက္ကလာ	အမည်ပြောင်း
၂	ဦးမြင့်ဇိုး(GP)ဦးမိုးမင်းဝင်း	၁၂/မရက(နိုင်)၀၅၅၅၃၆	ရွှေပြည်သာ	၁၁	၁၆၂	ဦးမြင့်ဇိုး	၁၆၂[illegible]လမ်း(၁)ရပ်ကွက်ရွှေပြည်သာ	မြေပုံကူး(အရောင်း)
၃	ဦးအောင်ထွန်း+၁(SPဒေါ်[illegible])	H/RGN-၀၁၅၂၅၅ ၁၂/လမန(နိုင်)၀၃၂၆၁၃	လှိုင်သာယာ	၆	၁၀၂	ဦးအောင်ထွန်း+၁	၁၀၂[illegible]လမ်း(၂/၆)ရပ်ကွက်လှိုင်သာယာ	မြေပုံကူး(အရောင်း)
၄	ဒေါ်နှင်းလဲ့လဲ့ဝင်း	၁၂/ဥကမ(နိုင်)၀၁၆၉၉၇	ဒဂုံအရှေ့	၁၃၀	၅၆၀	ဦးထွန်းရွှေ	၅၆၀(၁၃၀)ရပ်ကွက်ဒဂုံအရှေ့	ဂရန်သစ်
၅	ဒေါ်နှင်းလဲ့လဲ့ဝင်း	၁၂/ဥကမ(နိုင်)၀၁၆၉၉၇	ဒဂုံအရှေ့	၁၃၀	၄၀၃	ဒေါ်နော်[illegible]	၄၀၃(၁၃၀)ရပ်ကွက်ဒဂုံအရှေ့	ဂရန်သစ်
၆	ဒေါ်မြမြ(ခ)ဒေါ်ခင်ဝင်း	၁၂/ဒဂန(နိုင်)၀၂၈၄၄	ရန်ကင်း	၇+၃၂တံတဲ	၄၃/ခ	ဦးစိုးသန်း+ဒေါ်မြမြ	၄၃/ခ[illegible]လမ်း(၃)သီးသန့်ကျွန်း	မြေပုံကူး(အပိုင်ပေး)
၇	ဦးစိုးဝင်း+၁	၁၂/တမန(နိုင်)၀၅၂၅၈၅	ဒဂုံတောင်	၆၃၊စက်မှုဇုန်	၉၉၆+၉၉၅	ဦးစိုးဝင်း	၉၉၆+၉၉၅[illegible]လမ်း(၆၃)ရပ်ကွက်	ဂရန်သစ်
၈	ဒေါ်ခင်စန္ဒာအေး+၁	၁၂/အစန(နိုင်)၁၂၆၀၉	ဒဂုံမြောက်	၄၁	၁၃၀၀	ဦးကြည်ဝင်း	၁၃၀၀[illegible]လမ်း(၄၁)ရပ်ကွက်ဒဂုံမြောက်	အမည်ပြောင်း
၉	ဒေါ်မိုးမိုးတင်ထွန်း	၁၂/ဒဂန(နိုင်)၀၂၅၅၀	တောင်ဥက္ကလာ	၈	၆၈	ဒေါ်ခင်အေးမြင့်(ခ)မိုးမိုးတင်ထွန်း	၆၈[illegible]လမ်း(၈)ရပ်ကွက်တောင်ဥက္ကလာ	အမည်ပြောင်း
၁၀	ဒေါ်စန်းဝင်း+၁	၁၄/ပသန(နိုင်)၀၂၁၂၅	လှိုင်သာယာ	၂၃(သာကေတ-၃)	၁၁၈	ဒေါ်အေးအေးမြင့်	၁၁၈[illegible]လမ်း(၆)ရပ်ကွက်လှိုင်သာယာ	အမည်ပြောင်း
၁၁	ဒေါ်အေးအေးသန့်(SPဦးသောင်းဝင်း)	၁၂/ကတတ(နိုင်)၀၁၅၄၄၄	ဒဂုံတောင်	၆၄(စက်မှုဇုန်)	၁၃၈၁၃၉	ဒေါ်အေးအေးသန့်	၁၃၈၁၃၉[illegible]လမ်း၆၄(စက်မှုဇုန်)ရပ်ကွက်ဒဂုံတောင်	မြေပုံကူး(အရောင်း)
၁၂	ဒေါ်မေသဇင်မိုး	၁၀/မလမ(နိုင်)၁၈၂၁၃၉	ဒဂုံအရှေ့	၁၄	၆၁၃၇	ဒေါ်တင်တင်သိန်း	၆၁၃၇(၁၄)ရပ်ကွက်ဒဂုံအရှေ့	ဂရန်သစ်
၁၃	ဒေါ်ကျန်စုမင်	၁၃/လခန(နိုင်)၀၆၅၉၁၂	မင်္ဂလာဒုံ	၅၃/B	၁၆၀/A-1	ဦးစိုင်းညွှာ	၁၆၀/A-1၊အမှတ်(၁)လမ်းမင်္ဂလာဒုံရပ်ကွက်	မြေပုံကူး(အရောင်း)
၁၄	ဦးဇော်ဝင်း+၁(SPဦးရုပ်ကိုကို)	၁၂/သဃက(နိုင်)၁၄၅၃၈၀	သင်္ဃန်းကျွန်း	ကြီးမွှားရေး/မြောက်	၃၂၉/ခ	ဦးဇော်ဝင်း+၁	၃၂၉/ခ[illegible]လမ်းကြီးမွှားရေးမြောက်ရပ်ကွက်	မြေပုံကူး(အရောင်း)
၁၅	ဦးရိုးရိုးမြင့်+၁(SPဦးလင်းလင်း)	၉/မရတ(နိုင်)၁၀၆၁၀၆	ရွှေပြည်သာ	၁၂	၆၁/က၂ + ၆၁/ခ၂	ဦးရိုးရိုးမြင့်+ဦးအိုက်မောင်	၆၁/က၂ + ၆၁/ခ၂ အမှတ်(၄)လမ်းကြီး(၄)ရပ်ကွက်ရွှေပြည်သာ	မြေပုံကူး(ခွဲစိတ်)
၁၆	ဒေါ်စုစုမွန်	၁၂/ကမတ(နိုင်)၀၁၃၄၃၀	ဒဂုံမြောက်	၄၆	၁၃၅၀	ဦးကျော်လင်းထွေး	၁၃၅၀[illegible]လမ်း(၄၆)ရပ်ကွက်	အမည်ပြောင်း
၁၇	ဦးတင်တင်လေး(ခ)ဦးထွန်းရွှေ	၁၂/လသန(နိုင်)၀၀၄၅၉၅	လမ်းမတော်	၂၂	V Class ၂၅	ဦးထွန်းရွှေ(ခ)ဦးတင်တင်လေး	၂၅[illegible]လမ်း(၃)ရပ်ကွက်	ဂရန်သက်တမ်းတိုး
၁၈	ဦးတင်လှိုင်	၁၂/ပဇတ(နိုင်)၀၅၀၁၀၂	ကြည့်မြင်တိုင်	၂၆၁၂	V၁၃၀	ဦးတင်လှိုင်	၁၃၀[illegible]လမ်းကျည်းတန်းတောင်/အရှေ့ရပ်ကွက်	ဂရန်သက်တမ်းတိုး
၁၉	ဦးထော်ကောင်လောင်း(ခ)ဦးအုံးမောင်+၃	၁၂/လသတ(နိုင်)၀၂၅၂၉	ရွှေပြည်သာ	၄၉/ဒါးတရာ	၁၆၅၁၆၆၁၆၇၁၆၈	ဦးတင်မောင်သိန်း+၃	၁၆၅၁၆၆၁၆၇၁၆၈[illegible](၁၁)ရပ်ကွက်	ဂရန်သစ်

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်လိုက ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအထောက်အထားစာရွက်စာတမ်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

စဉ်	လျှောက်ထားသူ		လျှောက်ထားသည့်					လျှောက်ထားသည့် အကြောင်းအရာ
	အမည်	မှတ်ပုံတင်	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ	
၁	ဒေါ်မြမြစိုးဝင်း	၁၂/ဗတန(နိုင်)၁၃၉၀၁၉	ဒဂုံအရှေ့	၁၀၄	၇၉၁	ဦးစာသော	၇၉၁(၁)တိုက်ရပ်ကွက်ဒဂုံအရှေ့	ဂရန်သစ်
၂	ဒေါ်အေးအေးသက်	၁၂/ဥကတ(နိုင်)၁၃၅၅၁၃	ဒဂုံဆိပ်ကမ်း	၈၀	၁၅၅	ဦးကျော်စိုး	၁၅၅(၈၀)ရပ်ကွက်ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၃	ဦးအောင်ဝင်း	၁၂/သကတ(နိုင်)၁၅၁၁၃၈	သာကေတ	၇/အရှေ့	၇၈၅/ခ	ဦးမင်းမင်းအောင်	၇၈၅/ခ၊ရွှေဝင်းသာမြို့ပတ်လမ်း(၇)အရှေ့ရပ်ကွက်	အမည်ပြောင်း
၄	ဒေါ်မိုးမိုးစန်း	၆/ကသန(နိုင်)၀၈၈၅၅၁	ဒဂုံမြောက်	၄၃	၁၆၁၃၈ ၁/ဆ-၁ ၂-ဆ	ဒေါ်တင်မိုလှ	၁၆၁၃၈[illegible]လမ်း(၄၃)ရပ်ကွက်ဒဂုံမြောက်	ဂရန်သစ်
၅	ဦးမနိုယ်(ခ)ဦးလှရွှေ	၁၂/သဃက(နိုင်)၁၃၃၃၃၈	သင်္ဃန်းကျွန်း	၅၃	၁/ဆ-၁ ၂/က	ဒေါ်မိမိကြီး	၇၀[illegible]လမ်း(က)ရပ်ကွက်သင်္ဃန်းကျွန်း	အမည်ပြောင်း
၆	ဦးအေးသိန်း	TGKN-၀၅၅၁၅၁	သင်္ဃန်းကျွန်း	၅၃	၁/ဆ-၁ ၂/က	ဒေါ်မိမိကြီး	၅၂[illegible]လမ်းနှင့်သစ်ပန်းလမ်းထောင့်(က)ရပ်ကွက်	အမည်ပြောင်း
၇	ဒေါ်အေးကြည်	၁၀/မလမ(နိုင်)၀၁၅၆၇	ဒေါပုံ	၁၄/သဃဆောတ်ကျွင်း	က/၆၇	ဦးသိန်းအောင်+၁	၈၁(ခ)လမ်းသဃဆောတ်ကျွင်းရပ်ကွက်	အမည်ပြောင်း
၈	ဒေါ်မမြတ်မွန်ကျော်	၃/ဘအန(နိုင်)၂၅၆၁၂	ဒဂုံမြောက်	၃၄	၃၉၀	ဒေါ်မြမြ	၃၉၀[illegible](၅)လမ်း(၃၄)ရပ်ကွက်ဒဂုံမြောက်	အမည်ပြောင်း
၉	ဒေါ်ခင်မင်းအေး	၁၂/ရကန(နိုင်)၀၀၀၉၅၈	ဒဂုံမြောက်	၃၅	၄၅၄	ဦးကံလှ	၄၅၄[illegible]လမ်း(၃၅)ရပ်ကွက်ဒဂုံမြောက်	အမည်ပြောင်း
၁၀	ဒေါ်လဲ့ကြူ(ခ)ဒေါ်ခင်စန်းမြင့်	၁၂/ပဘတ(နိုင်)၀၃၂၈၁၀	ဒဂုံအရှေ့	၁၃	၉၃၀	ဦးအောင်ကျော်ဝင်း	၉၃၀[illegible]လမ်း(၁၃)ရပ်ကွက်ဒဂုံအရှေ့	အမည်ပြောင်း
၁၁	ဒေါ်အေးအေးသက်	၁၂/ဥကတ(နိုင်)၁၃၅၅၁၃	ဒဂုံဆိပ်ကမ်း	၉၁	၂၀၂	ဒေါ်သာနီအေး	၂၀၂(၉၁)ရပ်ကွက်ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၁၂	ဦးလှမိုးရီ(ခ)ဦးမောင်မြင့်	၁၃/ကခန(နိုင်)၁၃၈၆၁၉	ဒဂုံတောင်	၁၄၄၊အထကြီးဇား	၄	ဦးမောင်မောင်ရိုး+၁	၄[illegible]လမ်း(၁၄၄)ရပ်ကွက်ဒဂုံတောင်	ဂရန်သစ်
၁၃	ဒေါ်ခင်ဟန်	၁၂/ပဂတ(နိုင်)၀၁၃၁၆၇	မင်္ဂလာတောင်ညွန့်	၁၁A	၇	ဦးအောင်ကိုး	၇၉(၁၂၅)လမ်းသပြေကုန်းရပ်ကွက်	ဂရန်သက်တမ်းတိုး/ အမည်ပြောင်း
၁၄	ဒေါ်မြို့ယဉ်ဝင်း	၁၂/ဒဂတ(နိုင်)၀၂၅၂၅၀	ဒဂုံတောင်	၂၆	၃၂၅(က)	ဦးလှိုင်မြို့မောင်	၃၂၅/ကယဉ်ကျေးမှုလမ်း(၂၆)ရပ်ကွက်ဒဂုံတောင်	အမည်ပြောင်း
၁၅	ဒေါ်သင်းသင်း	၁၂/ဥကတ(နိုင်)၁၃၁၀၀၂၅	တောင်ဥက္ကလာ	၇	၁၁၁၇/ခ	ဦးမြင့်အောင်	၁၁၁၇/ခ[illegible]လမ်း(၇)ရပ်ကွက်တောင်ဥက္ကလာ	အမည်ပြောင်း
၁၆	ဒေါ်သန့်သန့်ဇော်	၇/ပခန(နိုင်)၁၅၉၉၄	ဒဂုံမြောက်	၄၂	၁၃၆၅	ဦးစိုးသော်	၁၃၆၅[illegible]လမ်း(၄၂)ရပ်ကွက်ဒဂုံမြောက်	ဂရန်သစ်
၁၇	ဦးအေးစန်း	၁၂/ဗဟန(နိုင်)၀၂၅၉၁	ဒဂုံတောင်	၁၄၄	၁၀၅၀	ဦးကျော်ညွန့်	၁၀၅၀(၁၄၄)ရပ်ကွက်ဒဂုံတောင်	ဂရန်သစ်
၁၈	ဦးရန်နိုင်ကို+၁	၁၂/ဥကတ(နိုင်)၁၀၃၅၉၄	ဒဂုံမြောက်	၃၄	၅၁	ဒေါ်နန်းတင်တင်မေ	၅၁(၃၄)ရပ်ကွက်မြောက်ဒဂုံ	အမည်ပြောင်း
၁၉	ဦးဝင်းထွဋ်	၇/ပမန(နိုင်)၀၉၆၅၀၀	ဒဂုံဆိပ်ကမ်း	၈၄	၂၀၂	ဒေါ်တင်နွယ်	၂၀၂(၈၄)ရပ်ကွက်ဒဂုံဆိပ်ကမ်း	ဂရန်သစ်

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရွှေမဟာ
ဒဂုံမြို့သစ်အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း
အိမ်၊ ကားရိုဂရန်မြေကွက်များ
ဝယ်လိုသည်။
09-5106146
09-775106146

ဖခင်အမည်မှန်

ကျုံပျော်မြို့နယ်၊ အမက-ရွှာသာယာ၊ စတုတ္ထတန်းမှ မအေးပပမိုး၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင် ဖြစ်ပါကြောင်း။

ဦးဝင်းနိုင်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၇၂၂)၊ မြေကွက်တည်နေရာအမှတ်(၇၂၂)၊ နီလာလမ်း၊ (၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (ဦးတင်ရွှေ CG-၀၀၅၄၉၇) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးတင်ရွှေ(ဖခင်)နှင့် ဒေါ်တင်အေး(မိခင်)ဖြစ်သူတို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဦးအောင်နိုင်မိုး [၁၂/တမန(နိုင်)၀၃၅၈၄၅]နှင့် ဒေါ်ချိုချိုမြင့်[၁၂/တမန(နိုင်)၀၃၅၂၅၅]တို့မှ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ကျန်ရစ်သူ သားသမီးဖြစ်သည့် ကျွန်တော်၊ ကျွန်မတို့သာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် မိဘများဖြစ်သော ဦးတင်ရွှေနှင့် ဒေါ်တင်အေးတို့တွင် သားသမီးဟူ၍ မိမိတို့သာရှိပြီး အခြားသားသမီးများ၊ ကိတ္တိမသားသမီးများမရှိကြောင်း ကျမ်းကျိန်လွှာ ဦးကြည်မြင့်[၁၂/တမန(နိုင်)၀၃၀၈၇၈]နှင့် ဦးငွေအောင်[၁၂/ဥကတ(နိုင်)၀၃၄၅၆၉]တို့မှ အမည်ပေါက် ဦးတင်ရွှေ(ဖခင်) ဒေါ်တင်အေး(မိခင်)တို့မှာ ကွယ်လွန်ကြပြီးဖြစ်၍ သားသမီးများအဖြစ် ဒေါ်ချိုချိုမြင့်နှင့် ဦးအောင်နိုင်မိုးတို့(၂)ဦးသာကျန်ရှိခဲ့သည်မှာ မှန်ကန်ကြောင်း၊ ၎င်းတို့(၂)ဦးမှလွဲ၍ အခြားသားသမီးများ၊ ကိတ္တိမသားသမီးများမရှိပါကြောင်း ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်း သန်းခေါင်စာရင်းနှင့် ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာခြင်းအား ကွင်းဆင်းစစ်ဆေးရာ (၁)ထပ် အုတ်ကာသွပ်မိုးအဆောက်အဦ(၁)လုံးရှိ၍ ဦးအောင်နိုင်မိုး မိသားစုနေထိုင်ပါသည်။ သို့ဖြစ်ပါ၍ ဦးအောင်နိုင်မိုးနှင့် ဒေါ်ချိုချိုမြင့်တို့မှ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သီတာဝူရွှေပြည်ဟိန်း စကျွဲဒါနဆေးခန်း ဩဂုတ်လ ၂၅၊ ၂၆ (၉၄)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်

ဩဂုတ်လ ၄၊ ၅၊ ၁၁၊ ၁၂၊ ၁၈၊ ၁၉ ရက်တွင် စတင်လက်ခံ၍ ဩဂုတ်လ ၂၅၊ ၂၆ ရက်များတွင် ၉၄-ကြိမ်မြောက် ဦးရေ (၁၁၇၅၀)ပြည့် မျက်စိခွဲစိတ်အလင်းဒါနကို မျက်စိအထူးကုဆရာဝန်ကြီးများ၏ လုပ်အားဒါနဖြင့် ပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀၀ိ/- ကို အလင်းဒါန အလှူရှင် အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။
လှူဒါန်းရန်ဌာန - သီတာဝူရွှေပြည်ဟိန်း၊ စကျွဲဒါနဆေးခန်း၊ ရွှေပြည်ဟိန်းကျောင်း၊ ပြည်သာယာ၊ ရွှေတောင်။ (ကျိုက္ကသံဘုရားပါဝင်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉၊ ၀၉-၄၄၃၀၅၆၅၆၉
ရွှေပုံတိုင်ကမ္ဘာ့ဘဏ် - အရှင်စေမာသိရိလင်္ကာ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဇေယျာနန္ဒာရာမ ဝေဠုဝန်တောရလယ်တီဓမ္မရိပ်သာ (ပထမ)အကြိမ်မြောက် သီလရှင်(သီးသန့်) အထူးတရားစခန်းပွဲကြီး

ဇေယျာနန္ဒာရာမဝေဠုဝန်တောရ လယ်တီဓမ္မရိပ်သာ၊ အရှေ့အရိုးတောင်အုပ်စု၊ ဇောတိကျေးရွာ၊ တွံတေးမြို့နယ်၊ (ပထမ) အကြိမ်မြောက် သီလရှင်(သီးသန့်) အပါး(၁၅၀) (၇)ရက်အထူးတရားစခန်းပွဲကြီးကို (၁၃၈၀ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ရက်)၊ ၂၀၁၈ခုနှစ်၊ အောက်တိုဘာလ ၂၆ရက်၊ ညနေမှ (၁၃၈၀ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ရက်)၊ ၂၀၁၈ခုနှစ်၊ နိုဝင်ဘာလ ၃ရက်၊ နံနက်ထိ (၇)ရက်အထူးတရားစခန်းကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပပါမည်။ တရားစခန်းဝင်လိုသော ဆရာကြီး၊ ဆရာလေးများတို့သည် ရတနာမဥ္ဇူဓမ္မရိပ်သာသို့ (၁၃၈၀ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ရက်)၊ ၂၀၁၈ခုနှစ်၊ အောက်တိုဘာလ ၂၆ရက်၊ မွန်းလွဲ ၁နာရီထက် နောက်မကျစေဘဲ အရောက်လာရပါမည်။

ရတနာမဥ္ဇူဓမ္မရိပ်သာမှ ကားအကြိုအပို့ ရှိပါသည်။

ယောဂီစာရင်းများကို ကြိုတင်လက်ခံနေပါပြီ။

(၁) အာရုဏ်ဆွမ်း	၁၀၀၀၀၀ိ ကျပ်
(၂) နေ့ဆွမ်း	၂၀၀၀၀၀ိ ကျပ်
(၃) အချိုပွဲ	၅၀၀၀၀ိ ကျပ်
(၄) အအေး	၂၀၀၀၀ိ ကျပ်
(၅) ဓမ္မပူဇာ	၂၀၀၀၀ိ ကျပ်
(၆) ရေ၊ မီး	၁၀၀၀၀ိ ကျပ်
တစ်နေ့တာ ဆွမ်းအလှူငွေ	၄၀၀၀၀၀ိ ကျပ်

အောက်ဖော်ပြပါများကို တတ်စွမ်းသမျှ လှူဒါန်းနိုင်ပါသည်။
(၁) အသွား/အပြန် ခရီးစရိတ် (စစ်ကိုင်းမှ ရန်ကုန်)
(၂) ခရီးသွားလက်ဆွဲအိတ်

ရတနာမဥ္ဇူဓမ္မရိပ်သာ **(အကျိုးတော်ဆောင်အဖွဲ့)**
ဆက်သွယ်ရန်-ဆရာတော် ဖုန်း-၀၉-၇၉၃၆၄၄၉၃၀
၀၉-၅၁၉၇၀၂၇ ၀၉-၇၇၅၃၆၇၃၄၄
၀၁-၉၆၆၃၈၀၂ ဇေယျာနန္ဒာရာမဝေဠုဝန်တောရလယ်တီဓမ္မရိပ်သာ
၀၉-၄၄၈၅၃၄၅၁၃ ဇောတိကျေးရွာ၊ တွံတေးမြို့နယ်။
၀၉-၇၉၃၉၅၇၃၉၂

နှစ်သက်ရာတတ်စွမ်းသမျှလှူဒါန်းနိုင်ပါသည်။

တစ်ချက်တည်းကျင်းဝင်

(ရန်ကုန်ဂေါက်အသင်း၊ တညင်းကုန်း)

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၆ရက်၊ မွန်းလွဲ ၂း၁၂နာရီတွင် ရန်ကုန်ဂေါက်အသင်း (တညင်းကုန်း)၌ ဦးဝင်းအောင်သည် ၎င်း၏ကစားဖော်များဖြစ်ကြသော ဦးစိုင်းဆိုင်၊ Mr.LAI XUZ JUM တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၁၁)ကို (၁၂၃)ကိုက်အကွာမှ Taylor Made-3 ဘောလုံးအား XXIO (8)တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းကျင်းဝင်သွားပါသည်။

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

(Used)

၁။ TOYOTA Probox 1500 CC,GL2012
ပဲခူး၊ စတိ၊ လူအမည် ဖောက်ထားပြီး ခဲရောင်၊ အဖြူ

၂။ TOYOTA Alphard MZG (Adision) 2007 Pearl White 3000CC, 2wd, (7) Seats,G.4,3N,38XX (YGN)
ပိုင်ရှင်အမည် ဖောက်ထားပြီး (အိမ်မှာရပ်ထား လုံးဝမစီး)

၃။ TOYOTA Failder X 2011, အညို စတိ လူအမည် ဖောက်ထားပြီး (YGN, စတိ)

၄။ HONDA Fit GE-6 2011,Pearl White, L တခြမ်း စတိ၊ ပဲခူး-မန်း အမည်ပေါက်ရမည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၂၆၅၁၃၁၀၈၀၊ ၀၉-၇၆၅၁၃၁၀၈၀၊
၀၉-၂၅၄၂၄၉၅၀၅၊ ၀၉-၃၃၂၄၄၇၆၄

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဝရဇာ(၄)လမ်း၊ (အောက်)၊ အမှတ်(၅၈၄)၊ ၅လွှာ(ခေါင်းရင်းခန်း) ပေ(၁၉×၅၀)အကျယ်တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်ပိုင်ဆိုင်၍ ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းကြောင်း ဝန်ခံပြောဆိုရောင်းချသူ ဦးဇော်မင်းထွန်း[၁၂/ဥကတ(နိုင်)၀၅၉၀၀၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် တန်ဖိုးငွေအချို့တစ်ဝက် ပေးချေထားပြီးဖြစ်ပါသည်။ ၁-၁၂-၂၀၁၈ရက်တွင် ထပ်မံငွေပေးချေ၍ ယင်းတိုက်ခန်းအား တရားဝင်လက်ရောက်ရယူပြီး အပြီးအပိုင်အရောင်းအဝယ်ပြုလုပ်သွားကြရန် စီစဉ်ပြီးဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်အတူ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-ဒေါ်မြင့်မြင့်လွင်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၇)
အမှတ်-၅၀၊ ပထမထပ်၊ အခန်း(A-4)၊ ဘဂ်လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၂၈၅၅၆

"ပန်းစွယ်တော်" ကုန်အမှတ်တံဆိပ် ဒီဇိုင်းကို ဆင်တူယိုးမှား တုပပြုလုပ်သုံးစွဲနေသူများနှင့် အများသိရှိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်သိန်းဦး(ခ)ဒေါ်ဝါဝါဦး [၁၂/ပဇတ(နိုင်)၀၂၇၆၆၃] (ပန်းစွယ်တော် Business Group) လွှဲအပ်ညွှန်ကြားချက်အရ အများသိရှိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေသည် အထက်ပါ ပန်းစွယ်တော်အမည်ကို ကိုယ်ပိုင်အမှတ်အသား (Logo)ပြုလုပ်၍ မိမိ၏စားသောက်ဆိုင်လုပ်ငန်းတွင် Trade Markအဖြစ် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၊ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၄/၁၃၇၇/၂၀၁၁)အရ မိမိတစ်ဦးတည်း မူပိုင်သုံးစွဲလျက်ရှိပါသည်။

ကျွန်ုပ်၏မိတ်ဆွေသည် "ပန်းစွယ်တော်" စားသောက်ဆိုင်များကို အောက်ပါလိပ်စာနေရာများတွင် ဆိုင်ခွဲများ ဖွင့်လှစ်ရောင်းချလျက်ရှိပါသည်။ ဆိုင်ခွဲများမှာ-
(၁) Myanmar Culture Valley (ပြည်သူ့ဥယျာဉ်)
(၂) Myanmar Plaza (ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်)
(၃) Junction Square (ကမာရွတ်မြို့နယ်)
(၄) Junction Mawtin
(၅) Ocean Centre (North point၊ မရမ်းကုန်းမြို့နယ်)
(၆) Dagon Centre II (စမ်းချောင်းမြို့နယ်)
(၇) Junction Nay Pyi Taw (နေပြည်တော်)တို့တွင် ဖွင့်လှစ်ထားပါသည်။

ထိုသို့ ဆိုင်ခွဲများ ဖွင့်လှစ်ရောင်းချရာတွင် ကောင်းမွန်ပြည့်စုံသောအရသာ၊ အရည်အသွေး၊ ဝန်ဆောင်မှုများကြောင့် အများပြည်သူတို့၏ အားပေးမှုကိုရရှိနေပါသည်။

"ပန်းစွယ်တော်" အမည်ဂုဏ်သတင်းကောင်းမွန်မှုကြောင့် ပန်းစွယ်တော်အမည်နှင့် အမှတ်အသား(Logo) တို့ကို ဒီဇိုင်း၊ ပုံစံတူ၊ ဆင်တူယိုးမှားပြုလုပ်၍ စားသောက်ဆိုင်လုပ်ငန်းဖွင့်လှစ်ဆောင်ရွက်နေခြင်းနှင့် Onlineပေါ်မှပင် ကြေညာနေခြင်းများကို မြင်တွေ့သိရှိနေရပါသည်။

ကျွန်ုပ်၏မိတ်ဆွေအနေဖြင့် "ပန်းစွယ်တော်" စားသောက်ဆိုင်များကို အထက်ပါနေရာများမှလွဲ၍ အခြားမည်သည့်နေရာတွင်မှ ဆိုင်ခွဲဖွင့်လှစ်ထားခြင်းမရှိပါ။

ထို့အတူ "ပန်းစွယ်တော်"စားသောက်ကုန်လုပ်ငန်းတွင်လည်း မည်သူတစ်ဦးတစ်ယောက်ကိုမျှ ကိုယ်စားလှယ်အဖြစ် ဖွင့်လှစ်ရန်ခွင့်ပြုထားခြင်း၊ အစုရှယ်ယာအဖြစ် ပါဝင်ခွင့်ပြုထားခြင်း မရှိပါ။

သို့ဖြစ်ပါ၍ "ပန်းစွယ်တော်" အမည်ဖြင့် ကုန်အမှတ်တံဆိပ်အမှတ်အသား (Logo)များကို တိုက်ရိုက်ဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ ထပ်တူညီဖြစ်စေ တုပပြုလုပ်သုံးစွဲခြင်း မပြုကြပါရန် သတိပေးတားမြစ်အပ်ပါသည်။ အကယ်၍ ယင်းသို့ တုပပြုလုပ်သုံးစွဲနေခြင်းကို ဆက်လက်လုပ်ဆောင်နေမည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီ ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ ထိရောက်စွာ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးလှဝင်း တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၆၈)
၂၂/၆ လွှာ၊ နွယ်သာကီလမ်း၊ အလုံမြို့နယ်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

